# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်　၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ တနင်္လာနေ့　အတွဲ (၆၀)၊ အမှတ် (၁၄၇)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးနှင့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ ပိတ်ပွဲအခမ်းအနားတို့သို့ တက်ရောက်

## အာရှ-ပစိဖိတ် (၁၅)နိုင်ငံ ပါဝင်သည့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို မြန်မာ ပါဝင်လက်မှတ်ရေးထိုး




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ်မြောက် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။

သတင်းစဉ်

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ်မြောက် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးနှင့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ ပိတ်ပွဲအခမ်းအနားတို့သို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ခဲ့သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ▼


**ရန်ကုန်တက္ကသိုလ်၏ သုတ၊ ရသစာပေ အစဉ်အလာ**

ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး စာ ၂၄၊ ၂၅

**အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လေထုညစ်ညမ်းမှု အခြေအနေပိုဆိုးလျက်ရှိ**

နိုင်ငံတကာသတင်း စာ ၁၄


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# နိုင်ငံရေးနှင့် သတ္တိ

နိုင်ငံရေးလုပ်သည်ဆိုခြင်းမှာ အများအကျိုးအတွက် မိမိ၏ကိုယ်ကျိုးစီးပွားကို အနည်းနှင့်အများဆိုသလို စွန့်လွှတ်အနစ်နာခံကြရသည်ချည်းသာ။ ထို့ကြောင့်ပင် နိုင်ငံရေးသမားသည် ခံစားတတ်သော နှလုံးသားရှိဖို့ လိုအပ်သလို၊ စဉ်းစားတွေးတော မြော်မြင်နိုင်သော အသိဉာဏ်ရှိဖို့လည်း လိုသည်သာ။ အကျင့်သိက္ခာကောင်းဖို့လိုသလို ရင့်ကျက်မှုရှိဖို့၊ ဇွဲရှိဖို့၊ ဝီရိယကြီးဖို့လည်း လိုပါမည်။

နိုင်ငံရေးသမားတို့အတွက် ပဓာနကျဆုံး လိုအပ်ချက်တစ်ခုမှာ သတ္တိဖြစ်သည်ဟုလည်း အဆိုရှိပါသည်။ နိုင်ငံရေးလုပ်သူသည် သတ္တိရှိမှဖြစ်မည်။ ဆုံးဖြတ်ရမည်ကို သတ္တိရှိရှိ ဆုံးဖြတ်ရ၏။ လုပ်ဆောင်ရမည့်လုပ်ငန်းကို သတ္တိရှိရှိ ပိုင်းပိုင်းဖြတ်ဖြတ် ဆောင်ရွက်ရ၏။ ထို့အတူပင် မိမိ၏ အမှားအယွင်းကိုလည်း သတ္တိရှိရှိ တာဝန်ခံရဲရန်လိုပါသည်။ အောင်မြင်မှုကို ရဲရဲယူရသလို ဆုံးရှုံးမှုကို သတ္တိရှိရှိ လက်ခံနိုင်ဖို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံရေးသမားတို့သည်ကား ပို၍သတ္တိရှိဖို့လိုသည်ဟု ဆိုရမည်ထင်သည်။ မြန်မာနိုင်ငံအတွက် နိုင်ငံရေးဟူသည် အညှာပြဿနာတစ်ခုဖြစ်၏။ နိုင်ငံရေးတည်ငြိမ်မှုမရှိခြင်းက နိုင်ငံ၏ နိုင်ငံရေး အခက်အခဲများသာမက စီးပွားရေးအကျပ်အတည်း၊ လူမှုရေးမညီမျှမှု၊ ယဉ်ကျေးမှုရေးရာ အရှုပ်အထွေးများ စသည်တို့ကို ဖန်တီးပေးနေသည်ဟု ဆိုရပါမည်။

ပြည်သူလူထုကလည်း နိုင်ငံရေးတည်ငြိမ်မှုရှိလျှင်၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနှင့်သာ အေးအေးချမ်းချမ်း ဖြေရှင်းနိုင်မည်ဆိုလျှင် တိုင်းပြည်၏ ပူလောင်နေမှုတို့ များစွာလျော့ကျသွားလိမ့်မည်ဟု ယူဆကြသည်။ ပြည်သူလူထုသည် ထိုယုံကြည်မှုအပေါ်တွင် အခြေတည်၍ နိုင်ငံရေးစနစ်အပြောင်းအလဲကို မျှော်ရင်းနေထိုင်ရပ်တည်ခဲ့ကြသည်။ နှစ်ပေါင်းများစွာ။ ရာစုနှစ်ဝက်ကျော်။

အခါအခွင့်သင့်တိုင်း ထိုနိုင်ငံရေးစနစ်၏ အမှားအယွင်းကြီးကို အကြောင်းပြု၍ ဖြစ်ပေါ်သမျှသော မတရားမှုတို့ကို ဆန့်ကျင်ကြရန် အားထုတ်ခဲ့ကြသည်။ ထိုသို့သော နိုင်ငံရေးလှုပ်ရှားမှုတို့ကြောင့် မြန်မာပြည်သူတို့အပေါ် ဖိစီးနှိပ်စက်မှုများ၊ ညှဉ်းပန်းမှုများက ပိုမို တင်းကျပ်လာခဲ့သည်။ ပြည်သူတို့မှာ ထိခိုက်နစ်နာမှု အမျိုးမျိုး၊ မွန်းသိပ်မှုအမျိုးမျိုးတို့ကို နင့်နင့်နဲနဲ ခံစားခဲ့ကြရသည်။

ထိုသို့သော ဖိနှိပ်မှုများကြောင့် ဆန့်ကျင်မှု၊ တွန်းလှန်မှုတို့ကလည်းများလာသည်။ အကျိုးဆက်ကား အများအပြားသော ပြည်သူတို့သည် အာဏာရှင်တို့၏ အကျဉ်းထောင်များ၊ အချုပ်ခန်းများ၊ စစ်ကြောရေးစခန်းများတွင် ပြည့်လာသည်။ ဆရာဝန်၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ အစရှိသော ပညာတတ်များ၊ တက္ကသိုလ်ကျောင်းသားလူငယ်များကအစ ပြည်သူ့အစိတ်အပိုင်းအသီးသီးသည် နိုင်ငံရေးတက်ကြွလှုပ်ရှား ဦးဆောင်သူများဖြစ်လာသည်။ ကိုလိုနီနယ်ချဲ့ခေတ်က သခင်ပေါက်စထောင်ခြောက်လဆိုသကဲ့သို့ အာဏာရှင်ခေတ်တွင် နိုင်ငံရေးလုပ်သည်ဆိုခြင်းမှာ ထောင်နှုတ်ခမ်းပေါ် ကြိုးတန်းလျှောက်နေခြင်းဟု ဆိုရိုးရှိခဲ့သည်။

နောက်တော့ထောင်ကျ တန်းကျဆိုသည်မှာပင် နိုင်ငံရေးလုပ်နေသူတို့အတွက် အဆန်းမဟုတ်တော့။ နှိပ်စက်ညှဉ်းပန်းမှုများကြောင့် ထိခိုက်နစ်နာမှုများ အသက်ဆုံးရှုံးရသည်များဖြင့် လွန်စွာကြမ်းတမ်းသော မြန်မာ့နိုင်ငံရေးခရီးဖြစ်လာသည်။

ထိုနိုင်ငံရေးခရီးက များစွာလျှောက်လှမ်းကြရပေဦးမည်။ ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်ရှိသော နိုင်ငံအဖြစ်၊ စီးပွားရေးခိုင်မာတောင့်တင်းသော နိုင်ငံအဖြစ်၊ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံအဖြစ်၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအဘက်ဘက်တွင် ဂုဏ်သိက္ခာကြီးမြင့်သော နိုင်ငံအဖြစ် တည်နိုင်ရေးအတွက် နိုင်ငံရေးခေါင်းဆောင်တို့နှင့် ပြည်သူလူထုသည် လက်တွဲရင်ဆိုင်လျှောက်လှမ်းကြရဦးမည်။

ထိုခရီးသည် ရှည်ရှည်လျားလျားသွားရဦးမည်ဟု မှန်းဆထားကြပြီးဖြစ်သည်။ လွယ်ကူအေးချမ်းသော ခရီးဖြစ်လိမ့်မည်ဟု မျှော်လင့်ထား၍မရ။ နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ရသော စနစ်က အရိပ်ထိုးနေဆဲဖြစ်ရာ ချောမွေ့သင်းပျံ့သော လမ်းသက်သက်ဖြစ်ချင်မှ ဖြစ်မည်။

ထိုသို့သော အနာဂတ်မြန်မာ့နိုင်ငံရေးခရီးကို ဦးဆောင်လျှောက်လှမ်းကြမည့် နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးတက်ကြွသူများ သတ္တိရှိကြဖို့တော့လိုမည်ဟု တင်ပြလိုက်ရပါသည်။ ။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ
## COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- ❖ COVID–19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID–19 ရောဂါပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ❖ ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- ❖ သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂) ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ❖ ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည် လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- ❖ သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- ❖ အမျိုးသားသွေးဌာနမှ COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID–19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- ❖ သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉-၅၁၃၀၄၁၈
  - ၀၉-၅၄၀၂၀၉၈
  - ၀၉-၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## လှိုင်သာယာမြို့နယ်အရှေ့ပိုင်းနှင့်အနောက်ပိုင်းမြို့နယ်တို့ရှိ အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ မြို့နယ်ပေါင်း ကိုးမြို့နယ်မှ မိမိနေအိမ်တွင် နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်သော ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုတို့အတွက် စတုတ္ထအကြိမ်မြောက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် နိုင်ငံတော်က ထောက်ပံ့ပေးလျက်ရှိသည်။

လှိုင်သာယာမြို့နယ်(အရှေ့ပိုင်း)ရှိ အမှတ် (၁) ရပ်ကွက်မှ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၁၅)ရပ်ကွက်နှင့် ရှမ်းချောင်းကျေးရွာအုပ်စု၊ ညောင်ရွာ၊ ရေဥက္ကံ၊ ရွှေလင်ပန်းနှင့် ကစင်ကျေးရွာအုပ်စုတို့တွင် အိမ်ထောင်စုပေါင်း ၁၁၀၆၀၄ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၄၂၄၁၆၀၀၀၀ ကို လည်းကောင်း၊ လှိုင်သာယာမြို့နယ်(အနောက်ပိုင်း) အမှတ် (၉)ရပ်ကွက်မှ (၁၃ )ရပ်ကွက်နှင့် အမှတ် (၁၄)ရပ်ကွက်မှ အမှတ် (၂၀)ရပ်ကွက်၊ အတွင်းပဒံကျေးရွာအုပ်စု၊ အပြင်ပဒံကျေးရွာအုပ်စု၊ ကုလားကြီးကျေးရွာအုပ်စုနှင့် အလယ်ကျေးရွာအုပ်စုတို့မှ အိမ်ထောင်စု ၁၀၁၀၈၅ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၀၄၃၄၀၀၀၀ ကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများက လိုက်လံထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်က စတုတ္ထအကြိမ်မြောက် ထောက်ပံ့ငွေများ ထောက်ပံ့ရာ၌ စာရင်းဝင်အိမ်ထောင်စုအားလုံးအတွက် ပေးအပ်ရန် ကျန်ရှိသော ရပ်ကွက်/ကျေးရွာများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ**


## ပခုက္ကူမြို့နယ် သမဝါယမအသင်းစုမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်

**ပခုက္ကူ နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ အသင်းသားတောင်သူများက ဆောင်းသီးနှံများ ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် ပခုက္ကူမြို့နယ် သမဝါယမအသင်းစု လယ်ယာဝန်ဆောင်မှုလုပ်ငန်းမှ ထွန်စက်များဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်သမဝါယမအသင်းစုပိုင် (90)HP ဆိုနာလီကာ၊ (60)HP ဒေဒေါင်းထွန်စက်များအသုံးပြု၍ တစ်နာရီလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ဒေသ ပေါက်ဈေးထက် သက်သာသောနှုန်းနှင့် ထွန်ယက်ပေးလျက်ရှိသည်။

ထွန်ယက်ခများအား လက်ငင်းပေးချေခြင်း၊ သီးနှံပေါ်ပေးစနစ်ဖြင့် ပေးချေခြင်းများ ဆောင်ရွက်ခဲ့ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် အသင်းသား တောင်သူများတွင် စိုက်ပျိုးချိန်အမီ ထွန်ယက်ရသည့်အတွက် သီးနှံများအထွက်တိုးပြီး ဝင်ငွေများတိုးပွားလာသည့် အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**သတင်းစဉ်**








ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့မှောက်တွင် မြန်မာနိုင်ငံကိုယ်စား ပါဝင်လက်မှတ်ရေးထိုးပြီး မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

▼ *ရှေ့ဖုံးမှ*

## ပါဝင်တက်ရောက်

ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Nguyen Xuan Phuc က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ထိပ်သီးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့မှ ခေါင်းဆောင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

## ကုန်သွယ်ရေးသဘောတူစာချုပ် တစ်ခုဖြစ်

ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များက ဒေသအနေဖြင့် COVID-19 ရောဂါကို အောင်မြင်စွာ ရင်ဆိုင်တုံ့ပြန်နိုင်ရန်အတွက် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်သည် အရေးကြီးကြောင်း၊ အားလုံးပါဝင်ပြီး တာရှည်ခံသည့် ကူးစက်ရောဂါအလွန် စီးပွားရေးပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်မှတစ်ဆင့် ဒေသ၏ ကြံ့ကြံ့ခံနိုင်စွမ်းကို တည်ဆောက်ရာတွင် သဘောတူစာချုပ်သည် အရေးပါသည့် အခန်းကဏ္ဍမှ ဆက်လက်ပါဝင်မည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာမူဘောင်များတွင် အာဆီယံ၏အချက်အချာကျမှုကို တိုးမြှင့်ရာ၌ အထောက်အကူပြုပြီး အာဆီယံနှင့် ဒေသဆိုင်ရာမိတ်ဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်ခိုင်မာစေမည့် အဆိုပါသဘောတူစာချုပ်သည် အာဆီယံက ဦးဆောင်သည့် ရည်မှန်းချက်အကြီးမားဆုံးသော လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ် တစ်ခုဖြစ်ကြောင်း၊ သဘောတူစာချုပ်ကို လွတ်လပ်ပွင့်လင်းပြီး အားလုံးပါဝင်သည့် သဘောတူစာချုပ် တစ်ခုအဖြစ် ဆက်လက်တည်ရှိစေရန် ကတိကဝတ်ပြုကြောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။




ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အာဆီယံ ဥက္ကဋ္ဌအထိမ်းအမှတ် တူကို ဗီယက်နမ်နိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံ သံအမတ်ကြီးထံသို့ လွှဲပြောင်းပေးအပ်စဉ်။ သတင်းစဉ်

## စီးပွားရေးပြန်လည်နာလန်ထူခြင်းကို ကူညီ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဗိသုကာအပေါ် အများ၏ယုံကြည်လက်ခံမှုနှင့် စီးပွားရေးအသိုင်းအဝိုင်း၏ ယုံကြည်ကိုးစားမှုတို့ကို ထိန်းသိမ်းရန်နှင့် ဒေသအတွင်း စီးပွားရေးပြန်လည်နာလန်ထူခြင်းကို ကူညီဖြည့်ဆည်းပေးရန်အတွက် မိမိတို့၏ ကတိကဝတ်ကို ယခုကုန်သွယ်ရေးသဘောတူစာချုပ်က ကမ္ဘာသို့ အခိုင်အမာ ထုတ်ဖော်ပြသလိမ့်မည်ဖြစ်ကြောင်း၊ ကောင်းမွန်စွာ ဖွဲ့စည်းထား၍ ထိရောက်မှုရှိပြီး စည်းမျဉ်းကို အခြေခံသည့် နိုင်ငံစုံကုန်သွယ်ရေးစနစ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် သဘောတူစာချုပ်သည် ကုန်သွယ်ရေးနှင့်

*စာမျက်နှာ ၄ သို့*

**ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဗိသုကာအပေါ် အများ၏ယုံကြည်လက်ခံမှုနှင့် စီးပွားရေးအသိုင်းအဝိုင်း၏ ယုံကြည်ကိုးစားမှုတို့ကို ထိန်းသိမ်းရန်နှင့် ဒေသအတွင်း စီးပွားရေးပြန်လည်နာလန်ထူခြင်းကိုကူညီဖြည့်ဆည်းပေးရန်အတွက်မိမိတို့၏ ကတိကဝတ်ကို ယခုကုန်သွယ်ရေးသဘောတူစာချုပ်က ကမ္ဘာသို့ အခိုင်အမာထုတ်ဖော်ပြသလိမ့်မည်ဖြစ်၊ ကောင်းမွန်စွာဖွဲ့စည်းထား၍ ထိရောက်မှုရှိပြီး စည်းမျဉ်းကိုအခြေခံသည့်နိုင်ငံစုံကုန်သွယ်ရေးစနစ်၏ အစိတ်အပိုင်းတစ်ခုအဖြစ်သဘောတူစာချုပ်သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေးအတွက် မောင်းနှင်အားအသစ် တစ်ခုဖြစ်လာလိမ့်မည်ဖြစ်၊ သဘောတူစာချုပ်တွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့**

# အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် နီကာရာဂွါသမ္မတနိုင်ငံ သမ္မတနှင့် ဒုတိယသမ္မတတို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၅

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအပေါ် နီကာရာဂွါသမ္မတနိုင်ငံ သမ္မတနှင့် ဒုတိယသမ္မတတို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ-

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ နီကာရာဂွါသမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ဒန်နီရယ် အော်တေဂါ ဆာဗီဒြာ နှင့် ဇနီးဖြစ်သူ ဒုတိယသမ္မတ မစ္စ ရိုစာရီယို မူရီလို တို့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အောင်နိုင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း၊ ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက်လည်း မြန်မာပြည်သူများကို ဂုဏ်ပြုပါကြောင်း၊

ငြိမ်းချမ်းရေး၊ ချမ်းသာသုခကြွယ်ဝမှုနှင့် အပြန်အလှန်နားလည်မှုတို့ ရရှိစေရန်အတွက်လည်း ဆုတောင်းမေတ္တာ ပို့သလိုပါကြောင်း၊

ယခုနှစ်တွင် မြန်မာနိုင်ငံနှင့် နီကာရာဂွါနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှုကို ထူထောင်နိုင်ခဲ့သည့်အတွက်လည်း နီကာရာဂွါအစိုးရနှင့် ပြည်သူလူထုအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ငြိမ်းချမ်းမှု၊ တရားမျှတမှုနှင့် ထိတွေ့ဆွေးနွေးမှုတို့ရှိသည့် ကမ္ဘာဖြစ်စေရန်အတွက် အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊







နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ ပိတ်ပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်စဉ်။

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် မောင်းနှင်အား အသစ် တစ်ခုဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ သဘောတူစာချုပ်တွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

### ပါဝင်လက်မှတ်ရေးထိုး

ထိပ်သီးအစည်းအဝေးအပြီးတွင် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ရှေ့မှောက်တွင် မြန်မာနိုင်ငံကိုယ်စား ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ အာရှ-ပစိဖိတ်ဒေသရှိ (၁၅) နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးသည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်သည် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့စီးပွားရေး၏ ၃၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ကုန်သွယ်ရေး၏ ၂၈ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုသည်။

### လွှဲပြောင်းပေးအပ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲပိုင်းတွင် ကျင်းပသည့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားနှင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ဘရူနိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပြီးနောက် အာဆီယံဥက္ကဋ္ဌအထိမ်းအမှတ်တူကို ဗီယက်နမ်နိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံသံအမတ်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ဘရူနိုင်းဘုရင်မင်းမြတ်က မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ စတုတ္ထအကြိမ်မြောက် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးနှင့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများပိတ်ပွဲ အခမ်းအနားတို့သို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ဒီပါဝလီပွဲတော် အထိမ်းအမှတ် ဆီမီးထွန်းညှိပူဇော်ပွဲ အခမ်းအနားကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ် ဟိန္ဒူ ဖောင်ဒေးရှင်း (ဗဟို) က ကြီးမှူးကျင်းပသည့် ဒီပါဝလီပွဲတော်အထိမ်းအမှတ် ဆီမီးထွန်းညှိပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၅၄) လမ်းရှိ အဆိုပါ ဖောင်ဒေးရှင်းရုံး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းလွင်၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုးဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးချစ်ဝင်း၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးကျော်မင်းထွန်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ဆီမီးထွန်းညှိ၍ ဖွင့်လှစ်ပေးကြပြီး ဖောင်ဒေးရှင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာကို ဗဟိုအလုပ်အမှုဆောင် ဦးဆန်းမင်းနိုင်က ဖတ်ကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၏ ဒီပါဝလီအထိမ်းအမှတ် မေတ္တာသြဝါဒကို Video Message ဖြင့် ဆုတောင်းပေးခြင်းကို ဖွင့်လှစ်ပြသသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးက တမီလ် ဘာသာဖြင့် အသင်း၏ လုပ်ဆောင်ချက်အကျဉ်းနှင့် ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသူများက ဆုတောင်းမေတ္တာ ပို့သကြသည်။ **သတင်းစဉ်**



❖ ကျောဖုံးမှ

| စဉ် | ပါတီ / တစ်သီးပုဂ္ဂလ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၇ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ | ၁ | ၇ | - | ၁၁ |
| ၈ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ | ၃ | ၃ | - | ၈ |
| ၉ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ | - | ၃ | - | ၄ |
| ၁၀ | ရခိုင့်ဦးဆောင်ပါတီ | ၁ | - | ၂ | - | ၃ |
| ၁၁ | ‘ဝ’အမျိုးသားပါတီ | ၁ | - | ၂ | - | ၃ |
| ၁၂ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | ၂ |
| ၁၃ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ | - | ၁ | - | ၂ |
| ၁၄ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ | ၁ | ၂ |
| ၁၅ | ဒီမိုကရေစီပါတီသစ်(ကချင်) | - | ၁ | ၁ | - | ၂ |
| ၁၆ | ကယန်းအမျိုးသားပါတီ | - | - | - | ၁ | ၁ |
| ၁၇ | ကရင်ပြည်သူ့ပါတီ | - | - | ၁ | - | ၁ |
| ၁၈ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ | - | ၁ |
| ၁၉ | ချင်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | - | - | ၁ | - | ၁ |
| ၂၀ | တစ်သီးပုဂ္ဂလ | - | - | ၂ | ၂ | ၄ |
| | စုစုပေါင်း | ၃၁၅ | ၁၆၁ | ၆၁၂ | ၂၉ | ၁၁၁၇ |

၄။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီးအတွက် ပါတီကိုယ်စားပြု/တစ်သီးပုဂ္ဂလကိုယ်စားပြု ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းများအားလုံးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထပ်ဆင့်ထုတ်ပြန်ပြီးဖြစ်ကြောင်း မဲဆန္ဒရှင်ပြည်သူများသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၆၄ /၂၀၂၀ )
၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက် ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | ကချင်ပြည်နယ် | | | |
| (၁) | ဦးခင်မောင်မြင့်(ခ) ဦးဒိတ် | ၅/ရဥန(နိုင်)၀၂၆၃၉၁ | ဗမာ တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂) | ဦးစိုင်းစိန်လင်း | ၁၂/မဂတ(နိုင်)၀၂၉၀၁၈ | ရှမ်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃) | ဦးရွှေမင်း(ခ) ဆီဖာလာလူး | ၁/မကန(နိုင်)၁၀၃၇၈၉ | လီဆူ တိုင်းရင်းသား | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ |
| (၄) | ဦးချန်းဆင်ဇီ(ခ) ဂျော်ရ်ရမ် | ၁/ခဘဒ(နိုင်)၀၀၅၆၆၄ | ရဝမ် တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၉-၁၁-၂၀၂၀ မှ ၁၅-၁၁-၂၀၂၀ ရက်နေ့ နံနက် ၉:၀၀ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရာနှုန်းပြည့်အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်း

| စဉ် | အနိုင်ရပါတီ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုးများ) လွှတ်တော် |
|---|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၈ ဦး | ၁၃၈ ဦး | ၅၀၁ ဦး | ၂၃ ဦး |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆ ဦး | ၇ ဦး | ၃၈ ဦး | - |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃ ဦး | ၂ ဦး | ၂၇ ဦး | - |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၄ ဦး | ၄ ဦး | ၇ ဦး | - |
| ၅။ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ ဦး | ၂ ဦး | ၇ ဦး | - |
| ၆။ | မွန်ညီညွတ်ရေးပါတီ | ၂ ဦး | ၃ ဦး | ၆ ဦး | ၁ ဦး |
| ၇။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ ဦး | ၁ ဦး | ၇ ဦး | - |
| ၈။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ ဦး | ၃ ဦး | ၃ ဦး | - |
| ၉။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ ဦး | - | ၃ ဦး | - |
| ၁၀။ | ရခိုင့်ဦးဆောင်ပါတီ | ၁ ဦး | - | ၂ ဦး | - |
| ၁၁။ | ‘ဝ’အမျိုးသားပါတီ | ၁ ဦး | - | ၂ ဦး | - |
| ၁၂။ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ ဦး | ၁ ဦး |
| ၁၃။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ ဦး | - | ၁ ဦး | - |
| ၁၄။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | - | - | ၁ ဦး | ၁ ဦး |
| ၁၅။ | ဒီမိုကရေစီပါတီသစ်(ကချင်) | - | ၁ ဦး | ၁ ဦး | - |
| ၁၆။ | ကယန်းအမျိုးသားပါတီ | - | - | - | ၁ ဦး |
| ၁၇။ | ကရင်ပြည်သူ့ပါတီ | - | - | ၁ ဦး | - |
| ၁၈။ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ ဦး | - |
| ၁၉။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | ၁ ဦး | - |
| ၂၀။ | တစ်သီးပုဂ္ဂလ | - | - | ၂ ဦး | ၂ ဦး |
| | စုစုပေါင်း | ၃၁၅ ဦး | ၁၆၁ ဦး | ၆၁၂ ဦး | ၂၉ ဦး |

## အနိုင်ရပါတီများကိုယ်စားလှယ်လောင်းဦးရေစာရင်းချုပ်

| စဉ် | ပါတီအမည် | အရေအတွက် |
|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၉၂၀ ဦး |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၁ ဦး |
| ၃။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၄၂ ဦး |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၁၅ ဦး |
| ၅။ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၁၂ ဦး |
| ၆။ | မွန်ညီညွတ်ရေးပါတီ | ၁၂ ဦး |
| ၇။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၁ ဦး |
| ၈။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၈ ဦး |
| ၉။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၄ ဦး |
| ၁၀။ | ရခိုင့်ဦးဆောင်ပါတီ | ၃ ဦး |
| ၁၁။ | ‘ဝ’အမျိုးသားပါတီ | ၃ ဦး |
| ၁၂။ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂ ဦး |
| ၁၃။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂ ဦး |
| ၁၄။ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂ ဦး |
| ၁၅။ | ဒီမိုကရေစီပါတီသစ်(ကချင်) | ၂ ဦး |
| ၁၆။ | ကယန်းအမျိုးသားပါတီ | ၁ ဦး |
| ၁၇။ | ကရင်ပြည်သူ့ပါတီ | ၁ ဦး |
| ၁၈။ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁ ဦး |
| ၁၉။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ ဦး |
| ၂၀။ | တစ်သီးပုဂ္ဂလ | ၄ ဦး |
| | စုစုပေါင်း | ၁၁၁၇ ဦး |

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကိုယ်စား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့နံနက် ၈ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် (၁၁)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။** (ယာပုံ)






ထိပ်သီး အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Nguyen Xuan Phuc က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ထိပ်သီးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ၊ ၎င်းတို့၏ ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

အစည်းအဝေးတွင် ခေါင်းဆောင်များက အနာဂတ်တွင် အာဆီယံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့်အခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ခေါင်းဆောင်များက COVID-19 ကူးစက်ရောဂါကြောင့် ပေါ်ပေါက်လာသည့် မကြုံစဖူးစိန်ခေါ်မှုများကို အသိအမှတ်ပြုလျက် ဘေးကင်းလုံခြုံ၍ ထိရောက်မှုရှိပြီး အားလုံးက လက်လှမ်းမီရရှိနိုင်သည့် ကာကွယ်ဆေးများကို ထုတ်လုပ်ရန် အရေးကြီးကြောင်း ဆွေးနွေးပြောကြားပြီး ဒေသအတွင်း၌ တိုးတက်များပြားလာသည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၏ အန္တရာယ်ကို တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။

### စုပေါင်းကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အာဆီယံ-ကုလသမဂ္ဂမိတ်ဖက်ဆက်ဆံရေး တိုးတက်ခိုင်မာလျက်ရှိသည့်အပေါ် ကျေနပ်အားရကြောင်း၊ နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ရေးဝါဒနှင့် နိုင်ငံတကာစည်းလုံးညီညွတ်မှုတို့ကို ပြန်လည်ဆန်းသစ်ခိုင်မာစေရန် အရေးကြီးကြောင်း၊ မဟာဗျူဟာတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရာတွင် လည်းကောင်း၊ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် လက်ရှိအကျပ်အတည်းမှ အားလုံး ပြန်လည်ရုန်းထွက်နိုင်ရေးအတွက် လည်းကောင်း စုပေါင်းကြိုးပမ်းဆောင်ရွက်မှုကို ပိုမိုတိုးတက်ခိုင်မာစေရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ရခိုင်အရေးကိစ္စအပေါ် တုံ့ပြန်ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက နေရပ်စွန့်ခွာသူများ ကိစ္စအပါအဝင် ရခိုင်အရေးကိစ္စကို ဖြေရှင်းရေးမှာ အစိုးရ၏ ဒုတိယသက်တမ်းကာလတွင်လည်း ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရစေကာမူ စိစစ်အတည်ပြုပြီးဖြစ်သည့် နေရပ်စွန့်ခွာသူများကို နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရန် မြန်မာနိုင်ငံအနေဖြင့် ကတိကဝတ်ပြုထားကြောင်း၊ ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာရှည်ခံသည့် အခြေခံအုတ်မြစ်တစ်ရပ်ချမှတ်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လေ့စီးဒုက္ခသည်များကိစ္စနှင့်ပတ်သက်၍ လူကုန်ကူးသူများ၏ သားကောင်များဖြစ်ကြသည့် ၎င်းတို့၏ ဆင်းရဲဒုက္ခခံစားရမှုများအပေါ် စာနာမိပါကြောင်း၊ စီးပွားရေးမလုံခြုံမှု၊ အကြမ်းဖက်အုပ်စုများ (terrorists) နှင့် လူကုန်ကူးသူများ၏ ရာဇဝတ်မှုများအပါအဝင် ပြဿနာ၏မူလဇာစ်မြစ်ကို ဖြေရှင်းရန် လိုအပ်ကြောင်း၊ ယင်းသို့ဖြေရှင်းရာတွင် ပိုမိုကျယ်ပြန့်သည့် ဒေသဆိုင်ရာမူဘောင်အောက်မှ ပြဿနာကို ရှုမြင်သုံးသပ်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အတူ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိများလည်း ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၂၁ မတ်လမှ ဇွန်လအထိ မြန်မာ့လက်ရွေးစင်အသင်း ပြိုင်ပွဲများ ဆက်တိုက်ကစားရမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းသည် ၂၀၂၁ ခုနှစ် မတ်လမှ ဇွန်လအထိ ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယခုနှစ်အတွင်း ကစားရမည့်ပြိုင်ပွဲများကို ရွှေ့ဆိုင်းထားသောကြောင့် မြန်မာအသင်းအနေဖြင့် လေးလ ဆက်တိုက်ပြိုင်ပွဲများ ဆက်တိုက်ကစားရခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့်နှစ်တွင် အာရှအဆင့်နှင့် အာဆီယံအဆင့် အဆင့်အမြင့်ဆုံး ပြိုင်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ခြေစစ်ပွဲဒုတိယအဆင့် အုပ်စုလက်ကျန်ပွဲများကို မတ်လနှင့် ဇွန်လ၊ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ဧပြီလနှင့် မေလတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ခြေစစ်ပွဲ ဒုတိယအဆင့်အုပ်စုလက်ကျန်ပွဲများကို ကျင်းပမည့်ကာလ ထုတ်ပြန်ထားသော်လည်း ကျင်းပမည့်ရက်များ ထုတ်ပြန်ခြင်းမရှိသေးဘဲ အာဆီယံဘောလုံးအဖွဲ့ချုပ်မှာမူ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ဧပြီ ၁၁ ရက်မှ မေ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ထားသည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၀ နှစ်ကုန်ပိုင်းတွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး ဧပြီလတွင် ပြန်လည်ကျင်းပခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်မှုအရ မြန်မာအသင်းအနေဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲများကို မတ်လတွင် နှစ်ပွဲ၊ ဇွန်လတွင် တစ်ပွဲကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် သုံးပွဲကစားရန်ကျန်ရှိနေပြီး ဂျပန်အသင်းနှင့် အဝေးကွင်းပွဲ၊ ကာဂျစ္စတန်နှင့် အိမ်ကွင်းပွဲကို မတ်လတွင် လည်းကောင်း၊ တာဂျစ်ကစ္စတန်နှင့် အဝေးကွင်းပွဲကို ဇွန်လတွင်လည်းကောင်း ယှဉ်ပြိုင်ကစားရန်ရှိနေသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့်နှစ်တွင် ပြိုင်ပွဲများဆက်တိုက် ယှဉ်ပြိုင်ရမည် ဖြစ်သော်လည်း ကပ်ရောဂါအခြေအနေကြောင့် လက်ရှိအချိန်ထိ လေ့ကျင့်နိုင်ခြင်းမရှိသေးဘဲ မတ်လကသာ ကာလတိုလေ့ကျင့်ခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား အန်တွမ်မီဟေးက ကိုင်တွယ်လျက်ရှိသည်။

**ညီမြတ်သော်တာ**



၂၀၂၂ ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် မြန်မာ အသင်းနှင့် ဂျပန်အသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# အမျိုးသားတစ်ဦးချင်း အွန်လိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအားကစား တိုးတက်စေရန်နှင့် ကိုဗစ်-၁၉ကာလအတွင်းပြည်သူများ ကျန်းမာကြံ့ခိုင်စေရန်ရည်ရွယ်၍ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ အသက်၂၅ နှစ်အောက် အမျိုးသားတစ်ဦးချင်း ပိုက်ကျော်ခြင်း အခြေခံစွမ်းရည်အွန်လိုင်းပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပပြုလုပ်သည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်း ၂၆ မြို့နယ်မှ အားကစားသမား ၈၀ ကျော်တို့က ပိုက်ကျော်ခြင်း အခြေခံစွမ်းရည်ဖြစ်သည့် ဘယ်ညာခြေဖျား၊ ဘယ်ညာခြေခွင်၊ ဘယ်ညာပေါင်၊ ဘယ်ညာခြေခွင်တော့ ခေါင်းထိန်းတို့ဖြင့် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဆုကြေးအဖြစ် ပထမ ငွေကျပ်နှစ်သိန်း၊ ဒုတိယငွေကျပ်တစ်သိန်းခွဲ၊ တတိယငွေကျပ်တစ်သိန်း၊ နှစ်သိမ့်ဆု ငွေကျပ် ငါးသောင်းနှင့် ဆုတံဆိပ်များ ချီးမြှင့်ကြောင်း သိရသည်။ **အာကာစိုး**

*ကျောဖုံးမှ*

ကျပ် နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် နိုင်ငံတော်အစိုးရက စတုတ္ထအကြိမ် ထောက်ပံ့ငွေအဖြစ် အိမ်ထောင်စုတစ်စုလျှင် နှစ်သောင်းကျပ်နှုန်းဖြင့် ဝေါလေမြိုင် ဒေသအတွင်းရှိ အိမ်ထောင်စု ၁၁၂၉ စုအတွက် ထောက်ပံ့ငွေစုစုပေါင်း ၂၂၅၈၀၀၀၀ ကျပ်ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်မျိုးသင်း(ပြန်/ဆက်)**

*ကျောဖုံးမှ*

လက်ရှိအချိန်တွင် လီဗာပူးအသင်းအနေဖြင့် ဇန်နဝါရီဈေးကွက်မဖွင့်မီအထိ ပရီမီယာလိဂ်ပွဲစဉ်ရှစ်ပွဲကို အဆိုပါကစားသမားနှစ်ဦးမပါဘဲ ကစားရတော့မည်ဖြစ်သည်။ ဆီမီဒိုသည် အိုလံပီယာကော့စ်အသင်းသို့ ၂၀၁၉ ခုနှစ်တွင် ရောက်ရှိခဲ့သူဖြစ်သည်။ ၎င်းအနေဖြင့် အိုလံပီယာကော့စ်အသင်းသို့ ရောက်ရောက်ချင်းနှစ်မှာပင် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၄၅ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်ပြီး ငါးဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။ ၎င်းသည် ယခုနှစ်တွင်လည်း အိုလံပီယာကော့စ်အသင်းအတွက် ပြိုင်ပွဲစုံ ၁၀ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်သည်။ လီဗာပူးအသင်းသည် ဆီမီဒိုအပြင် ရှော်လ်ကေးအသင်းမှ အိုဇန် ကာဘတ်ခ်နှင့် ဘရိုက်တန်အသင်းမှ ဘင်ဝိုက်တို့ကိုလည်း ခေါ်ယူရန်ချိန်ရွယ်နေကြောင်း သိရသည်။

အခြားသောသတင်းတစ်ရပ်တွင် လီဗာပူးအသင်းမှ တိုက်စစ်ကစားသမား ဆာလာသည် နိုင်ငံတကာပွဲစဉ်များ ယှဉ်ပြိုင်ကစားရန် အီဂျစ်အသင်းနှင့် ပူးပေါင်းဆောင်ရွက်နေစဉ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း သိရသည်။ အီဂျစ်ဘောလုံးအဖွဲ့ချုပ်က သောကြာနေ့တွင် အသက် ၂၈ နှစ်အရွယ် ဆာလာအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ ရောဂါလက္ခဏာပြသခြင်းတော့ မရှိဘူးလို့လည်း ထုတ်ပြန်ထားသည်။ လက်ရှိတွင် ဆာလာသည် သီးသန့်ခွဲခြားနေထိုင်လျက်ရှိပြီး လီဗာပူးအသင်း၏ လာမည့် ပွဲစဉ်နှစ်ပွဲကို လွဲချော်မည်ဖြစ်သည်။ လီဗာပူးအသင်းသည် နိုဝင်ဘာ ၂၂ ရက်တွင် ပရီမီယာလိဂ်၌ လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ထိုပွဲစဉ်ပြီးလျှင် နိုဝင်ဘာ ၂၅ ရက်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အတ္တလန္တာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီ လီဗာပူးအသင်း၏ ပရီမီယာလိဂ် ရှစ်ပွဲစလုံးကို ပါဝင်ကစားထားသူဖြစ်ပြီး ရှစ်ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။

လီဗာပူးအသင်းသည် ပရီမီယာလိဂ်၌ ရှစ်ပွဲကစားပြီးချိန်တွင် ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၃) နေရာတွင် ရပ်တည်ထားနိုင်သည့်အသင်းဖြစ်သည်။ **အောင်ဇော်**

## ထူးခြားသည့် အခြေအနေ


နေပြည်တော် နိုဝင်ဘာ ၁၅

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း "ဗမ်ကို"သည် ဗီယက်နမ်နိုင်ငံ ကမ်းခြေမြောက်ပိုင်းကို ဒွန်ဟွိုင်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိပြီးအနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။


**မိုး/ဇလ**

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ


၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် ၄၅ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၆ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၆ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် ၇၄ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၀ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် ၂၀ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ကချင်ပြည်နယ်မဲဆန္ဒနယ် ၃၆ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
NDP(K) = ဒီမိုကရေစီပါတီသစ် (ကချင်)
SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
KSPP = ကချင်ပြည်နယ်ပြည်သူ့ပါတီ
LNDP = လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
IC = တစ်သီးပုဂ္ဂလ


စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ


၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ကရင်ပြည်နယ်မဲဆန္ဒနယ် ၁၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ကယားပြည်နယ်မဲဆန္ဒနယ် ၁၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ချင်းပြည်နယ်မဲဆန္ဒနယ် ၁၈ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ





၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရခိုင်ပြည်နယ်မဲဆန္ဒနယ် ၁၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
မွန်ပြည်နယ်မဲဆန္ဒနယ် ၂၀ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရှမ်းပြည်နယ်မဲဆန္ဒနယ် ၉၈ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
KPP = ကရင်ပြည်သူ့ပါတီ
MUP = မွန်ညီညွတ်ရေးပါတီ
KySDP = ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ
CNLD = ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ZCD = ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ANP = ရခိုင်အမျိုးသားပါတီ
AFP = ရခိုင့်ဦးဆောင်ပါတီ
SNDP = ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ
SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
WNP = “ဝ” အမျိုးသားပါတီ
LNDP = လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
TNP = တအာင်း(ပလောင်) အမျိုးသားပါတီ
KNP = ကယန်းအမျိုးသားပါတီ
PNO = ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ
IC = တစ်သီးပုဂ္ဂလ

# အထွေထွေရွေးကောက်ပွဲကာလတွင် လုံခြုံရေးတာဝန်ထမ်းဆောင်သည့် အထူးရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ခေါင်လန်ဖူး**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကာလတွင် လုံခြုံရေးတာဝန်ဆောင်ရွက်ခဲ့သည့် အထူးရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်နေ့က ခေါင်လန်ဖူးမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခေါင်လန်ဖူးမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လင်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးရဲဝေကျော်၊ ခေါင်လန်ဖူးမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လင်းတို့က အထူးရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**

**မလှိုင်**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့ မြို့မရဲစခန်း၌ ယနေ့နံနက် ၉ နာရီက ရွေးကောက်ပွဲ ကာလတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အထူးရဲတပ်ဖွဲ့ဝင်များအား ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သော ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မလှိုင်မြို့နယ်၌ လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့ကြသည့် အထူးရဲ ၂၁၀ အား ရဲချုပ်၏ ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မလှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်ဝင်းနိုင်က အမှာစကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းများပေးအပ်ခဲ့သည်။

**ဘိုဘို(မလှိုင်)**

စာရေးသူ သန်းအောင်ကျော်သည် အဖွဲ့ဝင် (၁၆) နိုင်ငံမှ ညှိနှိုင်းရေးမှူးများဖြင့် ဖွဲ့စည်းထားသည့် ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီတွင် မြန်မာနိုင်ငံ၏ RCEP ကုန်သွယ်ရေး ညှိနှိုင်းရေးမှူးအဖြစ် ၂၀၁၉ ခုနှစ်မှစတင်ပြီး ဆွေးနွေးညှိနှိုင်းမှုများတွင် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များအား ဦးဆောင်၍ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သူဖြစ်ပါသည်။ ၎င်းသည် လက်ရှိတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်နေသူ ဖြစ်ပါသည်။

# မြန်မာနိုင်ငံက ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) စာချုပ်၌ ပါဝင်လက်မှတ်ရေးထိုး၍ ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုဒေသ၏အဖွဲ့ဝင်ဖြစ်လာ



သန်းအောင်ကျော်

ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership – RCEP) ညှိနှိုင်းဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ သတင်းစာတွင် အလျဉ်းသင့်သလို ရေးသားဖော်ပြမှုများရှိခဲ့သလို ပြည်ထောင်စုလွှတ်တော်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များအား ရှင်းလင်းတင်ပြမှုများ ရှိခဲ့ပါသည်။ ယခုအခါ အဆိုပါ သဘောတူစာချုပ်အား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် (၄) ကြိမ်မြောက် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဝန်ကြီးများက နိုင်ငံ့ခေါင်းဆောင်များ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ RCEP စာချုပ်နှင့်စပ်လျဉ်း၍ အစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များအတွက် သိသင့်သိထိုက်သည်များကို သိရှိစေရန် ရည်ရွယ်၍ ရေးသားဖော်ပြလိုက်ပါသည်။

**ယနေ့ နိုင်ငံတကာ စီးပွားရေးလောကတွင် လူပြောများနေသည့် RCEP ဆိုသည်မှာ ဘာကိုပြောနေကြတာပါလဲ။**

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership– RCEP) ဆိုသည်မှာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ယင်း၏ ဆွေးနွေးဖက် (၆) နိုင်ငံဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ ပါဝင်စေ့စပ်ညှိနှိုင်းခဲ့သည့် လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ သဘောတူစာချုပ်တစ်ခုဖြစ်ပါသည်။

RCEP ကို ၂၀၁၂ ခုနှစ်မှ စတင်၍ ၁၆ နိုင်ငံမှ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းခဲ့ရာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် တတိယအကြိမ် RCEP ထိပ်သီးအစည်းအဝေး၌ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် Narendra Modi က စေ့စပ်ညှိနှိုင်းဆဲ စာချုပ်တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချို့ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ၏ တောင်းဆိုချက်အပေါ် ကျန် ၁၅ နိုင်ငံ၏ လိုက်လျောမှုမရရှိသဖြင့် RCEP စေ့စပ်ညှိနှိုင်းမှုတွင် အိန္ဒိယနိုင်ငံမပါဝင်တော့ကြောင်း ကြေညာခဲ့ပါသည်။ သို့ပါ၍ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ နှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံ ၅ နိုင်ငံတို့က ၂၀၂၀ ပြည့်နှစ်အထိ ဆက်လက်ဆွေးနွေးခဲ့ကြပြီးနောက် ယခုအခါ RCEP သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

RCEP တွင် လက်ရှိပါဝင်သည့် နိုင်ငံ ၁၅ နိုင်ငံသည် လူဦးရေအားဖြင့် ၂.၂ ဘီလီယံ ရှိသဖြင့် ကမ္ဘာ့လူဦးရေ၏ ၃၀% ကို ကိုယ်စားပြုပြီး ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၆.၂ ထရီလီယံ ရှိသဖြင့်လည်း ကမ္ဘာ့ထုတ်လုပ်မှုတန်ဖိုး၏ ၃၀% ခန့်ရှိပါသည်။ ထို့အပြင် RCEP နိုင်ငံများ၏ ကုန်သွယ်မှုသည် ကမ္ဘာ့စုစုပေါင်း ကုန်သွယ်မှုပမာဏ၏ ၂၈ % ခန့် ပါဝင်သဖြင့် ကမ္ဘာ့အကြီးဆုံးလွတ်လပ်သော ကုန်သွယ်ရေးစာချုပ်တစ်ခုအဖြစ် တင်စားခေါ်ဆိုကြပါသည်။





ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ၂၀၁၉ ခုနှစ် ဇွန် ၂၂ ရက်က ကျင်းပသည့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံစီးပွားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးသို့ တက်ရောက်စဉ်။ Photo credit – MIFER

RCEP သဘောတူစာချုပ်ကို စေ့စပ်ညှိနှိုင်းခဲ့ရာတွင် ဈေးကွက်ဖွင့်လှစ်ရေးအပိုင်းနှင့် သဘောတူစာချုပ်တွင် ထည့်သွင်းမည့်စာသားများကို ဆွေးနွေးညှိနှိုင်းသည့် အပိုင်းဟူ၍ (၂) ပိုင်း ခွဲပြီး ၂၀၁၂ ခုနှစ်မှ စတင်၍ညှိနှိုင်းခဲ့ရာ (၈) နှစ်ခန့် ကြာမြင့်ခဲ့ပါသည်။ အဆိုပါကာလအတွင်း နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်သည့် ထိပ်သီးအဆင့် အစည်းအဝေး (၄) ကြိမ်၊ ဝန်ကြီးများ၏ ပုံမှန်နှင့် ကြားဖြတ်အစည်းအဝေး(၁၉)ကြိမ်နှင့် ကုန်သွယ်ရေး ညှိနှိုင်းမှုကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ ဆွေးနွေးမှုများကို လူကိုယ်တိုင် ပါဝင်တက်ရောက်သည့် အစည်းအဝေးများအပြင် Video Conference စနစ်ဖြင့်လည်း အကြိမ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပါသည်။

**RCEP တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့်ရမည်ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် မည်သို့ အကျိုးရှိနိုင်မည်လဲ။**

RCEP သဘောတူစာချုပ်၏ နိဒါန်းမှာပင် စာချုပ်ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု အဆင့်အမျိုးမျိုး ရှိနေမှုကို ထည့်သွင်းစဉ်းစားလျက် အထူးသဖြင့် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့အတွက် အထူးအခွင့်အရေးများပေးရန်နှင့် ဗီယက်နမ်နိုင်ငံအတွက်လည်း သင့်လျော်သည့် အတိုင်းအတာတစ်ခုအထိ အခွင့်အရေးပေးရန် သဘောတူခဲ့ကြပါသည်။ ထို့အပြင် ကုလသမဂ္ဂ၏ သတ်မှတ်ပြဋ္ဌာန်းချက်အရ ဖွံ့ဖြိုးမှုအနည်းဆုံး စာရင်းဝင်နိုင်ငံများအတွက် စာချုပ်ပါ သဘောတူညီချက်များကို လိုက်နာအကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များရှိလာပါက ထပ်ဆောင်းဖြေလျှော့ပေးမှုများပေးရန်ကိုလည်း သဘောတူခဲ့ကြပါသည်။ ဥပမာအားဖြင့် သဘောတူစာချုပ်ပါ အကောက်ခွန်လျှော့ချခြင်း/ ဖယ်ရှားခြင်းအစီအစဉ်တွင် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် အခြားသော စာချုပ်ဝင်နိုင်ငံများ ထက်ပို၍ အထူးအခွင့်အရေးများကိုထည့်သွင်းထားပါ သည်။ RCEP အဖွဲ့ဝင်နိုင်ငံများသည် စာချုပ်အာဏာ သက်ဝင်သည့် အချိန်တွင် ကုန်စည်လိုင်းအားလုံး၏ ၆၅% ကို အကောက်ခွန် ကင်းလွတ်ခွင့်ပြုရမည်ဖြစ်သော်လည်း မြန်မာ၊ ကမ္ဘောဒီးယားနှင့်လာအိုနိုင်ငံတို့သည် ၃၀%သာ ကင်းလွတ်ခွင့်ပေးရမည် ဖြစ်ပါသည်။ ထို့အပြင် စာချုပ်အာဏာ သက်ဝင်ပြီး ၁၀ နှစ်အကြာတွင် ကျန်အဖွဲ့ဝင်နိုင်ငံများက ကုန်စည်လိုင်း စုစုပေါင်း၏ ၈၀% ကို အခွန် ကင်းလွတ်ခွင့်ပြုရမည်ဖြစ်သော်လည်း မြန်မာနိုင်ငံက ၁၅ နှစ်အကြာတွင်မှ အခွန်ကင်းလွတ် ခွင့်ပြုရမည် ဖြစ်ပါသည်။

ထို့အပြင် ဖွံ့ဖြိုးမှုအနည်းဆုံးစာချုပ်ဝင်နိုင်ငံများ အနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများပိုမိုချဲ့ထွင်နိုင်ရန်အတွက် ဒေသတွင်းနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှုနှင့် တန်ဖိုးကွင်းဆက်တို့တွင် ချိတ်ဆက်ပါဝင်စေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ဤသဘောတူစာချုပ်အောက်ရှိ ကတိကဝတ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် အကျိုးအမြတ်ရရှိနိုင်စေရန်အတွက် လိုအပ်ချက်များ ရှိပါကလည်း အဆိုပါလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း သဘောတူထားခဲ့ကြပါသည်။

အနာဂတ်တွင် ပြောင်းလဲတိုးတက်လာမည့် အခြေအနေများကို မျှော်မှန်း၍ သဘောတူစာချုပ်တွင် ထည့်သွင်းထားသည့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးအခန်း၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အခန်းနှင့် ယှဉ်ပြိုင်မှုအခန်းတို့တွင်ပါရှိသော ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင်လည်း မြန်မာနိုင်ငံအတွက် အသွင်ကူးပြောင်းရေးကာလကို ကဏ္ဍ အလိုက် အနည်းဆုံး သုံးနှစ်မှ အများဆုံး ၁၀ နှစ်အထိ လည်းကောင်း၊ ဝန်ဆောင်မှုကုန်သွယ်ရေးအခန်းတွင် အသွင်ကူးပြောင်းရေးကာလကို ၁၅ နှစ်အထိ လည်းကောင်း အချိန်ယူ ညှိနှိုင်းထားရှိပါသည်။ အစိုးရဝယ်ယူရေးအခန်းအတွက်လည်း မြန်မာနိုင်ငံအနေဖြင့် စာချုပ်ပါ ကတိကဝတ်များကို ကင်းလွတ်ခွင့်ရရှိပြီး အဖွဲ့ဝင်နိုင်ငံများအကြား ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုကိုသာ လိုအပ်မည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*





ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ၂၀၁၉ ခုနှစ် စက်တင်ဘာ ၈ ရက်က ကျင်းပသည့် (၇)ကြိမ်မြောက် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်သူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ Photo credit – MOT Thailand




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၄ ရက်က ကျင်းပသည့် တတိယအကြိမ်မြောက် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP) ထိပ်သီးအစည်းအဝေးတက်ရောက်သည့် နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ Photo credit – MOT Thailand

*စာမျက်နှာ ၁၀ မှ*

အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် ခေတ်မီ၍ အဆင့်မြင့်သော RCEP တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းဖြင့် မိမိနိုင်ငံ၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက် လိုအပ်သော ဥပဒေ၊ မူဘောင်နှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာ အဆင့်အတန်းမီ ပြုပြင်ပြောင်းလဲ၍ လိုက်ပါဆောင်ရွက်နိုင်မည့် အခွင့်အလမ်းရရှိမည်ဖြစ်သကဲ့သို့ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအသီးသီးတို့မှ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များကိုပါ နိုင်ငံတကာအဆင့်သို့ မြှင့်တင်နိုင်မည့် အခွင့်အလမ်းများ ရရှိစေမည် ဖြစ်ပါသည်။

ထို့အပြင် စာချုပ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများပါဝင်သည့်အတွက် မြန်မာနိုင်ငံ၏ ပို့ကုန်များအတွက် ကြီးမားကျယ်ပြန့်သည့်ဈေးကွက်ကို ရရှိစေမည်ဖြစ်ပါသည်။ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်၊ စင်ကာပူနိုင်ငံတို့ကဲ့သို့ နည်းပညာနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်သော အာရှနိုင်ငံအများစု ပါဝင်သည့်အတွက်လည်း သဘောတူစာချုပ်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် အရည်အသွေးမြင့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာနိုင်မည့် အခွင့်အလမ်းများကိုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

**RCEP သည် မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ် လက်ရှိပါဝင်ဆောင်ရွက်နေသည့် လွတ်လပ်သောကုန်သွယ်မှုသဘောတူ စာချုပ် (Free Trade Agreements – FTAs) များနှင့် မည်သို့ကွာခြားပါသလဲ။ RCEP ကို ပိုမိုခေတ်မီပြီး ကဏ္ဍစုံပါဝင်သည့် ကုန်သွယ်မှုစာချုပ်ဟု ဘာ့ကြောင့် ခေါ်ဆိုပါသလဲ။**

RCEP သဘောတူစာချုပ်သည် လက်ရှိအကောင်အထည်ဖော်လျက်ရှိတဲ့ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား အပေါင်းတစ် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် (+1 FTAs) များဖြစ်သည့် အာဆီယံ–ကိုရီးယား၊ အာဆီယံ–ဂျပန်၊ အာဆီယံ–တရုတ်၊ အာဆီယံ–အိန္ဒိယ၊ အာဆီယံ–ဩစတြေးလျ–နယူးဇီလန်နှင့် အာဆီယံ–ဟောင်ကောင်တို့ထက် ပိုမိုပြည့်စုံ၊ အရည်အသွေးမြင့်မားပြီး အဖွဲ့ဝင်များအကြား အပြန်အလှန်အကျိုးရှိစေမည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်တစ်ခုဟု ဆိုနိုင်ပါသည်။

> **" စာချုပ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများ ပါဝင်သည့်အတွက် မြန်မာနိုင်ငံ၏ ပို့ကုန်များအတွက် ကြီးမားကျယ်ပြန့်သည့်ဈေးကွက်ကို ရရှိစေမည် ဖြစ်ပါသည်။ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်၊ စင်ကာပူနိုင်ငံတို့ကဲ့သို့ နည်းပညာနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်သော အာရှနိုင်ငံအများစုပါဝင်သည့်အတွက်လည်း သဘောတူစာချုပ်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် အရည်အသွေးမြင့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာနိုင်မည့် အခွင့်အလမ်းများကိုလည်း ရရှိနိုင်မည်ဖြစ် "**

သဘောတူစာချုပ်တွင်ပါဝင်သည့် အခန်းများကို လေ့လာကြည့်လျှင် ယခင်ကရှိခဲ့သည့် အာဆီယံ၏ ကုန်သွယ်ရေးသဘောတူစာချုပ်များတွင် မပါဝင်ခဲ့သည့် နယ်ပယ်များဖြစ်သည့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးအခန်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအခန်း၊ အစိုးရဝယ်ယူရေးအခန်းနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အခန်း စသည့်အခန်းများကိုပါ ထည့်သွင်းထားပါသည်။ အဆိုပါအခန်းများသည် အနာဂတ် ကမ္ဘာ့လွတ်လပ်သော ကုန်သွယ်ရေးနယ်မြေ ထူထောင်သည့် စာချုပ်များအတွက် မဖြစ်မနေအရေးပါလာမည့် နယ်ပယ်များ ဖြစ်ပါသည်။ ဥပမာအားဖြင့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးအခန်းကို ထည့်သွင်းခြင်းဖြင့် နိုင်ငံတိုင်း၏ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေး ဥပဒေမူဘောင်နှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံဖြတ်ကျော် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်မှုကို စနစ်တကျ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်မှုကြောင့် အဖွဲ့ဝင်နိုင်ငံများ၏ ဆန်းသစ်တီထွင်မှုများကို အားပေးမှု၊ ကာကွယ်မြှင့်တင်မှုပြုနိုင်မည့်အပြင် မိရိုးဖလာအစဉ်အလာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။

**RCEP က COVID အလွန် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးပြန်လည် ဦးမော့လာစေရန် မည်သို့အထောက်အကူပြုနိုင်မလဲ။**

ယနေ့အချိန်အခါတွင် COVID – 19 ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းစီးပွားရေးဖွံ့ဖြိုးမှု သိသိသာသာကျဆင်းလျက်ရှိပါသည်။ တစ်ဖက်တွင်လည်း အင်အားကြီးနိုင်ငံအချို့အကြား ကိုယ်ကျိုးစီးပွားကာကွယ်မှု မူဝါဒများကျင့်သုံးမှုကြောင့် ကုန်သွယ်ရေးတင်းမာမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့အပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဦးဆောင်သည့် စည်းမျဉ်းအခြေခံနိုင်ငံစုံ ကုန်သွယ်မှုစနစ်အတွက် စိန်ခေါ်မှုများရှိနေသည့် အချိန်လည်းဖြစ်ပါသည်။ အဆိုပါ အခြေအနေများတွင် ကမ္ဘာ့စီးပွားရေးအင်အားကြီးမားသော အဖွဲ့ဝင်နိုင်ငံများပါဝင်သည့် RCEP သဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခြင်းက စည်းမျဉ်းအခြေခံ နိုင်ငံစုံ ကုန်သွယ်မှုစနစ်ကို ပြန်လည်ရှင်သန် အသက်ဝင်စေမည်ဖြစ်သည့်အတွက် ဒေသတစ်ခုလုံး အတွက်သာမက ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ မြှင့်တင်စေနိုင်မည့် အခွင့်အလမ်းတစ်ရပ်အဖြစ် ရှုမြင်ကြပါသည်။ ထို့အပြင် စာချုပ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများ ပါဝင်သည့်အတွက် COVID – 19 အလွန်ကာလတွင် မြန်မာနိုင်ငံ၏ စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာ့ပို့ကုန်များအတွက် ပိုမိုကျယ်ပြန့်သည့် ဈေးကွက်ကို ရရှိစေမည်ဖြစ်သဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် အခွင့်အလမ်းကောင်းများကို ရရှိစေမည် ဖြစ်ပါသည်။

အထူးသဖြင့် COVID – 19 အလွန်ကာလတွင် နည်းပညာကိုအခြေခံသည့် ဒစ်ဂျစ်တယ် စီးပွားရေးသို့အသွင်ကူးပြောင်းရာတွင် လိုအပ်သည့် နည်းပညာနှင့် အကူအညီများကို ဤစာချုပ်ပါ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုအခန်းပါ သဘောတူညီချက်များနှင့်အညီ ရယူဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအနေဖြင့်လည်း RCEP စာချုပ်အဖွဲ့ဝင် ၁၅ နိုင်ငံအကြား စီးပွားရေးအရ ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်သည့် အခွင့်အရေးများကို ရရှိမည်ဖြစ်ရာ မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ကမ္ဘာ့ထုတ်လုပ်မှုကွန်ရက်နှင့် ချိတ်ဆက်နိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်ပါသည်။

**RCEP တွင် အိန္ဒိယနိုင်ငံက လတ်တလော မပါဝင်နိုင်ရတာ ဘာကြောင့်ပါလဲ။**

အိန္ဒိယနိုင်ငံအနေဖြင့် စာချုပ်တွင် လတ်တလော ပါဝင်နိုင်ခြင်းမရှိသည့် အခြေအနေအား လေ့လာသုံးသပ်ရာတွင် အိန္ဒိယနိုင်ငံသည် အာဆီယံ ၁၀ နိုင်ငံနှင့် ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ်ကို လည်းကောင်း၊ ကျန် RCEP အဖွဲ့ဝင်နိုင်ငံများအနက် ဂျပန်၊ ကိုရီးယားတို့နှင့် လွတ်လပ်သောကုန်သွယ်မှုဒေသ စာချုပ်တို့ကို လည်းကောင်း ချုပ်ဆိုထားပြီးဖြစ်သော်လည်း တရုတ်၊ ဩစတြေးလျ၊ နယူးဇီလန်တို့နှင့် နှစ်နိုင်ငံ FTA ချုပ်ဆိုထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ RCEP စာချုပ်တွင် ပါဝင်ခြင်းဖြင့် အိန္ဒိယနိုင်ငံသည် အာဆီယံ ၁၀ နိုင်ငံအပြင် တရုတ်နိုင်ငံအပါအဝင် ကျန် ၅ နိုင်ငံတို့နှင့်ပါ လွတ်လပ်သောကုန်သွယ်မှု ဒေသစည်းမျဉ်းများအရ ဈေးကွက်ဖွင့်လှစ်ပေးရမည် ဖြစ်ပါသည်။ အဆိုပါ အခြေအနေအရ အိန္ဒိယနိုင်ငံသည် ယခင် FTA မရှိခဲ့ဖူးသော နိုင်ငံများမှ ပို့ကုန်များအား ဈေးကွက်ဖွင့်ပေးရာတွင် ၎င်း၏ပြည်တွင်းအခြေအနေလိုအပ်ချက်အရ အသင့်မဖြစ်သေးသဖြင့် လတ်တလောတွင် RCEP တွင် ပါဝင်နိုင်မှုမရှိခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှစ၍ ၎င်း၏ ပြည်တွင်းအခြေအနေ လိုအပ်ချက်များရှိနေမှုကြောင့် RCEP စေ့စပ်ညှိနှိုင်းမှုတွင် မပါဝင်တော့သော်လည်း စတင်ညှိနှိုင်းခဲ့သည့် ၂၀၁၂ ခုနှစ်ကပင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ခြင်း၊ မဟာဗျူဟာအရလည်း အရေးပါခြင်း၊ လက်ရှိအခြေအနေအရ စာချုပ်တွင် ပါဝင်နိုင်ခြင်းမရှိသည့်အပေါ် ကျန်အဖွဲ့ဝင်နိုင်ငံ အားလုံးက နားလည်မှုပေးနိုင်ခြင်းတို့ကြောင့် စာချုပ်လက်မှတ်ရေးထိုးပြီးသည့်တိုင် အိန္ဒိယနိုင်ငံအနေဖြင့် အဖွဲ့ဝင်အဖြစ် ဝင်ရောက်လာနိုင်ရေးအတွက် ဆက်လက်လမ်းဖွင့်ပေးထားမည် ဖြစ်ပါသည်။

**RCEP လွတ်လပ်သောကုန်သွယ်မှုဒေသမှာ ပါဝင်မှုကြောင့် မြန်မာ့ပြည်တွင်းဈေးကွက်ကို ထိခိုက်နိုင်မလား။**

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံသို့ ဝင်ရောက်ခဲ့ပြီး အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ၌ ပါဝင်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် အာဆီယံ–တရုတ် ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် (ACTIGA [1])၊ ၂၀၀၆ ခုနှစ်တွင် အာဆီယံ–ကိုရီးယား ကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် (AKTIGA [2])၊ ၂၀၀၈ ခုနှစ်တွင် အာဆီယံ–ဂျပန် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်(AJCEP [3])၊ ၂၀၀၉ ခုနှစ်တွင် အာဆီယံ–အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်(AITIGA [4])နှင့် အာဆီယံ–ဩစတြေးလျ–နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်မှုဆိုင်ရာ သဘောတူစာချုပ် (AANZFT [5]) တို့အရ အဆိုပါ ၆ နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသများကို ပါဝင်ဆောင်ရွက်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုနှင့်အထက် အတွေ့အကြုံရှိခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံကို ဗဟိုပြု၍ ချုပ်ဆိုထားသော အထက်ပါ FTA များအရ မိမိပို့ကုန်များအား အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် အဆိုပါနိုင်ငံများ၏ ဈေးကွက်များသို့ တင်ပို့၍ အကျိုးခံစားခွင့်များ ရရှိလျက်ရှိပါသည်။ ယခု RCEP စာချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းသည် အာဆီယံ ၁၀ နိုင်ငံအပြင် ကျန်အဖွဲ့ဝင် ၅ နိုင်ငံနှင့် ဆယ်စုနှစ်တစ်ခုကျော် လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုအတွေ့အကြုံကို အခြေခံ၍ ပြည်တွင်းလုပ်ငန်းများအနေဖြင့် စာချုပ်ပါ စည်းမျဉ်းများနှင့်အညီ အကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) ကို စတင်ညှိနှိုင်းဆွေးနွေးစဉ်ကပင် လိုအပ်သည့် မူဝါဒရေးရာကိစ္စရပ်များကို လမ်းညွှန်မှုပေးခဲ့သော နိုင်ငံတော်အကြီးအကဲများ၊ စေ့စပ်ညှိနှိုင်းရာတွင် တွေ့ကြုံရသည့် အကျပ်အတည်းများကို ကျော်လွှားနိုင်ရန် လမ်းညွှန်မှုပေးသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စာချုပ်ပါ အခန်းအလိုက်၊ နယ်ပယ်အလိုက် ၁၆ နိုင်ငံ စေ့စပ်ညှိနှိုင်းရာ၌ ကျွန်တော်နှင့်အတူ မိမိတို့၏ သက်ဆိုင်ရာကဏ္ဍများတွင် မိမိနိုင်ငံ၏ အကျိုးစီးပွားအတွက် ရပ်တည်၍ ပါဝင်ဆွေးနွေးခဲ့ကြသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကျွန်တော်၏ မိခင်ဝန်ကြီးဌာနဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနများမှ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များ၏ အဖွဲ့ဝင်အရာရှိများအားလုံးကို လည်းကောင်း၊ ထို့အတူ စေ့စပ်ညှိနှိုင်းမှုလုပ်ငန်းစဉ်တစ်ခုလုံးတွင် ဥပဒေဆိုင်ရာရှုထောင့်မှ ပါဝင်ညှိနှိုင်းပေးခဲ့သည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အရာရှိများကိုလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

[1]ASEAN – China Tarde in Goods Agreement
[2]ASEAN – Korea Tarde in Goods Agreement
[3]ASEAN – Japan Comprehensive Economic Partnership
[4]ASEAN – India Tarde in Goods Agreement
[5]ASEAN – Astralia–New Zealand Free Trade Agreement

# ငတ်မွတ်မှုဘေးအတွက် စိုးရိမ်ရတဲ့ ၂၀၂၁ ခုနှစ်

----- ခြူးစန္ဒီမွေး -----

**ဒီနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ကနေ ရရှိသွားတာ အားလုံးအသိပါပဲ။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းကြီးဖြစ်တဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အဖွဲ့ကြီးဟာ ဆာလောင်ငတ်မွတ်မှုမှ ကင်းဝေးစေရေး အစားအသောက်ဖူလုံရေးတို့အတွက် ဦးစားပေးလုပ်ကိုင်တဲ့ အဖွဲ့အစည်းကြီးဆိုရင်လည်း မမှားပါဘူး။**



တောင်ဆူဒန်နိုင်ငံတွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အစားအစာများ ဖြန့်ဝေပေးနေသည်ကို တွေ့ရစဉ်။

### ပိုမိုဆိုးရွားဖွယ်ရှိ

အခုဆိုရင်တော့ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်အဖွဲ့ကြီးကနေ ကမ္ဘာပေါ်မှာရှိတဲ့ ခေါင်းဆောင်တွေကို စားနပ်ရိက္ခာအခက်အခဲနဲ့ ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်းပဲ သတိပေးပြောကြားခဲ့ပါတယ်။

ဘီလီယံနဲ့ချီတဲ့ ရန်ပုံငွေတွေ မရှိဘူးဆိုရင် စားနပ်ရိက္ခာ အခက်အခဲဟာ ယခုနှစ်ထက် လာမယ့်နှစ် ၂၀၂၁ ခုနှစ်မှာ ပိုမိုဆိုးရွားဖွယ်ရှိပြီး ငတ်မွတ်ခေါင်းပါးမှုနဲ့ ကြုံတွေ့နိုင်တယ်လို့ သတိပေးခဲ့ပါတယ်။ သဘာဝဘေး၊ ပဋိပက္ခဖြစ်ပွားရာနေရာနဲ့ ဒုက္ခသည်စခန်းတွေမှာ ကူညီမှု၊ တစ်ခါတစ်ရံ သန်းနဲ့ချီတဲ့ ဆာလောင်နေတဲ့သူတွေကို အကူအညီပေးနိုင်ဖို့ ဝန်ထမ်းတွေ ဘေးအန္တရာယ်ကြားထဲက စွန့်စားလုပ်ဆောင်မှုအစရှိတဲ့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရဲ့ နေ့စဉ်လုပ်ဆောင်မှုတွေကို နိုဘယ်ဆုချီးမြှင့်ရေးကော်မတီက စောင့်ကြည့်ခဲ့တယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရဲ့ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး ဒေးဗစ်ဘီစလီက အေပီ သတင်းဌာနနဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ အခုအချိန်ထိ အခက်ခဲဆုံးအပိုင်းတွေ ရောက်မလာသေးပါဘူး။ အခြေအနေတွေ ပိုပြီးဆိုးလာနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။

### မျက်စိတစ်မှိတ်အတွင်း ဖြစ်လာနိုင်

တစ်ကမ္ဘာလုံး ရင်ဆိုင်နေရတဲ့ ကိုဗစ်–၁၉ ရောဂါနဲ့ အမေရိကန်ရွေးကောက်ပွဲ သတင်းတွေသာ လွှမ်းမိုးနေချိန်မှာ ငတ်မွတ်ခေါင်းပါးမှုဟာ ၂၀၂၁ မှာ အခြေအနေပိုဆိုးလာနိုင်တယ်လို့ ဘီစလီက သတိပေး ပြောကြားခဲ့ပါတယ်။

နောက်ပြီး ဧပြီလအတွင်းတုန်းကလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အစားအသောက် ဖူလုံရေးနဲ့ ပတ်သက်ပြီး ဘီစလီက "အခုအချိန်မှာ လူတွေဟာ ကိုဗစ်–၁၉ ကိုသာ အာရုံစိုက်နေကြပြီး အစားအသောက် ငတ်မွတ်မှု ကပ်ရောဂါဘေးဟာလည်း မျက်စိတစ်မှိတ်အတွင်းမှာ ဖြစ်လာနိုင်တယ်"လို့ ပြောကြားခဲ့ပါတယ်။ တကယ်လို့များ ချက်ချင်းအရေးတယူ ဆောင်ရွက်မှုတွေ မလုပ်နိုင်ဘူးဆိုရင် လအနည်းငယ်အတွင်းမှာပဲ ငတ်မွတ်ခေါင်းပါးမှုတွေ ဖြစ်လာနိုင်တယ်လို့ သူက ဆက်ပြောပါတယ်။

### ရှောင်လွှဲလို့ရနိုင်သေး

၂၀၂၀ မှာတော့ ဒီကပ်ဘေးကနေ ရှောင်ရှားနိုင်ပါသေးတယ်။ ဘာလို့လဲဆိုတော့ ကမ္ဘာ့ခေါင်းဆောင်တွေဟာ ငွေကြေးထောက်ပံ့မှု၊ အကြွေးဆိုင်းငံ့ပေးမှုတွေနဲ့ အကူအညီအထောက်အပံ့တွေ ပေးနေသေးတဲ့အတွက် ရှောင်လွှဲလို့ရနိုင်ပါသေးတယ်။ အခုအခါမှာတော့ ကိုဗစ်–၁၉ ကူးစက်မှုတွေဟာလည်း ကမ္ဘာအနှံ့မှာ ပြန်လည်ခေါင်းထောင်လာပြီ။ ဝင်ငွေနိမ့်တဲ့နိုင်ငံတွေနဲ့ ဝင်ငွေ အလယ်အလတ်သာရှိတဲ့ နိုင်ငံတွေမှာ စီးပွားရေးဟာလည်း ဆက်လက်ကျဆင်းနေတုန်းပဲ။ ဒီလိုအချိန်ကာလမျိုးမှာ ကူးစက်မှုတွေ ပြန်လည်မြင့်မားလာတဲ့အတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေနဲ့ စီးပွားရေးလုပ်ငန်းတချို့ ပိတ်ထားရမှုတွေ မလွှဲမရှောင်သာ လုပ်ဆောင်နေရတယ်။ နောက်ထပ်အချက် တစ်ချက်ကတော့ ၂၀၂၀ မှာ ရရှိနေတဲ့ ငွေကြေးအတိုင်း၂၀၂၁ မှာ ရနိုင်ဖို့ဆိုတာ မလွယ်ပါဘူး။

### ရှင်းပြဖို့အချိန်ပိုရ

ဒါကြောင့် နိုဘယ်ဆုရဲ့ အရှိန်အဝါတွေကို အသုံးပြုပြီး နိုင်ငံ့ခေါင်းဆောင်တွေ တွေ့ဆုံနိုင်ဖို့ ပါလီမန်မှာ စကားပြောခွင့်ရဖို့ ကြိုးစားလာရပါတယ်။ လာမယ့် ၁၂ လ ဒါမှမဟုတ် ၁၈ လအတွင်းမှာ အစားအသောက်ဖူလုံမှု အခက်အခဲနဲ့ မတွေ့နိုင်ဘူးဆိုတာ ဘယ်သူမှ မပြောနိုင်ဘူးလို့ သူက ဆက်ပြောပါတယ်။

အခုအချိန်မှာတော့ လူတိုင်းလူတိုင်းဟာ ငြိမ်းချမ်းရေးနိုဘယ်ဆုရထားတဲ့အဖွဲ့အစည်းနဲ့ တွေ့ချင်နေပါတယ်။ အရင်တုန်းက ခေါင်းဆောင်တွေနဲ့ တွေ့ဆုံပြီးစကားပြောဖို့ ၁၅ မိနစ်သာရပေမယ့် အခုအခါမှာတော့ ၄၅ မိနစ်အထိ အချိန်ရလာပြီ။ ဒါကြောင့် လာမယ့်နှစ်ဆိုရင် အစားအသောက်နဲ့ပတ်သက်ပြီး ဘယ်လိုအခက်အခဲတွေ ကြုံတွေ့လာနိုင်တယ်၊ ခေါင်းဆောင်တွေအနေနဲ့ ဦးစားပေး အစီအစဉ်တွေ ပြုလုပ်သင့်တယ်ဆိုတာကို ရှင်းပြဖို့ အချိန်ပိုရလာတယ်လို့ သူက ဆက်ပြောပါတယ်။

### ၁၅ ဘီလီယံလိုအပ်

အခုအချိန်မှာ အမှန်တကယ်ဂရုစိုက်ဖို့ လိုအပ်နေတဲ့ အချက်တွေကတော့၊ အစာရေစာရှားပါးခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ မတည်မငြိမ်ဖြစ်မှုနဲ့ နေရပ်စွန့်ခွာ ရွှေ့ပြောင်းခြင်းတို့ပဲ ဖြစ်တယ်လို့ ဘီစလီက ပြောပါတယ်။

လာမယ့်နှစ်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ လိုအပ်တဲ့ ရန်ပုံငွေကတော့ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံပါ။ ငါးဘီလီယံကိုတော့ အစားအစာငတ်မွတ်မှုဘေးမှ ရှောင်ရှားနိုင်ဖို့ အသုံးပြုမှာဖြစ်ပြီး ကျန်တဲ့ ၁၀ ဘီလီယံကိုတော့ အဖွဲ့ကြီးရဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တွေမှာ အသုံးပြုသွားမှာပဲ ဖြစ်ပါတယ်။

အာဟာရချို့တဲ့တဲ့ ကလေးတွေအတွက် ထောက်ပံ့ပေးတာ၊ ကျောင်းနေ့လယ်စာအတွက် ကူညီပေးတာ အစရှိတဲ့ လုပ်ငန်းတွေမှာ အသုံးပြုသွားမှာပဲ ဖြစ်ပါတယ်။ အကယ်၍ ပုံမှန်ရရှိနေတဲ့ ထောက်ပံ့မှုငွေကြေးထက် နှစ်ဆပိုပြီးရခဲ့မယ်ဆိုရင် ငတ်မွတ်ခေါင်းပါးမှုကပ်ကနေ ရှောင်လွှဲနိုင်မှာဖြစ်ပြီး မတည်မငြိမ်ဖြစ်မှုတွေနဲ့ ရွှေ့ပြောင်းနေထိုင်မှုပြဿနာကိုလည်း လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

### လုံလောက်တဲ့ ပိုက်ဆံမရှိ

အစိုးရတွေဆီက အလှူငွေပိုမိုရရှိဖို့ မျှော်လင့်ချက်အပြင် နောက်ထပ်ရည်မှန်းချက်တစ်ခုကတော့ ဘီလျံနာတွေဆီကပါ အကူအညီရရှိဖို့ပါပဲ။ ဧပြီလအတွင်းကဆိုရင် လူဦးရေ ၁၃၅ သန်းဟာ ဆာလောင်မှုဘေးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ကိုဗစ်– ၁၉ ကြောင့် နောက်ထပ်လူသန်း ၁၃၀ ကို ၂၀၂၀ နှစ်ကုန်ပိုင်းမှာ ငတ်မွတ်မှုဘေးသို့ ရောက်အောင် တွန်းပို့နိုင်တယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရဲ့ ခွဲခြမ်းစိတ်ဖြာမှုတွေအရ သိရပါတယ်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရုံးတည်ရှိရာ ရောမမြို့မှာ နိုဝင်ဘာ ၁၁ ရက်က အင်တာဗျူးပြုလုပ်ခဲ့ပြီး ယခုနှစ်အတွက်ငတ်မွတ်မှုဘေးကနေ ရှောင်ရှားနိုင်ပြီလို့ ဘီစလီကပြောပါတယ်။ ဒါပေမယ့် ဆာလောင်မှုနဲ့ကြုံတွေ့ရတဲ့ လူအရေအတွက်ကတော့ သန်း ၂၇၀ အထိ တိုးလာတယ်လို့ ဆက်ပြောပါတယ်။

ငတ်မွတ်မှုအခြေအနေဘေးကို ဝင်ရောက်လာနိုင်ခြေရှိတဲ့ နိုင်ငံ သုံးဒါဇင်လောက်ရှိပြီး အဲဒီအရေးကို ကိုင်တွယ်ဖြေရှင်းဖို့အတွက် လုံလောက်တဲ့ပိုက်ဆံမရှိဘူးလို့ ဘီစလီက ပြောပါတယ်။

### အခြေအနေဆိုးရွားဖွယ်ရှိ

နိုင်ငံပေါင်း ၂၀ မှာ အစားအသောက်ဖူလုံမှု မရှိခြင်းနဲ့ ကြုံတွေ့လာနိုင်တယ်လို့ ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေး အဖွဲ့အစည်းနဲ့ကမ္ဘာ့စားနပ် ရိက္ခာအစီအစဉ်တို့ အောက်တိုဘာလအတွင်း ပူးတွဲပြုလုပ်တဲ့ လေ့လာမှုအရ သိရပါတယ်။

ယီမင်၊ တောင်ဆူဒန်နဲ့ နိုင်ဂျီးရီးယား အရှေ့မြောက်ပိုင်း၊ ဘာကီနာဖာဆိုတို့ရဲ့ တချို့သောနေရာတွေမှာ လက်နက်ကိုင်ပဋိပက္ခနဲ့ တခြားသောမတည်ငြိမ်မှုတွေကြောင့် ဆာလောင်မှုအခြေအနေနဲ့ ရင်ဆိုင်ရဖွယ်ရှိပါတယ်လို့ ကုလသမဂ္ဂ အေဂျင်စီက ပြောပါတယ်။

လာမယ့်လတွေအတွင်း အခြေအနေပိုမိုဆိုးရွားပြီး ငတ်မွတ်မှု အခြေအနေအထိ ဆိုးရွားသွားဖွယ်ရှိတယ်လို့ သိရပါတယ်။

### စိုးရိမ်ရတဲ့နှစ်တစ်နှစ်

နောက်ထပ် ဂရုစိုက်ဖို့လိုအပ်နေတဲ့ နိုင်ငံတွေကတော့ အာဖဂန်နစ္စတန်၊ ကွန်ဂို၊ အီသီယိုပီးယား၊ နိုင်ဂျာ၊ ဆီယာလီယွန်၊ ဆိုမာလီ၊ ဆူဒန်၊ ဆီးရီးယား၊ ဗင်နီဇွဲလားနဲ့ ဇင်ဘာဘွေနိုင်ငံတို့ပဲ ဖြစ်ကြပါတယ်။

အခုဆိုရင် ဝင်ငွေနိမ့်တဲ့နိုင်ငံတွေနဲ့ ဝင်ငွေအလယ်အလတ်ရှိတဲ့နိုင်ငံတွေအပေါ် အကြွေးရွှေ့ဆိုင်းထားမှုဟာ ဇန်နဝါရီဆိုရင် သက်တမ်းကုန်တော့မှာပါ။ ကိုဗစ်– ၁၉ ကြောင့် ပိတ်ဆို့ထားရမှုတွေကလည်း ပြန်မဖွင့်နိုင်သေးပါဘူး။ ဒါကြောင့် စီးပွားရေးဟာလည်း အခြေအနေကောင်းမလာဘဲ ၂၀၂၁ ခုနှစ်ဟာ အလွန်စိုးရိမ်ရတဲ့နှစ်တစ်နှစ် ဖြစ်လာတော့မှာပါ။ ။

ဝါရှင်တန်ပို့စ်

---

**နိုင်ငံတကာသတင်းတိုထွာ**

## ယူကရိန်း ကျန်းမာရေးဝန်ကြီးတွင် ကိုဗစ် – ၁၉ ကူးစက်ခံရ

**ကီယက်ဗ် နိုဝင်ဘာ ၁၅**

ယူကရိန်း ကျန်းမာရေးဝန်ကြီး မက်ဆမ် စတက်ပနော့ဗ်က ၎င်းတွင် ကိုဗစ်– ၁၉ ကူးစက်ခံထားရကြောင်း နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။ လုံခြုံစိတ်ချရရေးနှင့် အကာအကွယ်အစီအမံများ ပြုလုပ်ထားသော်လည်း ကိုဗစ်– ၁၉ ကူးစက်ခံထားရကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် ပြောကြားခဲ့သည်။

ယူကရိန်းပြည်သူများအနေဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်သည့် အစီအမံများကို လိုက်နာရန်နှင့် လူစုလူဝေးရှိရာသို့ မသွားရောက်ကြရန်လည်း တိုက်တွန်းထားသည်။

နိုဝင်ဘာ ၁၄ ရက်အထိ ယူကရိန်းနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူပေါင်း ၅၂၅၁၇၆ ဦးရှိပြီး သေဆုံးသူ ၉၅၀၈ ဦး ရှိသည်။ ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၂၃၈၈၁၁ ဦးရှိသည်ဟု ယူကရိန်းကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

## မက္ကဆီကိုတွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူ တစ်သန်းကျော်လာပြီး သေဆုံးသူ တစ်သိန်းခန့်ဖြစ်လာ

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁၅**

မက္ကဆီကိုနိုင်ငံတွင် နိုဝင်ဘာ ၁၃ ရက်က ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၅၈၆၀ ထပ်မံတွေ့ရှိခဲ့သည့်အတွက် တစ်နိုင်ငံလုံးအနှံ့ ကူးစက်ခံရသူ အရေအတွက်မှာ ၁၀၀၃၂၅၃ ဦး ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုစဉ် ကိုဗစ်– ၁၉ နှင့် ဆက်စပ်ပြီး ၆၃၅ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူဦးရေ ၉၈၂၅၉ ဦးအထိ ရှိလာခဲ့သည်။ အမှန်တကယ် ကူးစက်ခံရသူအရေအတွက်မှာ စာရင်းရှိနှုန်းထက် ပိုမိုများပြားနိုင်သည်ဟုလည်း မက္ကဆီကို အာဏာပိုင်များက ပြောသည်။ မြောက်ပိုင်းပြည်နယ်ဖြစ်သည့် ဒူရန်ဂိုအာနှင့် အိမ်နီးချင်း ပြည်နယ် ချီဟွာဟွာတွင် ကိုဗစ်–၁၉ ကူးစက်မှုနှုန်းမှာ အမြင့်ဆုံးအဆင့်တွင် ရောက်ရှိနေသည်။ ထို့ကြောင့် ကိုဗစ်– ၁၉ သတိပေးချက်အဆင့် အမြင့်ဆုံးအထိ ထုတ်ပြန်ထားရသည်။ အဆိုပါ မြောက်ပိုင်းပြည်နယ်နှစ်ခုမှလွဲ၍ ကျန်ပြည်နယ်များတွင်မူ အဝါရောင်အဆင့် သတိပေးချက် ထုတ်ပြန်ထားသည်။

ကိုဗစ်–၁၉ ကြောင့် မက္ကဆီကိုတွင် ကိုးရာခိုင်နှုန်းစီးပွားရေးကျဆင်းလျက်ရှိသည်ဟု အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ပြောသည်။ မက္ကဆီကိုနိုင်ငံတွင် ဖေဖော်ဝါရီ ၂၈ ရက်မှစတင်ကာ ကိုဗစ်– ၁၉ ကူးစက်လူနာကို ပထမဆုံး စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# ဩစတြီးယားနိုင်ငံတွင် ဒုတိယအကြိမ်မြောက် အသွားအလာပိတ်ဆို့ကန့်သတ်မှုကို နိုဝင်ဘာ ၁၇ ရက်တွင်စတင်မည်

ဗီယင်နာ နိုဝင်ဘာ ၁၅

**ဩစတြီးယားနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်မှုများ ပိုမိုများပြားလာသဖြင့် နိုဝင်ဘာ ၁၇ ရက်မှစတင်ကာ တစ်နိုင်ငံလုံးအနှံ့ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ဒုတိယအကြိမ်အဖြစ် စတင်မည်ဟုသိရသည်။**

ညအချိန်အတွင်း အပြင်မထွက်ရအမိန့်ကို နိုဝင်ဘာ ၃ ရက်မှစတင်ကာ ထုတ်ပြန်ခဲ့ပြီး စားသောက်ဆိုင်များတွင် ဆိုင်ထိုင်၍ စားသောက်မှုကိုလည်း တားမြစ်ထားသည်။

သို့သော်လည်း ယခုသီတင်းပတ်အတွင်း နေ့စဉ် ကူးစက်မှုနှုန်းမှာ ၉၀၀၀ အထိ ရှိလာသဖြင့် ဒုတိယအကြိမ်အဖြစ် တစ်နိုင်ငံလုံးအနှံ့အသွားအလာပိတ်ဆို့ကန့်သတ်မှုပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးအနှံ့ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ဝန်ကြီးချုပ် ဆီဘတ်စတိန်းကာ့ဇ် က နိုဝင်ဘာ ၁၄ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

နေ့ဘက်ကာလအတွင်း အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ဒီဇင်ဘာ ၆ ရက်အထိ ထားရှိသွားမည်ဖြစ်သည်။ ဆေးဘက်စနစ် ပြိုလဲမသွားစေရေးအတွက် ယခုလို လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စည်းကမ်းအသစ်အောက်တွင် လူများသည်အလုပ်သွားရန်နှင့် ဆေးဘက်ဆိုင်ရာ လိုအပ်ချက်များအတွက်သာ အပြင်သို့ ထွက်ခွာခွင့်ရမည်ဖြစ်သည်။

ထို့ပြင် စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်လက်လှုပ်ရှားမှုများအတွက် အပြင်သို့ ထွက်ခွာခွင့်ပေးမည်ဖြစ်သည်။

စူပါမားကက်များ၊ ဆေးဆိုင်များနှင့် ဘဏ်များကိုမူ ဆက်လက် ဖွင့်ခွင့်ပေးထားမည်ဖြစ်သည်။

ကျောင်းများတွင်လည်း အဝေးမှသင်ကြားနည်းစနစ်ကိုသာ အသုံးပြုမည်ဖြစ်သည်။

ဩစတြီးယားနိုင်ငံတွင် ပထမအကြိမ်အသွားအလာပိတ်ဆို့ကန့်သတ်မှုကို မတ်လအတွင်းက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**




ဗီယင်နာမြို့လမ်းမထက်တွင် သွားလာလှုပ်ရှားသူများကို တွေ့ရစဉ်။

# ပီရူးနိုင်ငံတွင် ဆန္ဒပြသူ သုံးဦးသေဆုံးပြီးနောက် သမ္မတရာထူးမှ နုတ်ထွက်ပေးရေး တောင်းဆို

**လီမာ နိုဝင်ဘာ ၁၅**

ပီရူးနိုင်ငံတွင် အစိုးရအဖွဲ့သစ်ကို ဆန္ဒပြသူများအား အကြမ်းဖက်နှိမ်နင်းရာမှ လူသုံးဦးထက်မနည်း သေဆုံးပြီး ၆၀ ကျော် ဒဏ်ရာရရှိခဲ့သည့်အတွက် ကြားဖြတ်သမ္မတ မန်နျူရယ် မရင်နိ ရာထူးမှ နုတ်ထွက်ပေးရေး ပီရူးလွှတ်တော်ခေါင်းဆောင်က တောင်းဆိုခဲ့သည်။



အဓိကရုဏ်းနှိမ်နင်းရေးရဲများနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့နေသည့် ဆန္ဒပြသူများကို တွေ့ရစဉ်။

ယခင်သမ္မတဖြစ်သူ မာတင်ဗစ်ကာရာကို အကျင့်ပျက်ခြစားမှု စွပ်စွဲချက်ဖြင့် ရာထူးမှ ဖယ်ရှားပြီးနောက် မန်နျူရယ် မရင်နိုကို ဆန့်ကျင်သူ ထောင်ပေါင်းများစွာတို့ ဆန္ဒပြခဲ့ကြသည်။

မစ္စတာမရင်နို ရာထူးမှ နုတ်ထွက်ပေးရေး တောင်းဆိုကြောင်း လွှတ်တော် အကြီးအကဲဖြစ်သူ လူးစ်ဝစ် ဗယ်ဒက်စ်က နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

မြို့တော်လီမာတွင် ငြိမ်းချမ်းစွာချီတက် ဆန္ဒပြနေသည့် ဆန္ဒပြသူ သုံးဦး သေဆုံးပြီးနောက် ယခုလို တောင်းဆိုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့က ဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းသည်ကို သိရှိရပြီးနောက် နိုဝင်ဘာ ၁၄ ရက်တွင် မရင်နို အစိုးရအဖွဲ့မှ ဝန်ကြီး ၁၈ ဦးအနက် ၇ ဦး နုတ်ထွက်သွားသည်ဟု သိရသည်။

နိုင်ငံရေး အကျပ်အတည်းများကြောင့် ကြားဖြတ်သမ္မတ မရင်နို နုတ်ထွက်ရေးကို ဦးတည်သွားသည်ဟု သိရသည်။

**အေအက်ဖ်ပီ**

# ကိုဗစ်– ၁၉ သက်သာချောင်ချိရေးဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုနိုင်ရေး ထရမ့်တောင်းဆို

**ဝါရှင်တန် နိုဝင်ဘာ ၁၅**

အမေရိကန်တွင် နိုင်ငံတစ်ဝန်း ကိုဗစ်– ၁၉ ကူးစက်မှုများ တိုးလာသည့်အတွက် ကိုဗစ်– ၁၉ သက်သာချောင်ချိရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုနိုင်ရေးအတွက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က နိုဝင်ဘာ ၁၄ ရက်တွင် တောင်းဆိုခဲ့သည်။

လွှတ်တော်အနေဖြင့် ကိုဗစ်– ၁၉ သက်သာချောင်ချိရေး ဥပဒေကြမ်းကို အတည်ပြုနိုင်ရေး လုပ်ဆောင်ရမည့်အချိန်ဖြစ်ကြောင်းနှင့် ဒီမိုကရက်များ၏ ထောက်ခံမှုကိုလည်း ရယူရန် လိုအပ်ကြောင်း ထရမ့်က တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

နိုဝင်ဘာ ၁၂ ရက်တွင် အမေရိကန်၌ ကိုဗစ်– ၁၉ ကူးစက်ခံရသူ နှစ်သိန်းနီးပါး တွေ့ရှိရပြီးနောက် တစ်ပတ်အတွင်း ငါးကြိမ်မြောက် ကူးစက်မှုအမြင့်ဆုံးအဖြစ် စံချိန်တင်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ်– ၁၉ ကူးစက်မှုများလာခြင်းမှာ အနီရောင်အဆင့်သို့ ရောက်ရှိလာကြောင်း အမေရိကန်လွှတ်တော်အမတ် နန်စီပလိုစီက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်။ လွှတ်တော်အတွင်း ရီပတ်ဗလစ်ကန်အမတ်များ၏ နှောင့်နှေးကြန့်ကြာမှု၊ အရွဲ့တိုက်မှုနှင့် ငြင်းဆိုမှုများကြောင့် လူ့အသက်ပေါင်းများစွာ သေစေနိုင်သည့်အဖြစ်သို့ ဦးတည်သွားနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကိုဗစ်– ၁၉ ကြောင့် အမေရိကန်တွင် လူပေါင်း ၁၀ သန်းကျော် ကူးစက်ခံထားရပြီး ၂၄၀၀၀၀ မှာ ကပ်ရောဂါကြောင့် သေဆုံးခဲ့ရပြီးဖြစ်သည်။

နန်စီပလိုစီနှင့် ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင်တို့သည် ကိုဗစ်– ၁၉ သက်သာချောင်ချိရေးဥပဒေကြမ်းအတွက် လပေါင်းများစွာကြာအောင် ဆွေးနွေးခဲ့ရသည်။ သို့သော်လည်း သဘောတူညီမှု မရရှိသေးပေ။

**ဆင်ဟွာ**

# လက်ဘနွန်နိုင်ငံတွင် တစ်နိုင်ငံလုံးအနှံ့ အသွားအလာပိတ်ဆို့မှုချမှတ်

**ဘေရွတ် နိုဝင်ဘာ ၁၅**

လက်ဘနွန်နိုင်ငံတွင် နိုဝင်ဘာ ၁၄ ရက်က စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ အားကစားခန်းမများ၊ ဈေးဝယ်စင်တာများ ပိတ်ထားပြီးဖြစ်သည်ဟု သိရသည်။

နှစ်ပတ်တာ အသွားအလာပိတ်ဆို့ကန့်သတ်မှု၏ ပထမဆုံးနေ့တွင် ဆိုင်များပိတ်ထားခြင်းဖြစ်သည်။ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ကိုလည်း ကားနံပါတ်များ ခွဲခြား၍ အကန့်အသတ်ဖြင့် သွားခွင့်ပြုထားပြီး ဘေရွတ်မြို့လမ်းမများတွင် လူသူကင်းမဲ့နေသည်ကို တွေ့နေရသည်ဟု ဒေသတွင်းရုပ်သံလိုင်းဖြစ်သည့် အယ်လ်ဘီစီအိုင်တွင် ဖော်ပြထားသည်။ နိုင်ငံတစ်ဝန်းအချို့သောနေရာများတွင် ရဲများကို တပ်ဖြန့်ချထားပြီး အသွားအလာပိတ်ဆို့ကန့်သတ်မှု စည်းကမ်းဖောက်ဖျက်သူများကိုလည်း မှတ်သားထားသည်။

ပြည်သူ့ကျန်းမာရေးကို ဦးစားပေးကာ အသွားအလာပိတ်ဆို့ကန့်သတ်မှုပြုလုပ်ရခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ် ဟတ်ဆန်ဒီယာ့ဘ်က ပြည်သူများကို တိုက်တွန်းထားသည်။ အသွားအလာပိတ်ဆို့ကန့်သတ်မှုမှာ အဖြေတစ်ခုမဟုတ်သော်လည်း ကျန်းမာရေးကဏ္ဍအတွက် ပြင်ဆင်မှုများပြုလုပ်ရန် အထောက်အကူပြုသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ လက်ဘနွန်နိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၁၀၀၀၀၀ ကျော်ရှိလာပြီး သေဆုံးသူ ၈၀၀ နား နီးကပ်လာပြီဖြစ်သည်။

**ဆင်ဟွာ**

# တီဂရေးဒေသ ပဋိပက္ခအတွင်း အီသီယိုပီးယားမှ ပြည်သူများ ဆူဒန်နိုင်ငံသို့ထွက်ပြေး

**အဒစ္စအဘာဘာ နိုဝင်ဘာ ၁၅**

အီသီယိုပီးယားမြောက်ပိုင်း ဒေသဖြစ်သည့် တီဂရေးဒေသတွင် ဒေသခံတပ်များနှင့် အစိုးရတပ်များကြား တိုက်ပွဲများ အရှိန်မြင့်တက်လာသည့်အတွက် အီသီယိုပီးယား နိုင်ငံဘက်မှ လူပေါင်း ၁၅၀၀၀သည် အိမ်နီးချင်း ဆူဒန်နိုင်ငံဘက်သို့ ထွက်ပြေးသွားကြကြောင်း သိရသည်။

အရပ်သားများအစုလိုက် အသတ်ခံရသည်ဟုလည်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုများက ပြောသည်။

နိုဝင်ဘာ ၄ ရက်တွင် အစိုးရအခြေစိုက်စခန်းကို တီဂရေး လူမျိုးစုတပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ပြီးနောက် အီသီယိုပီးယားဝန်ကြီးချုပ် အဘီအာမက်က ထိုးစစ်ဆင်နွှဲရန် အမိန့်ချမှတ်ခဲ့သည်။

အီသီယိုပီးယားဘက်တွင် တိုက်ပွဲများ များလာပြီး ထွက်ပြေးလာရသည့် အမျိုးသမီးများနှင့် ကလေးများသည် ဆူဒန်နိုင်ငံရှိ စခန်းများတွင် အစားအသောက်များ ရရှိရေးအတွက် စောင့်ဆိုင်းနေကြရသည်။

တီဂရေးဒေသတွင် အင်တာနက်နှင့် တယ်လီဖုန်းဆက်သွယ်ရေးများလည်း ဖြတ်တောက်ထားကြောင်း သိရသည်။

ထို့ကြောင့် အခြေအနေမှန်ကို သိရရန် အခက်အခဲများရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အီသီယိုပီးယားမှ ဆူဒန်နိုင်ငံသို့ ထွက်ပြေးလာသူများကို တွေ့ရစဉ်။

# ရိုမေးနီးယားအရှေ့မြောက်ပိုင်းတွင် ဆေးရုံမီးလောင်မှုကြောင့် ကိုဗစ်-၁၉ ကူးစက်ခံထားရသည့် လူနာ ၁၀ ဦးသေဆုံး

**ဘူခါရက်စ် နိုဝင်ဘာ ၁၅**

ရိုမေးနီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် နိုဝင်ဘာ ၁၄ ရက်က ခရိုင်ဆေးရုံတစ်ရုံ၏ အထူးကြပ်မတ်ကုသဆောင်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ရောဂါပြင်းထန်သည့် ကိုဗစ်-၁၉ လူနာ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး နီလူတာတာရူက အတည်ပြုပြောကြားခဲ့သည်။

မီးလောင်မှုကြောင့် လူနာရှစ်ဦးသေဆုံးပြီးနောက် အရေးပေါ်ဌာနရှိ လူနာနှစ်ဦး အသက်ရှူကျပ်ကာ ထပ်မံသေဆုံးခဲ့ကြောင်း မြို့တော်ဘူခါရက်စ်မှ ၃၅၀ ကီလိုမီတာအကွာ ပီယာထရာနိမ့် ဆေးရုံသို့ ရောက်ရှိခဲ့သည့် ကျန်းမာရေးဝန်ကြီးက ပြောသည်။

မီးလောင်မှု စတင်ဖြစ်ပွားချိန်တွင် ကိုဗစ်-၁၉ လူနာများ အရေးပေါ်ကုသဆောင်နှစ်ခုတွင် လူနာ ၁၆ ဦး ရှိနေကြောင်း ဒေသအရေးပေါ်စုံစမ်းစစ်ဆေးမှုအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အီရီနာ ပိုပါက ဒေသမီဒီယာသို့ ပြောကြားခဲ့သည်။

လက်ရှိတွင် မီးလောင်မှုကြောင့် ဒဏ်ရာပြင်းထန်သူများထဲတွင် တာဝန်ကျဆရာဝန်တစ်ဦးအပါအဝင် ခုနစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိထားကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

မီးလောင်သည့်နေရာမှ ကယ်ဆယ်ထားသည့် လူနာများကို အိမ်နီးချင်း လာစီခရိုင်ရှိ ဆေးရုံနှစ်ခုသို့ ဆေးကုသရန်ပို့ဆောင်ထားကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

ယခုဖြစ်ပွားခဲ့သည့် ဆေးရုံမီးလောင်မှုသည် ရိုမေးနီးယားနိုင်ငံတွင် မကြာသေးမီနှစ်အနည်းငယ်အတွင်း အသေအပျောက်အများဆုံး မီးလောင်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



ရိုမေးနီးယားအရှေ့မြောက်ပိုင်းရှိ မီးလောင်မှုဖြစ်ပွားခဲ့သည့်ဆေးရုံကို တွေ့ရစဉ်။

# အမေရိကန်တပ်ဖွဲ့များ အမိမြေသို့ ပြန်ချိန်တန်ပြီဖြစ်ကြောင်း ခေတ္တကာကွယ်ရေးဝန်ကြီး ပြောကြား

**ဝါရှင်တန် နိုဝင်ဘာ ၁၅**

လက်ရှိဖြစ်ပွားနေသည့် စစ်ပွဲမှန်သမျှ အဆုံးသတ်သင့်ပြီဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များအားလုံး အိမ်ပြန်ချိန်တန်ပြီဖြစ်ကြောင်း အမေရိကန်ခေတ္တကာကွယ်ရေး ဝန်ကြီးအဖြစ်ဆောင်ရွက်နေသည့် ခရစ္စတိုဖာ မီလာက ပြောကြားခဲ့မှုကို ပင်တဂွန်စစ်ဌာနက နိုဝင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။

စစ်ပွဲများအားလုံး အဆုံးသတ်သင့်ပြီဖြစ်သလို စစ်ပွဲများ အဆုံးသတ်ရန် ကတိကဝတ်နှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှု လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် ပေးနိုင်သမျှ အရာအားလုံးကို ပေးခဲ့ပြီဖြစ်သည့်အတွက် ယခုအခါ အိမ်ပြန်ချိန်ရောက်လာပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန အမှုထမ်းများအားလုံးသို့ ပေးပို့သည့်စာတွင် မီလာက ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

၂၀၀၁ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့သည့် အယ်လ်ကိုင်ဒါစစ်သွေးကြွအဖွဲ့ကို တိုက်ထုတ်သည့် စစ်ပွဲပြီးဆုံးစေမည်ဟု ကတိပေးခဲ့သည့်အတိုင်း အမေရိကန်က ကြိုးစားလျက်ရှိကြောင်းလည်း ၎င်းကပြောသည်။ ယင်းတိုက်ပွဲသည် အချိန် ကြာမြင့်လှပြီဖြစ်သလို မိမိတို့၏ ပေးဆပ်စွန့်စားမှုမှာလည်း လွန်စွာကြီးမားခဲ့ကြောင်း၊ သို့ရာတွင် ခေါင်းဆောင်မှုအခန်းကဏ္ဍမှ ကူညီပံ့ပိုးမှု အခန်းကဏ္ဍသို့ ပြောင်းလဲရန် ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုက အရေး ကြီးကြောင်း ခရစ္စတိုဖာမီလာ က ပြောကြားခဲ့သည်။

အာဖဂန်၌ ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၂၄၀၀ ခန့် သေဆုံးခဲ့ရပြီး ယင်းစစ်ပွဲသည် အမေရိကန်သမိုင်းတစ်လျှောက် အရှည်ကြာဆုံးစစ်ပွဲဖြစ်ခဲ့သည်။ သမ္မတထရမ့်သည် အာဖဂန်စစ်ပွဲအတွင်း ပါဝင်တိုက်ခိုက်ခဲ့သည့် အမေရိကန်အထူးတပ်ဖွဲ့စစ်မှုထမ်းဟောင်း တစ်ဦးဖြစ်သူ ခစ္စတိုဖာ မီလာကို ကာကွယ်ရေးဝန်ကြီးဟောင်း မာ့ခ်အက်စပါနေရာတွင် အစားထိုး ခန့်အပ်ခဲ့သည်။

ဆင်ဟွာ



အမေရိကန်ခေတ္တကာကွယ်ရေးဝန်ကြီး ခရစ္စတိုဖာ မီလာ။

# ဖွံ့ဖြိုးဆဲနိုင်ငံများ ကြွေးမြီသက်သာခွင့်ရရှိစေရန် ဂျီ -၂၀ အဖွဲ့ဝင်များ ကြိုးပမ်း

**တိုကျို နိုဝင်ဘာ ၁၅**

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှု နောက်ဆက်တွဲအခြေအနေများကြောင့် စီးပွားရေးထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် ဖွံ့ဖြိုးဆဲနိုင်ငံများကို စီးပွားရေးဆိုင်ရာ အကူအညီများ ပိုမိုပေးအပ်နိုင်စေရေး ဂျီ- ၂၀ အဖွဲ့ဝင်နိုင်ငံများက သဘောတူခဲ့ကြောင်း သိရသည်။

ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် ဂျီ -၂၀ အဖွဲ့ဝင်နိုင်ငံများမှာ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများသည် နိုဝင်ဘာ ၁၃ ရက်က ဗီဒီယိုကွန်ဖရင့်အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် ကြွေးမြီတစ်စိတ်တစ်ပိုင်းလျှော့ချရေးနှင့် ကြွေးမြီပိုမိုသက်သာခွင့်ရရှိစေရေး ဆောင်ရွက်နိုင်စေမည့် မူဘောင်သစ်တစ်ခုကို အစည်းအဝေးတက်ရောက်လာသူများက သဘောတူညီခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ကြွေးမြီရှင်များအနေဖြင့်လည်း ကြွေးမြီဆိုင်ရာသတင်းအချက်အလက်များကို သိလွယ်မြင်လွယ်ဖြစ်စေရေး လုပ်ဆောင်ကြရန် ဂျီ- ၂၀ အဖွဲ့ ၏ အပြီးသတ်ထုတ်ပြန်ချက်တွင် တိုက်တွန်းထားသည်။

ဂျီ -၂၀ အဖွဲ့ဝင်နိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများက ဆပ်ရန်ကျန်ရှိသည့် ကြွေးမြီများကို နောက်ထပ်ခြောက်လအထိ ဆိုင်းငံ့ပေးရန် ပြီးခဲ့သည့် အောက်တိုဘာလတွင် သဘောတူခဲ့ကြောင်းသိရသည်။

အင်န်အိတ်ချ်ကေ

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လေထုညစ်ညမ်းမှုအခြေအနေပိုဆိုးလျက်ရှိ

**နယူးဒေလီ နိုဝင်ဘာ ၁၅**

အိန္ဒိယနိုင်ငံတွင် ပြည်သူများသည် ဒီပါဝလီပွဲတော်နေ့ရက်၌ တားမြစ်ထားသည့်စည်းကမ်းများကို လိုက်နာခြင်းမရှိဘဲ မီးရှူးမီးပန်းပစ်ဖောက်မှုများ ပြုလုပ်ခဲ့ရာ နိုဝင်ဘာ ၁၄ ရက်ညက မြို့တော်နယူးဒေလီနှင့် အနီးအနားဧရိယာများတွင် လေထုညစ်ညမ်းမှုအခြေအနေများ ပိုမိုဆိုးရွားခဲ့ကြောင်း သိရသည်။

မြို့တော်နယူးဒေလီ၌ လေထုအရည်အသွေး အညွှန်းကိန်းဖော်ပြချက်အရ PM 2.5 ခေါ် လေထုအတွင်း ညစ်ညမ်းမှုဖြစ်စေသည့် အမှုန်များပါဝင်မှုမှာ ၅၅၀ နီးပါးဖြစ်ကြောင်း လေထုအရည်အသွေးနှင့် မိုးလေဝသ ခန့်မှန်းတွက်ချက်မှုဆိုင်ရာ သုတေသနအဖွဲ့က နောက်ဆုံးဖော်ပြခဲ့သည့် အချက်အလက်များအရ သိရသည်။

ဒေလီ လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးကော်မတီက ဖော်ပြသည့်အချက်အလက်အရ နိုဝင်ဘာ ၁၅ ရက် ဒေသစံတော်ချိန် နေ့လယ် ၁၀ နာရီတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ လေထုအရည်အသွေးသည် PM 2.5 ပါဝင်မှု ၅၀၀ ခန့်ဖြစ်ပြီး PM 10 ပါဝင်မှု ၆၃၀ အထက်ရှိကြောင်း သိရသည်။

PM 2.5 ပါဝင်မှု ၄၀၁ နှင့် ၅၀၀ အကြားရှိနေသည့် လေထုအရည်အသွေးကို ပြင်းထန်သည့် လေထုညစ်ညမ်းမှုအဆင့် သတ်မှတ်ထားပြီး ယင်းအခြေအနေတွင် အသက်ရှူစနစ်ကို ပြင်းပြင်းထန်ထန်ထိခိုက်စေနိုင်သည့်အတွက် ပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ဆင်ဟွာ



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် လေထုညစ်ညမ်းမှုကြောင့် မြူများဖုံးလွှမ်းနေမှုကို တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံတွင် တိုက်ဖွန်းမုန်တိုင်း ဗမ်ကိုကြောင့် သေဆုံးသူ ၆၇ ဦးအထိ ရှိလာ

**မနီလာ နိုဝင်ဘာ ၁၅**

ယခုသီတင်းပတ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့် တိုက်ဖွန်းမုန်တိုင်းဗမ်ကိုကြောင့် သေဆုံးသူဦးရေမှာ ၆၇ ဦးအထိ ရှိလာကြောင်း အမျိုးသားသဘာဝဘေးအေဂျင်စီက နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်။ မြေပြိုမှုနှင့်ရေကြီးမှုတို့ကြောင့် လူ ၁၂ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု အမျိုးသားသဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီကပြောသည်။

ထိုစဉ် မုန်တိုင်းဒဏ်ခံ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ကာဂါယန်းနှင့် အစ္စဘယ်လာပြည်နယ်တို့တွင် သန့်ရှင်းသောသောက်သုံးရေနှင့်အစားအသောက်များရရှိရေးအတွက်လည်း ကယ်ဆယ်ရေးလုပ်သားများက ကြိုးပမ်းလျက်ရှိသည်။ လူဇုန်ကျွန်း မာဂတ်ရေလှောင်တမံ လျှံတက်မှုဖြစ်ပွား၍ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည့် ဒေသများသို့လည်း ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေး သွားရောက်ခဲ့ကြောင်း သိရသည်။

ရေကြီးမှုမဖြစ်ပေါ်မီ ဒေသခံအချို့မှာ နေအိမ်များမှ စွန့်ခွာသွားရန် ငြင်းဆိုခဲ့ကြောင်း ကာဂါယန်းပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုရုံးမှ အကြီးအကဲဖြစ်သူ အက်စီယို မက်ကာလန်က ပြောသည်။ ဒေသခံအချို့သည် နေအိမ်မှ စွန့်ခွာရန် ငြင်းဆိုနေကြပြီး ခေါင်မိုးပေါ်တွင် တက်နေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# ပထမအကြိမ် အမျိုးသားကျန်းမာရေးနေ့အထိမ်းအမှတ်လှုပ်ရှားမှုအဖြစ် ပြည်သူလူထုအား နှာခေါင်းစည်းများ ဝေငှခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၁၅**

ပထမအကြိမ် အမျိုးသားကျန်းမာရေးနေ့ (National Health Day) အထိမ်းအမှတ်လှုပ်ရှားမှုအဖြစ် မန္တလေးမြို့ရှိ အသွားအလာများသော နေရာများ၊ ဈေးများတွင် နှာခေါင်းစည်းများ ဝေငှခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူ များက ယနေ့နံနက်ပိုင်းတွင် လိုက်လံကြည့်ရှုအားပေးသည်။ **(ယာပုံ)**



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းများကို ကျန်းမာရေး အသိပညာမြင့်တင်ခြင်း မှတစ်ဆင့် ပြည်သူများမှ ကျယ်ပြန့်စွာသိရှိ ပူးပေါင်းဆောင်ရွက်လာစေရန်၊ ကျန်းမာရေးနှင့်ညီညွတ်စွာ ပြုမူနေထိုင်လာကြခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားပုံမှန်ပြုလုပ်ခြင်းဖြင့် မကူးစက်တတ်သော ရောဂါများနှင့်အခြား ရောဂါများဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်နိုင်လာကြစေရန်၊ ဝန်ကြီးဌာန စတင်တည်ထောင်ချိန်မှစတင်၍ ပြည်သူတို့အတွက် ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ထူးခြားထင်ရှားသော ဝန်ဆောင်မှုများကို မှတ်တမ်းတင်ထားရှိရန်စသည်တို့ကို ရည်ရွယ်၍ အမျိုးသားကျန်းမာရေးနေ့ လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အထိမ်းအမှတ်လှုပ်ရှားမှုတွင် တိုင်းဒေသကြီးကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးကော်မတီမှ တာဝန်ရှိသူများ၊ သူနာပြု၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ပြီး ယင်းဆောင်ရွက်နေမှုများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များက လိုက်လံကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ် မှန်တန်းရပ်ကွက် နန်းရတနာဈေးအရှေ့စစ်ကိုင်း-မန္တလေးလမ်းနှင့် အမရပူရမြို့နယ်သို့ သွားရာလမ်းတစ်လျှောက်၊ မဟာအောင်မြေမြို့နယ် ၆၈ လမ်းနှင့် ၇၁ လမ်းကြား၊ ရေနီမြောင်းလမ်းတစ်လျှောက်နှင့် ပျံကျဈေးတို့တွင် လမ်းသွားလမ်းလာ ပြည်သူများ၊ ဈေးသူဈေးသားများကို နှာခေါင်းစည်းများ လိုက်လံဝေငှခြင်းနှင့် လက်ကိုင်အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပညာပေးခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး ပူးပေါင်းအဖွဲ့နှင့် ပြည်သူလူထုများ၊ ဈေးသူဈေးသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် ပထမအကြိမ် အမျိုးသားကျန်းမာရေးနေ့ (National Health Day)ဆိုင်ရာ လှုပ်ရှားမှုများကို နိုဝင်ဘာ ၁၄ ရက်၌ အထိမ်းအမှတ်အဖြစ် စတင်ဆောင်ရွက်၍ တစ်နှစ်တာကာလပတ်လုံးတွင် အမျိုးသားကျန်းမာရေးနေ့၏ ရည်ရွယ်ချက်များကို ရရှိအောင်မြင်စေရန် အတူတကွ ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ပထမအကြိမ် အမျိုးသားကျန်းမာရေးနေ့ ဆောင်ပုဒ်မှာ **"ကျန်းမာရေးအသိပညာ မြင့်မားဖို့ အားလုံးပါဝင် ဆောင်ရွက်စို့"** ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ပဲခူးမြို့ပေါ်ရှိ အခြေခံလူတန်းစားများအတွက် အလှူငွေလှူဒါန်း

**ပဲခူး နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် နိုဝင်ဘာ ၁၅ ရက်က ပဲခူးမြို့ပေါ်ရပ်ကွက်အသီးသီးရှိ အခြေခံ လူတန်းစားများအတွက် စားသောက်ကုန်များ လှူဒါန်းပေးနိုင်ရန် သီရိဟံခန်းမတွင် ဖွင့်လှစ်ထားရှိသော We Love Bago စုပေါင်းစွမ်းအား ကမ်းလက်များအဖွဲ့သို့ အလှူငွေများ လှူဒါန်းခြင်းနှင့် စောင့်ကြည့်စခန်းများရှိ စေတနာ့ဝန်ထမ်းများအတွက် ထမင်းထုပ်များ လှူဒါန်းပေးခြင်း အခမ်းအနား ကျင်းပခဲ့သည်။ **(ယာပုံ)**



အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်၊ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ We Love Bago စုပေါင်းစွမ်းအား ကမ်းလက်များအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းအဖွဲ့များ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးမြို့ပေါ်ရပ်ကွက်အသီးသီးရှိ အခြေခံလူတန်းစားများအတွက် စားသောက်ကုန်များ လှူဒါန်းပေးနိုင်ရန်နှင့် ကျန်းမာရေးစောင့်ကြည့်စခန်းများရှိ စေတနာ့ဝန်ထမ်းများအတွက် ထမင်းထုပ်များအား ပေးအပ်လှူဒါန်းရာ We Love Bago စုပေါင်းစွမ်းအား ကမ်းလက်များအဖွဲ့နာယက ဦးဝင်းနှင့် ဥက္ကဋ္ဌ ဦးတင်စိုးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းနှင့် We Love Bago တံဆိပ်ပါ အမှတ်တရအင်္ကျီ လက်ဆောင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် We Love Bago စုပေါင်းစွမ်းအား ကမ်းလက်များအဖွဲ့ ဥက္ကဋ္ဌ ဦးတင်စိုးက We Love Bago စုပေါင်းစွမ်းအား ကမ်းလက်များအဖွဲ့မှ ပဲခူးမြို့ပေါ်ရှိ စားဝတ်နေရေးခက်ခဲနေသော အခြေခံလူတန်းစားများထံ အခြေခံစားသောက်ကုန်များ လှူဒါန်းပေးနေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စေတနာ့ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကားနှင့် စောင့်ကြည့်စခန်းများတွင် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏အစီအစဉ်ဖြင့် ပဲခူးမြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာ ဒါယကာ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းဖြစ်သည့် ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်၊ မြို့မပရိယတ္တိစာသင်တိုက်၊ ဝင်းနိမ္မိတာရုံ ပရိယတ္တိစာသင်တိုက်၊ ကံထူးဓမ္မရိပ်သာ ကျောင်းတိုက်နှင့် သာမဏေကျော် ပရိယတ္တိစာသင်တိုက်တို့မှ ပဓာနနာယက ဆရာတော်ကြီးများထံသို့ ဝန်ကြီးချုပ် ဦးဝင်းသိန်း၏ ကိုယ်စား တိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်အောင်က လှူဖွယ်ပစ္စည်းများ သွားရောက် ဆက်ကပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျောဇီနယ်မြေရဲစခန်းမှူး ရဲအုပ် ဆလိုင်းထန်းဆွေ ဦးစီးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၃ ရက်က ကျောဇီတိုက်နယ်ဆေးရုံ၌ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ပြည်သူများအား ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ရေးအတွက် အပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ပညာပေးဆွေးနွေးစဉ်။ သတင်းစဉ်

# ချီဖွေမြို့နယ်၌ အခြေခံအိမ်ထောင်စု ၂၂၀၀ ကျော်အတွက် ထောက်ပံ့ငွေပေးအပ်

**ချီဖွေ နိုဝင်ဘာ ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု ၂၂၄၁ စုတို့အတွက် နိုင်ငံတော်က စတုတ္ထအကြိမ်အဖြစ် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်းစီကို ယမန်နေ့က အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ချီဖွေမြို့နယ်အတွင်း မြို့ပေါ်သုံးရပ်ကွက်၊ ပန်ဝါမြို့ပေါ်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၉ အုပ်စုတို့ရှိ အိမ်ထောင်စုပေါင်း ၂၂၄၁ စုအတွက် တစ်အိမ်ထောင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၄၈၂၀၀၀၀ အား ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ရပ်ကျေးစာရေးများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အညီ ထောက်ပံ့ပြီးစီးခဲ့ပြီဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေထံမှ သိရသည်။

**နန်းမြင့်(ပြန်/ဆက်)**



# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၅-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၁၄-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၇၇) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | တောင်ဥက္ကလာပ | ၉၃ |
| | | လှိုင်သာယာ | ၈၃ |
| | | ရွှေပြည်သာ | ၆၆ |
| | | အင်းစိန် | ၅၄ |
| | | လှိုင် | ၅၃ |
| | | မင်္ဂလာဒုံ | ၄၄ |
| | | မြောက်ဥက္ကလာပ | ၃၈ |
| | | ကမာရွတ် | ၃၆ |
| | | သင်္ဃန်းကျွန်း | ၃၄ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃၂ |
| | | သာကေတ | ၂၉ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၃ |
| | | မင်္ဂလာတောင်ညွန့် | ၂၁ |
| | | မှော်ဘီ | ၂၀ |
| | | သန်လျင် | ၂၀ |
| | | စမ်းချောင်း | ၂၀ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၉ |
| | | တာမွေ | ၁၈ |
| | | ဒေါပုံ | ၁၅ |
| | | ထန်းတပင် | ၁၅ |
| | | အလုံ | ၁၄ |
| | | မရမ်းကုန်း | ၁၄ |
| | | ကြည့်မြင်တိုင် | ၁၃ |
| | | ရန်ကင်း | ၁၁ |
| | | ဒဂုံဆိပ်ကမ်း | ၁၁ |
| | | ပုဇွန်တောင် | ၁၂ |
| | | လမ်းမတော် | ၉ |
| | | ကွမ်းခြံကုန်း | ၉ |
| | | ဗဟန်း | ၈ |
| | | ဒလ | ၈ |
| | | ကျောက်တန်း | ၆ |
| | | ကော့မှူး | ၄ |
| | | ဒဂုံ* | ၄ |
| | | လှည်းကူး | ၄ |
| | | လသာ | ၃ |
| | | တွံတေး | ၃ |
| | | ဆိပ်ကြီးခနောင်တို | ၂ |
| | | ကျောက်တံတား | ၂ |
| | | သုံးခွ | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | စုစုပေါင်း | ၈၇၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၃၅ |
| | | ချမ်းမြသာစည် | ၂၃ |
| | | အမရပူရ | ၁၂ |
| | | သာစည် | ၉ |
| | | ချမ်းအေးသာစံ | ၉ |
| | | အောင်မြေသာဇံ | ၈ |
| | | ပြည်ကြီးတံခွန် | ၇ |
| | | တောင်သာ | ၄ |
| | | ပျော်ဘွယ် | ၃ |
| | | ပုသိမ်ကြီး | ၂ |
| | | မိုးကုတ် | ၂ |
| | | မိတ္ထီလာ | ၂ |
| | | ကျောက်ဆည် | ၁ |
| | | မတ္တရာ | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | စုစုပေါင်း | ၁၂၀ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၂၁ |
| | | သဲကုန်း | ၁၃ |
| | | မိုးညို | ၁၁ |
| | | ကဝ | ၉ |
| | | နတ်တလင်း | ၈ |
| | | သနပ်ပင် | ၆ |
| | | အုတ်တွင်း | ၆ |
| | | ရွှေတောင် | ၆ |
| | | ဝေါ | ၂ |
| | | တောင်ငူ | ၁ |
| | | ဖြူး | ၁ |
| | | လက်ပံတန်း | ၁ |
| | | စုစုပေါင်း | ၈၅ |
| ၄။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၁၇ |
| | | မြို့သစ် | ၁၃ |
| | | ရေစကြို | ၇ |
| | | နတ်မောက် | ၇ |
| | | တောင်တွင်းကြီး | ၅ |
| | | မကွေး | ၄ |
| | | မင်းလှ | ၃ |
| | | ပွင့်ဖြူ | ၃ |
| | | ရေနံချောင်း | ၂ |
| | | မြိုင် | ၂ |
| | | ကံမ | ၂ |
| | | မင်းဘူး | ၂ |
| | | ပခုက္ကူ | ၂ |
| | | ဆိပ်ဖြူ | ၂ |
| | | ဂန့်ဂေါ | ၁ |
| | | ချောက် | ၁ |
| | | ပေါက် | ၁ |
| | | ထီးလင်း | ၁ |
| | | စုစုပေါင်း | ၇၅ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ကျိုက်လတ် | ၁၄ |
| | | ညောင်တုန်း | ၈ |
| | | ဒေးဒရဲ | ၅ |
| | | ဟင်္သာတ | ၄ |
| | | ကန်ကြီးထောင့် | ၄ |
| | | ပုသိမ် | ၄ |
| | | ဓနုဖြူ | ၃ |
| | | အိမ်မဲ | ၃ |
| | | ဘိုကလေး | ၃ |
| | | မော်လမြိုင်ကျွန်း | ၃ |
| | | မအူပင် | ၃ |
| | | မြန်အောင် | ၂ |
| | | ဖျာပုံ | ၁ |
| | | ကျောင်းကုန်း | ၁ |
| | | စုစုပေါင်း | ၅၈ |
| ၆။ | ရခိုင်ပြည်နယ် | မောင်တော | ၁၁ |
| | | ဘူးသီးတောင် | ၆ |
| | | စစ်တွေ | ၄ |
| | | ရသေ့တောင် | ၃ |
| | | ရမ်းဗြဲ | ၃ |
| | | ကျောက်တော် | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၂၉ |
| ၇။ | မွန်ပြည်နယ် | သထုံ | ၈ |
| | | ကျိုက်ထို | ၂ |
| | | စုစုပေါင်း | ၁၀ |
| ၈။ | ရှမ်းပြည်နယ် | တောင်ကြီး | ၄ |
| | | ကျောက်မဲ | ၃ |
| | | ပင်လောင်း | ၁ |
| | | ဆီဆိုင် | ၁ |
| | | စုစုပေါင်း | ၉ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၅ |
| | | ဘုတလင် | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၀။ | နေပြည်တော် | ဇမ္ဗူသီရိ | ၂ |
| | | ပျဉ်းမနား | ၁ |
| | | ဇေယျာသီရိ | ၁ |
| | | လယ်ဝေး | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၁။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၄ |
| | | စုစုပေါင်း | ၄ |
| ၁၂။ | ချင်းပြည်နယ် | မင်းတပ် | ၃ |
| | | စုစုပေါင်း | ၃ |
| ၁၃။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၁၄-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၂၇၇) ဦး |

* ဒဂုံမြို့နယ်မှ (၁)ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူ ဖြစ်ပါသည်။

မှတ်ချက်။ (၁၄-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၇၇) ဦးတွင် အနံ့မရရှိသူ (၂၇၃) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




မိမိနှင့် မိမိ မိသားစု
လုံခြုံစေချင်ပါသလား။
တတ်နိုင်သမျှ
အိမ်တွင်နေပါ။
မဖြစ်မနေ
အပြင်ထွက်တိုင်း
ပါးစပ်နှင့်
နှာခေါင်းစည်းကို
စနစ်တကျ
အသုံးပြုပါ။
အသုံးပြုပြီး
ပါးစပ်နှင့်
နှာခေါင်းစည်းကို
အမှိုက်ပုံးထဲသို့
စနစ်တကျစွန့်ပစ်ပါ။
ပြီးလျှင် လက်ကို
စနစ်တကျပြန်ဆေးပါ။




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ Help Line ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ်အကူအညီ ရယူနိုင်ပါတယ်။




အိမ်တွင်းအကြမ်းဖက်မှုများအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကူစားရေးအဖွဲ့(မြန်မာ)၏ Hot Line ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈သို့လည်းကောင်း၊ ၀၉-၂၆၆၆၈၄၄၄၉ သို့ လည်းကောင်း ဆက်သွယ်အကူအညီ ရယူနိုင်ပါသည်။

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၉၈၃ ဦး တွေ့ရှိ

COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၅–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၄–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃,၃၄၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉၈၃) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၅–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၉၀) ခု | (၂၃၉) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၃၇၇) ခု | (၇၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈၇) ခု | (၆၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၂၄) ခု | (၃) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၅) ခု | (၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၂၈) ခု | (၄၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၅၀) ခု | (၂၁၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၅၅၆) ခု | (၃၃၆) ဦး |
| **စုစုပေါင်း** | (၁၃,၃၄၇) ခု | (၉၈၃) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၁၅–၁၁–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၃,၃၄၇) ဦး | (၈၉၇,၃၅၂) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၉၈၃) ဦး | (၆၈,၉၉၄) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၉၈၉) ဦး | (၅၂,၃၅၁) ဦး |
| သေဆုံးလူနာ | (၂၅) ဦး | (၁,၅၇၇) ဦး |

- ယနေ့ **သေဆုံးသူ (၂၅) ဦး** အနက် ရောဂါအခံရှိသူ (၂၀) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၉၈၉) ဦးတွင်–
  - o ပြည်သူ့ဆေးရုံများ – (၂၇၁) ဦး
  - o COVID–19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) – (၇၁၈) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၇၄၁)ဦးတွင်–
  - o Hotel Quarantine – (၁၄၁) ဦး
  - o Facility Quarantine – (၁၄၁) ဦး
  - o Community Based Facility Quarantine – (၃၅၃) ဦး
  - o Anosmia Center – (၁၀၆) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၁၅-၁၁- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၁၂၃၂၆၉၄ | ၆၈၉၁၄၂၇ | ၂၅၁၂၇၁ |
| ၂။ | အိန္ဒိယ | ၈၈၃၄၃၃၁ | ၈၂၂၈၈၉၆ | ၁၂၉၉၁၄ |
| ၃။ | ဘရာဇီး | ၅၈၄၈၉၅၉ | ၅၂၉၁၅၁၁ | ၁၆၅၆၇၃ |
| ၄။ | ပြင်သစ် | ၁၉၅၄၅၉၉ | ၁၃၉၁၄၀ | ၄၄၂၄၆ |
| ၅။ | ရုရှား | ၁၉၂၅၈၂၅ | ၁၄၃၉၉၈၅ | ၃၃၁၈၆ |
| ၆။ | စပိန် | ၁၄၉၂၆၀၈ | စိစစ်ဆဲ | ၄၀၇၆၉ |
| ၇။ | ဗြိတိန် | ၁၃၄၄၃၅၆ | စိစစ်ဆဲ | ၅၁၇၆၆ |
| ၈။ | အာဂျင်တီးနား | ၁၃၀၄၈၄၆ | ၁၁၁၉၃၆၆ | ၃၅၃၀၇ |
| ၉။ | ကိုလံဘီယာ | ၁၁၉၁၀၀၄ | ၁၀၉၇၅၇၆ | ၃၃၈၂၉ |
| ၁၀။ | အီတလီ | ၁၁၄၄၅၅၂ | ၄၁၁၄၃၄ | ၄၄၆၈၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၅– ၁၁ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၆၇၁၁၃ | ၃၉၁၉၉၁ | ၁၅၂၁၁ |
| ဖိလစ်ပိုင် | ၄၀၇၈၃၈ | ၃၇၄၃၂၉ | ၇၈၃၂ |
| မြန်မာ | ၆၈၉၉၄ | ၅၂၃၅၁ | ၁၅၇၇ |
| စင်ကာပူ | ၅၈၁၁၉ | ၅၈၀၂၉ | ၂၈ |
| မလေးရှား | ၄၇၄၁၇ | ၃၄၇၈၅ | ၃၀၉ |
| ထိုင်း | ၃၈၇၄ | ၃၇၁၅ | ၆၀ |
| ဗီယက်နမ် | ၁၂၈၁ | ၁၁၀၃ | ၃၅ |
| ကမ္ဘောဒီးယား | ၃၀၂ | ၂၈၉ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် နိုဝင်ဘာ ၁၅

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ


## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် နိုဝင်ဘာ ၁၅

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်း မှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများကို ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် Dragon Tun ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ (ဓါတ်ပုံ)

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၈၂ ဦး၊ လာအိုမှ နှစ်ဦး၊ ဂျပန်မှ ရှစ်ဦး၊ တူရကီမှခြောက်ဦး၊ အာရပ်စော်ဘွားများ ပြည်ထောင်စုမှတစ်ဦး၊ မြန်မာသင်္ဘောသားစုစုပေါင်း ၉၉ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှုခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ခုတင် ၅၀ ဆေးရုံကို အရန်ဆေးရုံ(၂)အဖြစ် တိုးချဲ့ပြင်ဆင်လျက်ရှိ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၅**

မော်လမြိုင်ကျွန်းမြို့နယ်၌ ယနေ့အချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၀ နီးပါး ရှိလာပြီဖြစ်သည့်အတွက် ပိုးတွေ့လူနာများ စိတ်အေးချမ်းသာစွာ ဆေးကုသမှု ခံယူနိုင်ရေးအတွက် လက်ရှိကုသပေးလျက်ရှိသော မြို့နယ်ခုတင်၁၀၀ ဆေးရုံကြီးနှင့် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတို့အပြင် လိုအပ်ပါက အသုံးပြုနိုင်ရန်အတွက် အရန်ဆေးရုံတစ်ရုံ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွက် အရန်ဆေးရုံအဖြစ်အသုံးပြုနိုင်ရန် ခုတင် ၅၀ ဆေးရုံအဟောင်းအား ယနေ့မှစ၍ ပြုပြင်ပြင်ဆင်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းဋ္ဌေးနှင့် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စေတနာ့ဝန်ထမ်းအဖွဲ့များက လိုအပ်သည်များ လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ (ယာပုံ)

မြို့နယ်တွင် အထက(၁)၊ အားကစားခန်းမသစ်၊ ခုတင် ၅၀ ဆေးရုံ၊ မြို့မအလက ကန့်သတ်စောင့်ကြည့်ရေး စင်တာများအပြင် လိုအပ်ပါက ထပ်မံအသုံးပြုရန် အထက(၂)ကျောင်းအား အသွားအလာကန့်သတ် စောင့်ကြည့်ရေးစင်တာအဖြစ် ထပ်မံတိုးချဲ့ပြင်ဆင်လျက်ရှိသည်။

မြို့နယ်အတွင်း ယနေ့အချိန်အထိ ခုတင် ၁၀၀ ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ပိုးတွေ့လူနာ ၇၁ ဦးအား မြို့နယ် ဆရာဝန်ကြီး ဦးစန်းဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဂရုစိုက်ကြပ်မတ် ကုသပေးလျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။

**သီတာအောင်(ပြန်/ဆက်)**





## မရမ်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ လိုက်နာရန်အချက်များ ကြေညာပြီး နှာခေါင်းစည်းလှူပ်ရှားမှု ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် မြရတနာဈေး၊ သမိုင်းဘူတာရုံဈေးများ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါလိုက်နာရန် အချက်များအား ကြေညာခြင်း၊ နှာခေါင်းစည်းလှူပ်ရှားမှု ပြုလုပ်ခြင်း၊ မျက်နှာအကာများအား ဈေးရောင်းသူများ တပ်ဆင်နိုင်ရေး ဖြန့်ဝေခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းချစ်နှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီး ဒေါက်တာအေးအေးမျိုးနှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းဓာတ်ပုံ- မျိုးမင်းသိန်း(မရမ်းကုန်း)**

## ရန်ကုန်မြို့တွင် ကိုဗစ်- ၁၉ ရောဂါကြောင့် နေရပ်ပြန်ရန် အခက်အခဲကြုံတွေ့နေသူ ၇၄ ဦးအား ပထမအကြိမ် ကျောက်ဖြူမြို့သို့ ပြန်လည်ခေါ်ယူ

**ကျောက်ဖြူ နိုဝင်ဘာ ၁၅**

ရန်ကုန်မြို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် လမ်းခရီးသွားလာမှုများအား ပိတ်ထားသဖြင့် မိမိနေရပ်သို့ပြန်ရန် အခက်အခဲကြုံတွေ့နေသူ ၇၄ ဦးအား ပထမအကြိမ် လေးဝတီကုလရက္ခိတ(ပရဟိတ)အဖွဲ့ (ရန်ကုန်၊ ကျောက်ဖြူ)နှင့် ကျောက်ဖြူစေတနာ့ဝန်ထမ်းအဖွဲ့များ ပူးပေါင်း၍ ပြန်လည်ခေါ်ယူခဲ့ရာ ယမန်နေ့ ညနေ ၄ နာရီက ကျောက်ဖြူမြို့သို့ ရောက်ရှိခဲ့သည်။ **(ယာပုံ)**

ထိုသို့ပြန်လည်ရောက်ရှိလာသူများမှာ ရန်ကုန်မြို့တွင် အလုပ်လုပ်ကိုင်နေသူများဖြစ်ပြီး ယခုအခါ ကိုဗစ်ကာလအတွင်း အလုပ်ရုံများပိတ်ထားခြင်း၊ အဝေးပြေးယာဉ်လိုင်းများ ပိတ်ထားခြင်းတို့ကြောင့် မိမိဒေသသို့ ပြန်လာရန် အခက်အခဲများစွာ ကြုံနေရသည့် ကျောက်ဖြူမြို့နယ်ဒေသခံများဖြစ်ကာ ၎င်းတို့အား ပထမအကြိမ်အဖြစ် (ရန်ကုန်၊ ကျောက်ဖြူ) လေးဝတီကုလရက္ခိတ (ပရဟိတ) အဖွဲ့နှင့် ကျောက်ဖြူစေတနာ့ဝန်ထမ်းအဖွဲ့များက အဝေးပြေးယာဉ်နှစ်စီးဖြင့် ပြန်လည်ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ အခုလိုပြန်လည် ရောက်ရှိလာသူတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်တွေနဲ့အညီ သတ်မှတ်နေရာဖြစ်တဲ့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှာ အသွားအလာကန့်သတ် ထားရှိပြီးတော့ စစ်ဆေးမှုတွေကို ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ သွားရောက်အလုပ်လုပ်ကိုင်နေသူ ၆၀၀ ကျော်ခန့် ရှိပါတယ်။ သူတို့တွေကို ပြန်လည်ခေါ်ယူရာမှာလည်း အသွားအလာကန့်သတ်ထားရှိဖို့ နေရာအခက်အခဲတွေကြောင့် အခုပထမအသုတ်အနေနဲ့ ခေါ်ယူတာဖြစ်ပြီး သူတို့တွေ သတ်မှတ်စောင့်ကြည့်ရက် ပြည့်ပြီးမှပဲ ဒုတိယအကြိမ် ခေါ်ယူဖို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ကျန်းမာရေးဌာနတို့ရဲ့ လမ်းညွှန်ချက်ကို ခံယူကာ ၁၀ ရက်လောက်ခြားပြီးတော့မှ ခေါ်ယူဖို့ စီစဉ်ထားပါတယ်" ဟု လေးဝတီကုလရက္ခိတ (ပရဟိတ)ကျောက်ဖြူအဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ ကိုဂျပန်ကြီးက ပြောကြားသည်။

ကျောက်ဖြူမြို့နယ်တွင် ကိုဗစ်-၁၉ စောင့်ကြည့်နေရာ ခုနစ်ခုရှိပြီး ယခုလက်ရှိ အသွားအလာကန့်သတ်ထားရှိသူ ၁၉၂ ဦးရှိကာ ရောဂါပိုးတွေ့ရှိသူ ၃၆၀ ရှိ၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၃၅၃ ဦးရှိပြီး ဆေးကုသမှု ခံယူနေသူခုနစ်ဦးရှိကာ သေဆုံးသူနှစ်ဦးရှိကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**



## အင်းစိန် ကားလမ်းကူး မီးရထားခုံးကျော်လက်တက်တံတားသစ် (မင်းကြီးလမ်းဘက်ခြမ်း) ဒီဇင်ဘာလမကုန်ခင် စတင်အသုံးပြုနိုင်တော့မည်



**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန်ကားလမ်းကူးရထားခုံးကျော်တံတား အမှတ်(၂) ပင်မတံတားကြီး၏ ဝဲဘက်၌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန (တံတား)က ကြီးကြပ်၍ A 1 ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူကာ ၂၀၁၉ ခုနှစ်မှ စတင်တည်ဆောက်သည့် ရထားခုံးကျော်လက်တက်တံတားသစ် (ကားအဆင်းတစ်လမ်းသွား) မင်းကြီးလမ်းဘက်ခြမ်း တည်ဆောက်မှု လုပ်ငန်းပြီးစီးမှု ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီး ဒီဇင်ဘာလကုန်အတွင်း အပြီးတည်ဆောက်ကာ အများပြည်သူများ စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးတာဝန်ခံရုံးမှ သိရသည်။(**အပေါ်ပုံ**)

အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး၊ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် တာဝန်ရှိသူများက ယမန်နေ့က သွားရောက် စစ်ဆေးကြသည်။ တံတားတည်ဆောက်ရေး လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တည်ဆောက်ရေးတာဝန်ခံတို့အား အင်းစိန်မြို့နယ်အတွင်းရှိ အခြားဌာန တာဝန်ရှိသူများနှင့် တည်ဆောက်ရေး လုပ်ငန်းများကိုပူးပေါင်း၍ ကြိုးစားဆောင်ရွက်ကြရန် မှာကြားကာ တံတားပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**
**(အင်းစိန်)**

## နမ့်စန်၌ ရန်ကုန်မြို့သို့ သွားရောက်အားဖြည့်ကူညီမည့် ကျန်းမာရေးဝန်ထမ်းများကို ထောက်ပံ့

**နမ့်စန် နိုဝင်ဘာ ၁၅**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် ရှမ်းပြည်နယ် တောင်ပိုင်း နမ့်စန်မြို့နယ်မှ ရန်ကုန်မြို့သို့ သွားရောက်အားဖြည့်ကူညီဆောင်ရွက်ကြမည့် နမ့်စန်မြို့နယ်မှ ဝန်ထမ်းသုံးဦးအတွက် မြို့နယ်မှ တာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များက ယမန်နေ့က ထောက်ပံ့ငွေများ ပေးအပ်သည်။

ရန်ကုန်မြို့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ သွားရောက်အားဖြည့်ကူညီဆောင်ရွက်ရန်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်နန်းနုနွမ်း၊ ဒေါ်ညိမ်းညိမ်း နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ဒုတပ်ခွဲမှူး ဦးသောမတ်စ်တို့သုံးဦးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဦးစီးကော်မတီမှ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ၊ သူနာပြုဆရာမ နှစ်ဦးအတွက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်နိုင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ပေးအပ်ပြီး မြို့နယ်မှ စေတနာရှင်အလှူရှင်များကလည်း ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါဝန်ထမ်းသုံးဦးသည် ရန်ကုန်မြို့အတွင်းရှိ တာဝန်ကျရာနေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ သွားရောက် အားဖြည့်ကူညီဆောင်ရွက်ရန်အတွက် နမ့်စန်မြို့နယ်မှ နိုဝင်ဘာ ၁၆ ရက်တွင် စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**သူရအောင် (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ | ကျပ် | ၅၄၀/၅၅၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၁၀/၅၆၀ | ကျပ် | ၅၅၅/၅၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၅/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၉၇ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၉ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၆၁ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၁၀ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၃၁ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၄၂ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၇၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၃၆၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၆ . ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၃ . ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၈၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၂၀၃၄ | ၂၀၂၈၀၀၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၁၅၉၂ | ၅၈၇၂၃၀၀ |
| MCB | ၈၅၀၀ | ၈၂၀၀ | ၁၃၁ | ၁၁၀၄၂၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၉၀၇ | ၂၄၄၉၀၀၀ |
| EFR | ၄၂၀၀ | ၄၂၀၀ | ၅၂ | ၂၁၈၄၀၀ |

ခင်ရတနာ - စုစည်းသည်




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**


# မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |



mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကံ့ကော်မြေက လူမှုကရုဏာခရီးအစ

ကိုနိုင်(နိုင်ငံရေးသိပ္ပံ)

**"တစ်ယောက်နဲ့တစ်ယောက် တစ်မြို့ဆီ တစ်နယ်ဆီ နေကြသော်လည်းလေ.......... အလှရှုန်းဆိုသာမောရာ မြကျွန်းညိုကဗျာ တောမှာ ခဏကွန်းခိုလာသောအခါ .......... တစ်ဦးနဲ့တစ်ဦး မိတ်ဆွေအပေါင်းအသင်းဖြစ်သွားကြတာတွေ .......... စိတ်အနေပြောင်းရင်း ချစ်သွားကြတာတွေ .........."**

တက္ကသိုလ်ကျောင်းက ငွေလမင်းသီချင်းသည် မြကျွန်းညိုရဲ့ ရင်ခွင်တွင် ကြီးပြင်းခဲ့ရသူတို့၏ နှလုံးသားကို လှုပ်ခါစေသည်။ သြော်... ကျွန်ုပ်တို့၏ တက္ကသိုလ်(ဝါ) မြကျွန်းညိုသည် ရာပြည့်သို့ပင် တိုင်ခဲ့လေပြီ။ အနီသီချင်းသံသည် ရာပြည့်သဘင်ကျင်းပရာ ဘွဲ့နှင်းသဘင်ခန်းမဆီမှ ဖြစ်လေမည်။ ထိုသီချင်းထဲကအတိုင်း စာရေးသူ မိမိသည် မုံရွာဆိုသည့်နယ်မြို့မှ အမိရန်ကုန်တက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ယူလာခဲ့သည်မှာ လေးနှစ်တိုင်ပြီဖြစ်သည်။ တစ်မြို့ဆီ၊ တစ်နယ်ဆီက သူငယ်ချင်းပေါင်းစုံနှင့် မိတ်ဆွေအပေါင်းအသင်းဖြစ်ခဲ့ပါသော်လည်း စိတ်အနေ မပြောင်းခဲ့ပါလေ။ သို့သော် အမိတက္ကသိုလ်တွင် အမှတ်တရများစွာနှင့် ပျော်ရွှင်ဖွယ်အတိ ဖြစ်ခဲ့သည်။ ထိုအထဲမှ စာရေးသူ တက္ကသိုလ်ရောက်စဉ်ကတည်းက ပါဝင်လှုပ်ရှားခဲ့သည် ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်းခွဲသည် အမှတ်တရအများအပြားနှင့် ဒုတိယမိသားစုကဲ့သို့ပင် ဖြစ်သည်။

မြကျွန်းညိုညို ကံ့ကော်တောကြီးကို တက္ကသီလာ(ဝါ) ပညာရပ်ဝန်းဟု ဆိုကြပါသည်။ စာရေးသူကဲ့သို့ တက္ကသိုလ်ကြက်ခြေနီစေတနာ့လုပ်အားရှင်များအတွက်မူ ပညာရပ်ဝန်းဟု ဆိုရုံဖြင့် လုံလောက်မည်မထင်။ မေတ္တာနှင့်ကရုဏာ ရှေ့သွားရှိသော ပညာရပ်ဝန်းဟု ဆိုပါမှ ပြည့်စုံမည်ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်အဖြစ် စာစောင်ထုတ်ဝေရာတွင် တက္ကသိုလ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ကြက်ခြေနီအသင်းခွဲကြီး၏ သမိုင်းကို ပြုစုရန် စာရေးသူကို တာဝန်ပေးလာပါသည်။ ထို့ကြောင့် အစဉ်အဆက်တာဝန်ယူပျိုးထောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများဖြစ်သော ဆရာမကြီး ဒေါက်တာခင်မာကြည်၊ ဆရာဦးမျိုးသန့်နှင့် ဆရာမကြီး ဒေါက်တာစိုးမြမြအေးတို့ကို မေးမြန်း၍လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းများကို လေ့လာ၍ လည်းကောင်း ကံ့ကော်မြေက လူမှုကရုဏာခရီး၏အစကို ခြေရာကောက်လိုက်ရပါတော့သည်။

ရန်ကုန်တက္ကသိုလ်တွင် ကြက်ခြေနီလှုပ်ရှားမှုများကို ဒုတိယကမ္ဘာစစ်ကာလများက စခဲ့သည်ဟု ဆိုရမည်။ စစ်အတွင်းကာလ၌ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ဖြစ်လာမည့် စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့၏ လက်အောက်ခံအဖြစ် ရန်ကုန်ကောလိပ်တပ်ခွဲတစ်ခုကို ရန်ကုန်ကောလိပ်တွင် ဖွဲ့စည်းထားရှိပြီး လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ဤသည်ကား ရန်ကုန်တက္ကသိုလ်၏ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများ၏ အစဖြစ်သော်လည်း ကြက်ခြေနီလှုပ်ရှားမှုဟု ခေါ်ဆို၍ မရနိုင်ပါ။



၂၀၁၇ ခုနှစ်က မလေးရှားနိုင်ငံ စီဘူးမြို့၌ ကျင်းပခဲ့သော International Youth Enlightenment Camp,2017 ၌ စာရေးသူ ပါဝင်တက်ရောက်စဉ်က နိုင်ငံတကာမှ လူငယ်ကြက်ခြေနီများနှင့် အမှတ်တရဓာတ်ပုံရိုက်စဉ်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို အမြဲတမ်းလူမှုကရုဏာအသင်းအဖြစ် နိုင်ငံတော်က ၁၉၅၉ ခုနှစ်တွင် အက်ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ထိုဥပဒေကို ပြင်ဆင်လိုက်ပြီး အခြေခံအသင်းခွဲများ ဖွဲ့စည်းခွင့် ပါဝင်လာပါသည်။ ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ်ထုတ်ဝေခဲ့သော တက္ကသိုလ်ကောလိပ်များ တိုးတက်မှုမှတ်တမ်း(၁၉၂၀-၁၉၈၅)အရ ရန်ကုန်တက္ကသိုလ်ကြက်ခြေနီအသင်းကို (၈၈၈၈) အရေးအခင်းပြီးနောက် စတင်ဖွဲ့စည်းခဲ့သည်ဟု တွေ့ရပါသည်။

သို့သော် တက္ကသိုလ်နှစ်လည် မဂ္ဂဇင်းများနှင့် ထိုစဉ်က တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများနှင့် တွေ့ဆုံမေးမြန်းမှုများအရ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းကတည်းက ရန်ကုန်တက္ကသိုလ် နယ်မြေခွဲများဖြစ်သော ဗိုလ်တထောင်နယ်မြေ၊ လှိုင်နယ်မြေနှင့် ကြည့်မြင်တိုင်နယ်မြေများတွင် နယ်မြေအလိုက် ရှေးဦးပြုစုခြင်းသင်တန်းများပေးခြင်းနှင့် လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် ကြက်ခြေနီလှုပ်ရှားမှုများ ကျယ်ပြန့်စွာ ရှိနေပြီးဖြစ်ကြောင်း တွေ့ရသည်။ ထိုစဉ် ကတည်းကပင် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် (၁၉၈၀)၌ ရှေးဦးပြုစုခြင်းနှင့် စစ်ရေးပြပြိုင်ပွဲတွင် ရန်ကုန်တက္ကသိုလ် ဒေသကောလိပ်(၂) (လှိုင်နယ်မြေ) ကိုယ်စားပြုအဖွဲ့က စစ်ရေးပြပြိုင်ပွဲတံခွန်စိုက်ဒိုင်း ရရှိခဲ့ပါသည်။ အရေးအခင်းအတွင်းနှင့် အရေးအခင်းဖြစ်ပြီးနောက် ကြက်ခြေနီလှုပ်ရှားမှုများ ရပ်တန့်ခဲ့သည်။

ယခုလက်ရှိ ကြက်ခြေနီအသင်းကိုမူ ၁၉၉၃ ခုနှစ်တွင်မှ ရန်ကုန်တက္ကသိုလ် ဒေသကောလိပ်(၂) လှိုင်နယ်မြေတွင် ကုန်ထုတ်ဓာတုဗေဒဌာန ပါမောက္ခဆရာမကြီး ဒေါက်တာ ဒေါ်ခင်မာကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ အင်အား ၁၅၀ ခန့်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်ဖြစ်သော "လူသားများ ခံစားနေရသော ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်မည်" ဟူသည့်အတိုင်း လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ထပ်မံပြင်ဆင်လိုက်သော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေအရ ရန်ကုန်တက္ကသိုလ်ကြက်ခြေနီအသင်းခွဲဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

၁၉၉၃ ခုနှစ်မှစ၍ ယခုအချိန်အထိ ရန်ကုန် တက္ကသိုလ်ကြက်ခြေနီအသင်းခွဲကြီးကို ပြုစုပျိုးထောင်ကာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ကြသော ဆရာကြီး ဆရာမ ကြီးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| အမည် | ရာထူး | ဌာန | တာဝန်ယူသောနှစ် |
|---|---|---|---|
| ဒေါက်တာခင်မာကြည် | ပါမောက္ခ | ကုန်ထုတ်ဓာတုဗေဒဌာန | ၁၉၉၃-၁၉၉၆ |
| ဒေါ်ငွေးငွေး | ကထိက | စိတ်ပညာဌာန | ၁၉၉၆-၂၀၀၂ |
| ဒေါ်ခင်စုလှိုင် | ကထိက | သတ္တဗေဒဌာန | ၂၀၀၂-၂၀၀၆ |
| ဦးမျိုးသန့် | တွဲဖက်ပါမောက္ခ | မြန်မာစာဌာန | ၂၀၀၆-၂၀၁၂ |
| ဒေါက်တာခင်စောနွဲ့ | ပါမောက္ခ | သမိုင်းဌာန | ၂၀၁၂-၂၀၁၅ |
| ဒေါက်တာစန်းရီ | ပါမောက္ခ(ဌာနမှူး) | ရူပဗေဒဌာန | ၂၀၁၅-၂၀၁၆ |
| ဒေါက်တာစိုးမြမြအေး | ပါမောက္ခ(ဌာနမှူး) | ကွန်ပျူတာသိပ္ပံဌာန | ၂၀၁၆-ယခုအထိ |



ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်းခွဲကြီးမှ အသင်းသားများ သွေးလှူဒါန်းကြစဉ်။



## ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ နိုင်မင်းခန့်ဖြစ်သည်။
- စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့တွင် အဖ ဦးဇော်နိုင်နှင့် အမိ ဒေါ်နီလာငွေးတို့က ၂၀၀၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့တွင် မွေးဖွားခဲ့သည်။
- တက္ကသိုလ်ဝင်တန်းကို အ.ထ.က-၃ (မုံရွာ) မှ ထူးချွန်စွာ အောင်မြင်ခဲ့သည်။
- ယခုအခါ ရန်ကုန်တက္ကသိုလ်၌ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ ဒုတိယနှစ်(ဂုဏ်ထူးတန်း)တွင် ပညာသင်ယူနေသည်။
- ဘဝအလင်းရောင် ကလောင်အမည်ဖြင့် ကဗျာနှင့် ဆောင်းပါးများကိုလည်းကောင်း၊ နိုင်ငံရေးသိပ္ပံ ကျောင်းသားအနေဖြင့် သုတေသနစာစောင်များ ရေးသားလျက်ရှိသည်။
- လက်ရှိတွင် ရန်ကုန်တက္ကသိုလ်ကြက်ခြေနီအသင်းခွဲတွင် တွဲဖက်အတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်နေသည်။
- ၂၀၁၇ ခုနှစ်တွင် မလေးရှားနိုင်ငံ စီဘူးမြို့၌ ကျင်းပသော International Youth Enlightenment Camp,2017 တွင် မလေးရှား၊ ထိုင်းနှင့် တရုတ်နိုင်ငံမှ လူငယ်ကြက်ခြေနီ စေတနာ့လုပ်အားရှင်များနှင့်အတူ ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်းခွဲမှ လူငယ်ကြက်ခြေနီ စေတနာ့လုပ်အားရှင်အဖြစ် ပါဝင်တက်ရောက်ခဲ့သည်။

စာမျက်နှာ ၂၁ သို့

*စာမျက်နှာ ၂၀ မှ*

ကမ္ဘာတစ်ဝန်းက ကြက်ခြေနီစေတနာ့ လုပ်အားရှင်များ လက်ကိုင်စွဲရသော အခြေခံမူ (၇) ချက်ရှိပါသည်။ ၎င်းတို့မှာ လူသားချင်း စာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုး ဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခြင်းတို့ဖြစ်ပါသည်။ ကြက်ခြေနီစေတနာ့လုပ်အားရှင်များသည် အထက်ပါအခြေခံမူများကို သံမဏိစည်းမျဉ်းများကဲ့သို့ လိုက်နာလက်ခံကျင့်သုံးကြရသည်။

## လူမှုကရုဏာလှုပ်ရှားမှု

လူမှုကရုဏာလှုပ်ရှားမှုများအဖြစ် ပထမနှစ်ဝက်ပညာသင်ကာလတွင် ရှေးဦးပြုစုခြင်း သင်တန်းပေးခြင်းနှင့် ဒုတိယနှစ်ဝက်ပညာသင်ကာလတွင် သွေးလှူဒါန်းပွဲများ ပြုလုပ်ခြင်းတို့ကို ပညာသင်နှစ်တိုင်း လုပ်ဆောင်နေပြီး ပြီးခဲ့သည့်နှစ်များက မျက်ကြည်လွှာလှူဒါန်းပွဲများပါ ပြုလုပ်ခဲ့ဖူးသည်။ ထို့အပြင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းများကိုလည်း အလျဉ်းသင့်သလို ပြုလုပ်ပေး လျက်ရှိသည်။ တက္ကသိုလ်အတွင်းနှင့် တက္ကသိုလ်ပေါင်းစုံ ပျော်ပွဲရွှင်ပွဲများတွင် ရှေးဦးပြုစုခြင်းအတတ်ဖြင့် ကျန်းမာရေးဆိုင်ရာ အကူအညီများပေးလျက်ရှိသည်။ ထို့အပြင် ကျန်းမာရေးဆိုင်ရာ ဗဟုသုတဖြစ်ဖွယ် ဆွေးနွေးဟောပြောပွဲများကိုလည်း နှစ်စဉ်ပြုလုပ်ပေးလျက်ရှိသည်။

၁၉၉၇ ခုနှစ်က ဖြစ်ပွားခဲ့သော ပဲခူးတိုင်းဒေသကြီးရှိ ရွှေကျင်မြစ်ရေကြီးမှုကြောင့် ဘေးဒုက္ခခံစားကြရသော ဒေသများသို့ ရန်ကုန်တက္ကသိုလ်ကြက်ခြေနီအသင်းမှ စေတနာ့လုပ်အားရှင်များက သွားရောက်ကူညီခဲ့ကြသည်။ ထို့အပြင် ၂၀၀၈ ခုနှစ်က တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်း ခံစားခဲ့ရသော ဒေသများသို့ ရန်ကုန်တက္ကသိုလ်ခြေလျင် တောင်တက်အသင်းနှင့်တွဲဖက်၍ လေးလတိုင်တိုင် ကူညီကယ်ဆယ်ရေးနှင့် လူမှုကရုဏာလုပ်ငန်းများတွင် ပါဝင် ကူညီခဲ့ကြသေးသည်။

၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ကျင်းပသော တက္ကသိုလ်၊ ဒီဂရီနှင့် ကောလိပ်ပေါင်းစုံ ရှေးဦးပြုစုခြင်းပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ်ကြက်ခြေနီအသင်းခွဲက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ရန်ကုန်တက္ကသိုလ်အသင်းခွဲကိုယ်စားပြု ကြက်ခြေနီစေတနာ့လုပ်အားရှင် မသက်နှင်းအိက တတိယဆု ရရှိခဲ့သည်။ ထို့အပြင် ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်းခွဲက မမြဝတ်ရည်နန္ဒာနွယ်(၂၀၁၄)၊ မောင်စည်သူမောင်မောင်(၂၀၁၄)၊ မသက်နှင်းအိ(၂၀၁၇) နှင့် မောင်ကောင်းခန့်ပြည့်စုံ(၂၀၁၉) စသည့် ထူးချွန်ကြက်ခြေနီလူငယ်မောင်မယ်များကို မွေးထုတ်ပေးခဲ့ပါသည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ၂၀၁၇ ခုနှစ်တွင် မလေးရှားနိုင်ငံ စီဘူးမြို့၌ ကျင်းပသော International Youth Enlightenment Camp,2017 တွင် မလေးရှား၊ ထိုင်းနှင့်တရုတ်နိုင်ငံမှ လူငယ်ကြက်ခြေနီစေတနာ့လှုပ်ရှားရှင်များနှင့်အတူ ရန်ကုန်တက္ကသိုလ်ကြက်ခြေနီအသင်းခွဲက လူငယ်ကြက်ခြေနီစေတနာ့လုပ်အားရှင်အဖြစ် စာရေးသူကိုယ်တိုင် ပါဝင်တက်ရောက်ခဲ့ပြီး ရှေးဦးပြုစုခြင်း အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည်။ ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော (၁၈)ကြိမ်မြောက် အာဆီယံ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲတွင် ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်းခွဲက စေတနာ့လုပ်အားရှင် ၁၀ ဦးက ရှေးဦးပြုစုခြင်းအတတ်ဖြင့် နိုင်ငံတစ်ဝန်းမှ ကြက်ခြေနီစေတနာ့လုပ်အားရှင်များနှင့်အတူ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ပေးအပ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကျင်းပခဲ့သော "တက္ကသိုလ်၊ ကောလိပ်များတွင် သက်ရှယ်ဆင့်တူကျန်းမာရေး ပညာပေးအစီအစဉ် စတင်ဆောင်ရွက်ခြင်း" အခမ်းအနား၌ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ၌ မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ပပျောက်ရေးဆွေးနွေးပွဲတွင် ရန်ကုန်တက္ကသိုလ်ကြက်ခြေနီအသင်းခွဲ၏ တွဲဖက်အတွင်းရေးမှူးဖြစ်သော စာရေးသူကိုယ်တိုင် Panelist အဖြစ် ဝင်ရောက်ဆွေးနွေးခဲ့သည်။ ထို့အပြင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ ရန်ကုန်တက္ကသိုလ်ကို ဆေးလိပ်နှင့်ဆေးရွက်ကြီး ကင်းစင်တက္ကသိုလ်ဖြစ်အောင် ဆောင်ရွက်ရာ၌ အသိပညာပေးလုပ်ငန်း များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ ဥက္ကဋ္ဌဆရာမကြီး ဒေါက်တာစိုးမြမြအေးနှင့် အတွင်းရေးမှူး ဆရာကြီး ဒေါက်တာရဲထွန်းတို့၏ ဦးဆောင်မှုဖြင့် ရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲများအပြီးတွင် ရန်ကုန်မြို့အတွင်း လေ့လာရေးခရီးများ ပို့ဆောင်ပေးခဲ့သည်။ လေ့လာရေးခရီးများတွင် ဘိုးဘွားရိပ်သာများသို့ သွားရောက်ပြီး ဘိုးဘွားများ၏ ဘဝနေဝင်ချိန်ကို အဖော်ပြုကာ လူမှုကရုဏာလုပ်ငန်းများ ပြုလုပ်ခြင်းနှင့် ဘာသာရေးဆိုင်ရာ တန်ခိုးကြီးဘုရားများနှင့် အဆောက်အအုံများသို့ သွားရောက်ခြင်းများ ပြုလုပ်ခဲ့ပါ သည်။ ထို့အပြင် ပြည်သူ့ရင်ပြင်နှင့် ကန်တော်ကြီးကဲ့သို့ အများပြည်သူ အပန်းဖြေစရာနေရာများတွင် ရင်းနှီးမှု ဖလှယ်သည့် အနေဖြင့် ရှေးဦးပြုစုခြင်း အဖွဲ့လိုက်ပြိုင်ပွဲများ ပြုလုပ်ပေးပါသည်။

ယခုအခါ ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်းခွဲသည် ရှေးဦးပြုစုခြင်း (အခြေခံနှင့်သာမန်) သင်တန်းများမှတစ်ဆင့် လူငယ်ကြက်ခြေနီစေတနာ့လုပ်အားရှင် ၁၀၀ ခန့် နှစ်စဉ် မွေးထုတ်ပေးလျက်ရှိပါသည်။ ။



ကြက်ခြေနီအသင်းသားများ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။



ရန်ကုန်တက္ကသိုလ်အား ဆေးရွက်ကြီးကင်းစင်တက္ကသိုလ်ဖြစ်စေရေး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလက ရန်ကုန်တက္ကသိုလ်ကြက်ခြေနီအသင်းခွဲမှ အသင်းသားများတက်ကြွစွာ ပါဝင်လှုပ်ရှားကြစဉ်။

ဓာတ်ပုံ- ရန်ကုန်တက္ကသိုလ်ကြက်ခြေနီအသင်းခွဲ

**"လူမှုကရုဏာလှုပ်ရှားမှုများအဖြစ် ပထမနှစ်ဝက်ပညာသင်ကာလတွင် ရှေးဦးပြုစုခြင်း သင်တန်းပေးခြင်းနှင့်ဒုတိယနှစ်ဝက်ပညာသင်ကာလတွင် သွေးလှူဒါန်းပွဲများ ပြုလုပ်ခြင်းတို့ကို ပညာသင်နှစ်တိုင်း လုပ်ဆောင်နေပြီး ပြီးခဲ့သည့်နှစ်များက မျက်ကြည်လွှာလှူဒါန်းပွဲများပါ ပြုလုပ်ခဲ့ဖူးသည်။ တက္ကသိုလ်အတွင်းနှင့် တက္ကသိုလ်ပေါင်းစုံပျော်ပွဲရွှင်ပွဲများတွင် ရှေးဦး ပြုစုခြင်းအတတ်ဖြင့် ကျန်းမာရေးဆိုင်ရာ အကူအညီများပေးလျက်ရှိ"**



# ကျွန်တော်နဲ့ Zoom ဆရာကန်တော့ပွဲများ



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ကိုဗစ်-၁၉ ဟာ လူသားတွေအားလုံးကို ဒုက္ခမျိုးစုံပေးခဲ့ပါတယ်။ ကပ်ရောဂါကြီးဟာ ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ခု သာမက ရောဂါ၏ရိုက်ခတ်မှုကြောင့် စီးပွားရေး အဆောက်အအုံများကို တုန်လှုပ်စေခဲ့ပါတယ်။ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ ဈေးဆိုင်၊ စီးပွားရေးလုပ်ငန်းအားလုံးကို ထိခိုက်ခဲ့တယ်။ မကြုံဖူးတဲ့ အလုပ်လက်မဲ့မှုတွေ ဖြစ်ခဲ့ကြတယ်။ ခရီးသွားလုပ်ငန်းတွေအားလုံး ရပ်ဆိုင်းသွားသလို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေ ရပ်နားခဲ့ကြရတာ တွေ့ရပါတယ်။ စီးပွားရေးထိခိုက်မှုတွေ ရှိလာတာနဲ့အမျှ နိုင်ငံရေးစိန်ခေါ်မှုတွေ ပေါ်လာတာကို မြင်တွေ့ရပါတယ်။ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းသိမ်းဖို့ စီးပွားရေးလုပ်ငန်းတွေရဲ့ လှုပ်ရှားမှုတွေကို ရပ်ဆိုင်းခဲ့တဲ့အတွက် ဆန္ဒပြ ကန့်ကွက်မှုတွေ နိုင်ငံအနှံ့မှာ ဖြစ်ပေါ်လာခဲ့တာကိုလည်း တွေ့ရပါတယ်။ အခုလို ပုံစံအမျိုးမျိုးနဲ့ အခက်အခဲတွေ ရင်ဆိုင်နေရပေမယ့် ကိုဗစ်-၁၉ ကြောင့် မထင်မှတ်တဲ့၊ မစဉ်းစားမိတဲ့၊ အပြုသဘောဆောင်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ပေါ်ပေါက်လာခဲ့တာကို တွေ့မြင်ရပါတယ်။ အထူးခြားဆုံးကတော့ Zoom လို့ခေါ်တဲ့ ဗီဒီယိုနဲ့ ဆက်သွယ်မှု ဖြစ်ပါတယ်။

**"အခုလို Zoom နဲ့ ဆောင်ရွက်တဲ့ ဆရာကန်တော့ပွဲတွေဟာ ခေတ်နဲ့အညီ တုံ့ပြန်မှုတွေဖြစ်တယ်။ အမှန်တော့ Zoom နဲ့ ကျင်းပတဲ့ ဆရာကန်တော့ပွဲတွေဟာ ကမ္ဘာပေါ်မှာ မြန်မာတစ်နိုင်ငံမှာပဲ ဆောင်ရွက်နိုင်တာဖြစ်တယ်။ နိုင်ငံတကာမှာ Zoom ထမင်းစားပွဲတွေ၊ လက်ဖက်ရည်ပွဲတွေ၊ ညှိနှိုင်းပွဲတွေလုပ်ခဲ့ပေမယ့် မြန်မာနိုင်ငံမှာလုပ်တဲ့ ဆရာကန်တော့ပွဲမျိုးမရှိနိုင်မှာ သေချာလှပါတယ်။ ဒီလိုဆောင်ရွက်တာကို Zoom ကို တီထွင်တဲ့ပိုင်ရှင်က အထူးအဆန်းတစ်ခုအနေနဲ့ အသိအမှတ်ပြုသွားရမှာ ဖြစ်ပါတယ်။ ဘယ်နိုင်ငံမှမရှိတဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။ ဆရာကန်တော့ပွဲယဉ်ကျေးမှုဟာ ကျွန်တော်တို့နိုင်ငံမှာ အခုထိရှင်သန်နေတာဟာ ဂုဏ်ယူစရာကိစ္စတစ်ရပ်ဖြစ်"**

အမှန်တော့ Zoom နဲ့ ပတ်သက်ပြီး ကျွန်တော် ကြားဖူးခဲ့တာ ကြာခဲ့ပါပြီ။ အစည်းအဝေးတွေ လုပ်တဲ့နေရာ၊ ဟောပြောပွဲတွေလုပ်တဲ့နေရာ၊ စာသင်တဲ့နေရာမှာ အသုံးဝင်ကြောင်း ကြားသိခဲ့ရပါတယ်။ နိုင်ငံတကာမှာ အခုလို နည်းပညာသစ်ကို တွင်တွင်ကျယ်ကျယ်အသုံးချနေတာကိုလည်း နားလည်ခဲ့ပါတယ်။ ဒါပေမယ့် ကိုယ်တိုင်ကိုယ်ကျသုံးဖို့ မစဉ်းစားမိခဲ့ဘူး။ လက်ရှိကျင့်သုံးနေတဲ့ ပုံစံကိုပဲ ကျေနပ်နေပြီး ပျော်မွေ့နေမိတာ။ ကျောင်းဆရာတစ်ယောက်၊ ဟောပြောသူတစ်ဦးအနေနဲ့ မိမိအရှေ့မှာ ကျောင်းသားတွေ၊ ပရိသတ်တွေရှိတာကို ကျေနပ်ခဲ့တယ်၊ အားရတယ်။ အစည်းအဝေးတွေလည်း တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်တွေ့ဆုံပြီး ပြောရဆိုရတာကို နှစ်သက်ခဲ့တယ်။ ပုံနဲ့အသံကြားပြီး၊ မြင်ပြီး လုပ်ရတာကို အားမရဖြစ်မိတယ်။

## Zoom ကို မဖြစ်မနေ အသုံးပြုလာရခြင်း

အခုတော့ ကိုဗစ်-၁၉ ရဲ့ ကျေးဇူးကြောင့် အရာရာဟာ ပြောင်းလဲလာခဲ့တယ်။ ခပ်ခွာခွာနေရမယ်၊ လူစုလူဝေး ရှောင်ရမယ်ဆိုတဲ့ တားမြစ်ချက်တွေကြောင့် Zoom ကို မဖြစ်မနေအသုံးချလာခဲ့ကြတယ်။ ရုပ်မြင်သံကြားဖြစ်နေတာမို့ တစ်ဦးနဲ့တစ်ဦး ထိတွေ့ဆက်ဆံမှုတွေဟာ ပုံမှန်မဟုတ်ပေမယ့် အတိုင်းအတာတစ်ခုအထိ အဆင်ပြေခဲ့တာ တွေ့ရပါတယ်။

ကျွန်တော်က စာမသင်ဘဲ မနေတတ်ဘူး။ ဟောပြောပွဲလုပ်မှ စိတ်ထဲမှာ အားရတာ။ သင်္ကြန်ကာလအလွန်မှာ ကျွန်တော့်အနေနဲ့ Zoom သုံးပြီး စာတွေသင်နိုင်ခဲ့တယ်။ ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေ လုပ်ပေးနိုင်ခဲ့တယ်။ အရင်တုန်းက လုပ်တာထက် အဆပေါင်းများစွာ လုပ်နိုင်ခဲ့တယ်။ ပရိသတ်တွေအနေနဲ့လည်း နဂိုထက် အဆပေါင်း ၁၀ ဆကျော်ကျော် ထိတွေ့နိုင်ခဲ့တယ်။

အခုလို ဆောင်ရွက်ရာမှာ အထူးခြားဆုံးတစ်ခုကတော့ ပါမောက္ခချုပ် ဒေါက်တာ ဇော်ဝေစိုးရဲ့ အကူအညီနဲ့ ပါမောက္ခချုပ်များ၊ ကော်မတီအဖွဲ့ဝင်များအတွက် လုပ်ဆောင်ပေးတဲ့ ဆွေးနွေးပွဲတွေ။ ကျွန်တော်က တက္ကသိုလ်တွေနဲ့ ပတ်သက်လာရင် သံယောဇဉ်ကြီးတယ်။ အခွင့်အရေးရတိုင်း ထိတွေ့ခဲ့တယ်။ ဒါပေမယ့် အရင်တုန်းက ရန်ကုန်၊ မန္တလေးမှာရှိတဲ့ တက္ကသိုလ်တွေနဲ့သာ ထိတွေ့နိုင်ခဲ့တယ်။ ခရီးသွားပြီး ဆောင်ရွက်ရတာမို့ စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့ပါဘူး။ အခုတော့ မြန်မာပြည်မှာရှိတဲ့ တက္ကသိုလ်တွေ၊ ကောလိပ်တွေနဲ့ ထိတွေ့ရပါတယ်။

## လူဦးရေ အများကြီးနဲ့တွေ့ရ

တက္ကသိုလ်၊ ကောလိပ်လို့ ပြောရာမှာ တာဝန်ယူထားတဲ့ ပါမောက္ခချုပ် တစ်ဦးတည်းမဟုတ်ဘဲ ပါမောက္ခချုပ်အနေနဲ့ စည်းရုံးစုဝေးထားသူတွေနဲ့ ထိတွေ့ရပါတယ်။ အရေအတွက်အနေနဲ့ ထောင်ကျော်တာကို ဝမ်းသာစွာ တွေ့ရတယ်။ ကျွန်တော်နဲ့ ဒေါက်တာဇော်ဝေစိုးတိုင်ပင်ပြီး ရွေးချယ်ခဲ့တဲ့ ခေါင်းစဉ်အရပ်ရပ်ကို မျှဝေနိုင်ခဲ့တယ်။ အခုလို ဆရာ ဆရာမတွေနဲ့ ထိတွေ့တဲ့နေရာမှာ ကျွန်တော့်အနေနဲ့ ကြိုတင်ပြီး ပြင်ဆင်ခဲ့ရပါတယ်။ အခုလို ပြင်ဆင်ရာမှာ စာတွေဖတ်ရတယ်၊ စုဆောင်းရတယ်။ တစ်ဖက်မှာလည်း တင်ပြနိုင်အောင် ပြင်ဆင်ရပြန်တယ်။ အခုလို ဆောင်ရွက်ခဲ့ရတာဟာ ကျွန်တော့်အတွက် အကျိုးများစွာ ရရှိခဲ့ပါတယ်။ အိမ်မှာနေပြီး အလုပ်လုပ်ရတဲ့ အတွေ့အကြုံကို ကောင်းစွာရခဲ့တယ်။ တက္ကသိုလ်ဆရာ ဆရာမပီသစွာ မေးခွန်းတွေ စေ့စေ့စပ်စပ်မေးခဲ့ကြတယ်၊ ဆွေးနွေးတင်ပြခဲ့ကြတယ်။

ဟောပြောပွဲအနေနဲ့ အများအတွက် အပတ်စဉ်စနေနေ့တိုင်း လုပ်နိုင်ခဲ့တယ်။ Facebook နဲ့ တွဲဖက်ပြီး ဆောင်ရွက်တာမို့ ပုံစံအသစ်နဲ့ လှုပ်ရှားနိုင်ခဲ့တယ်။ တစ်ဖက်တည်းမှာလည်း Facebook ကို ကျယ်ကျယ်ပြန့်ပြန့် သုံးလာခဲ့တယ်။ အရင်တုန်းကတော့ စိတ်ကူးရမှ သုံးခဲ့ပေမယ့် အခုတော့ ပုံမှန်အသုံးပြုနိုင်ခဲ့ပါတယ်။ တစ်ပတ်တစ်ခါလုပ်ခဲ့တဲ့ ဟောပြောပွဲအရေအတွက် အရင်တစ်ပတ်က အကြိမ် ၃၀ ပြည့်ခဲ့ပါတယ်။ ပရိသတ်တွေရဲ့အားပေးမှုနဲ့ အခုလိုဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနတွေ တာဝန်ပေးချက်အရ စကားဝိုင်း အစည်းအဝေးတွေကို လုပ်နိုင်ခဲ့တယ်။ သဘာပတိအဖြစ် တာဝန်ယူခဲ့ရတယ်။ Zoom ရဲ့ အားသာချက်တွေကို လက်တွေ့ကျကျ တွေ့ခဲ့ရတယ်။ တစ်ဖက်မှာလည်း စီးပွားရေးလုပ်ငန်းတွေအတွက် ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေအပြင် နိုင်ငံတကာ အဖွဲ့အစည်းတွေအတွက်လည်း သင်တန်းတွေကို Zoom သုံးပြီး လုပ်ခဲ့တယ်။ ကျွန်တော် ကျေနပ်မှုရတဲ့ ပို့ချမှုတစ်ခုက မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဦးအောင်ကြည်ရဲ့ ဦးဆောင်စီမံမှုကြောင့် အပတ်စဉ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းတွေအတွက် အထောက်အကူဖြစ်စေမယ့် ခေါင်းစဉ်တွေ ရွေးချယ်ပြီး တစ်ပတ်တစ်ကြိမ် ဟောပြောပို့ချနိုင်ခဲ့တယ်။ အခုဆိုရင် အကြိမ်ပေါင်း ၂၀ ကျော်ခဲ့ပါပြီ။

## Zoom ကိုသုံးပြီး ကန်တော့ပွဲများဆင်နွှဲ

သီတင်းကျွတ်ကာလမှာ Zoom ရဲ့ အသုံးဝင်မှုကို ပိုမိုပြီး တွေ့ရှိခဲ့ကြပါတယ်။ ကျွန်တော်တို့ မိသားစု ညီအစ်ကို မောင်နှမတွေဟာ သီတင်းကျွတ်လပြည့်နေ့မှာ ဆုံကြပြီး ကြီးစဉ်ငယ်လိုက်ရှိခိုးကြတယ်၊ စုဝေးကြတယ်၊ စားသောက်ကြတယ်။ ကြီးတဲ့သူတွေကလည်း ငယ်သူတွေကို မုန့်ဖိုးတွေ ပေးကြတယ်။ ဒီနှစ်တော့ ကိုဗစ်ကြောင့် ထုံးစံကို ပျက်ရမလို ဖြစ်ခဲ့တယ်။ ဒါပေမယ့် Zoom ကို သုံးပြီး ကန်တော့နိုင်ခဲ့ကြတယ်။ တစ်ယောက်နဲ့တစ်ယောက်အနေမနီးပေမယ့်သံယောဇဉ်ကြိုးတွေကတော့ ခိုင်မြဲလျက်ရှိပါတယ်။ အခါကြီးရက်ကြီးမှာ ကိုယ်နဲ့ ပတ်သက်တဲ့ တပည့်တွေက ပုံစံအမျိုးမျိုးနဲ့ ကန်တော့ခဲ့ကြတယ်။ ပထမဆုံးက ပုဂ္ဂလိက တက္ကသိုလ်တစ်ခုဖြစ်တဲ့ MIU က ဒေါ်ပို့ပို့ကြည်နဲ့အဖွဲ့က အာစရိယပူဇော်ပွဲကို ခမ်းနားစွာ ကျင်းပခဲ့တယ်။ ဒုတိယအကြိမ်ကတော့ ဒေါက်တာကျော်မိုးထွန်း ဥက္ကဋ္ဌတာဝန်ယူထားတဲ့ မြန်မာနိုင်ငံ ပုဂ္ဂလိက တက္ကသိုလ်များအဖွဲ့။ ကျွန်တော်နဲ့အတူ ကန်တော့ခံသူက ဆရာဦးနေအုပ်။ ကျွန်တော်တို့နှစ်ဦးက အသင်းရဲ့ နာယကတွေဖြစ်တယ်။ အဖွဲ့ဝင်တွေဟာ ပုဂ္ဂလိကတက္ကသိုလ်တွေကို တည်ထောင်သူတွေ၊ ဦးစီးသူတွေဖြစ်ကြတယ်။ အမှန်တော့ ကျွန်တော်တို့ နိုင်ငံမှာ ပုဂ္ဂလိကတက္ကသိုလ်တွေရှိသင့်တယ်။ အရေးကြီးတဲ့ အရာက အရည်အသွေးပြည့်မီဖို့သာဖြစ်တယ်။ လူငယ်တွေ ဦးစီးထားတဲ့ တက္ကသိုလ်တွေကို ကျွန်တော်အစဉ်အားပေးခဲ့တယ်။ တစ်ချိန်မှာ လိုအပ်တဲ့ဥပဒေတွေ ပေါ်ထွက်လာမယ်လို့လည်း မျှော်လင့်မိပါတယ်။

တတိယမြောက် အာစရိယပူဇော်ပွဲကတော့ ကိုအောင်ချစ်ခင်ဦးစီးတဲ့ Strategy First တက္ကသိုလ် ဖြစ်တယ်။ သူတို့အနေနဲ့လည်း Zoom ကို သုံးပြီး အာစရိယပူဇော်ပွဲကို ခမ်းနားစွာကျင်းပနိုင်ခဲ့တယ်။ စီးပွားရေးတက္ကသိုလ်မှာ MBA ဘွဲ့ရသူများ ဖွဲ့စည်းထားတဲ့ MBE အသင်းဟာ အာစရိယပူဇော်ပွဲတစ်ရက်ကို Zoom နဲ့ လုပ်ခဲ့ပါတယ်။ ကျွန်တော်က ဒီအသင်းအပေါ် သံယောဇဉ်ကြီးတယ်။ MBA သင်တန်းမှာ သူတို့နဲ့ပဲ တွေ့ခဲ့ရပြီး နောက်ပိုင်းမှာ သူက MBE ကို ဖွဲ့စည်းခဲ့တာမြင်ရတယ်။ နာဂစ်အလွန်မှာ လူမှုရေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးနိုင်ခဲ့တယ်။ သူတို့သင်ယူခဲ့တဲ့ စီမံခန့်ခွဲမှုပညာတွေကိုလည်း တစ်ဆင့်ဖြန့်ဝေပေးခဲ့တယ်။ အသင်းအနေနဲ့ အများပိုင်ကုမ္ပဏီတစ်ခုတည်ထောင်ပြီး ကျောင်းမှာသင်ကြားခဲ့တဲ့ စီးပွားရေးပညာတွေကို လက်တွေ့ကျင့်သုံးနေကြတယ်။ အားလုံးဟာ အောင်မြင်တဲ့ လုပ်ငန်းရှင်တွေ ဖြစ်နေတာတွေ့ရလို့ အားရမိတယ်၊ ပီတိဖြစ်မိပါတယ်။

နောက်ဆုံးအသုတ်ကတော့ ရန်ကုန်စီးပွားရေး တက္ကသိုလ်က ဌာနနှစ်ခုရဲ့ အာစရိယပူဇော်ပွဲတွေဖြစ်တယ်။ စီမံခန့်ခွဲမှုဌာနနဲ့ ဝါဏိဇ္ဇဗေဒဌာနနှစ်ခုက ကျင်းပတဲ့ပွဲတွေဖြစ်တယ်။ ဝါဏိဇ္ဇဗေဒဌာနဟာ ကျွန်တော်နဲ့အရင်းနှီးဆုံးဌာနဖြစ်တယ်။ ကျွန်တော် ၁၉၆၆ ခုနှစ်ကနေ ၁၉၈၉ ခုနှစ် ၂၃ နှစ် တာဝန်ယူခဲ့တဲ့ဌာန။ စီမံခန့်ခွဲမှုဌာန စတင်ဖွဲ့စဉ်က ကျွန်တော် ပါဝင်ခဲ့ပြီး နောက်ပိုင်းနိုင်ငံခြားမှာ အလုပ်တာဝန်အရ သွားရောက်ခဲ့တာမို့ အဆက်အသွယ် ပြတ်ခဲ့တယ်။ ဒါပေမယ့် ၂၀၀၈ မြန်မာပြည်ပြန်ရောက်တဲ့ အချိန်ကစပြီး စီမံခန့်ခွဲမှု ဌာနက ဦးစီးသင်ကြားပို့ချနေတဲ့ MBA သင်တန်းတွေမှာပို့ချခဲ့တယ်။ ဝါဏိဇ္ဇဗေဒဌာနမှာလည်း ဘွဲ့လွန်သင်တန်းနှစ်ခုမှာ သင်တန်းတွေကို တာဝန်ယူပြီး သင်ကြားပို့ချခဲ့ပါတယ်။

## ခေတ်နဲ့အညီ ဖြစ်လာသော New Normal

အခုလို Zoom နဲ့ ဆောင်ရွက်တဲ့ ဆရာကန်တော့ပွဲတွေဟာ ခေတ်နဲ့အညီ တုံ့ပြန်မှုတွေဖြစ်တယ်။ အမှန်တော့ Zoom နဲ့ ကျင်းပတဲ့ ဆရာကန်တော့ပွဲတွေဟာ ကမ္ဘာပေါ်မှာ မြန်မာတစ်နိုင်ငံမှာပဲ ဆောင်ရွက်နိုင်တာ ဖြစ်တယ်။ နိုင်ငံတကာမှာ Zoom ထမင်းစားပွဲတွေ၊ လက်ဖက်ရည်ပွဲတွေ၊ ညှိနှိုင်းပွဲတွေလုပ်ခဲ့ပေမယ့် မြန်မာနိုင်ငံမှာလုပ်တဲ့ ဆရာကန်တော့ပွဲမျိုးမရှိနိုင်မှာ သေချာလှပါတယ်။ ဒီလို ဆောင်ရွက်တာကို Zoom ကို တီထွင်တဲ့ပိုင်ရှင်က အထူးအဆန်းတစ်ခုအနေနဲ့ အသိအမှတ်ပြုသွားရမှာ ဖြစ်ပါတယ်။ ဘယ်နိုင်ငံမှမရှိတဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်။ ဆရာကန်တော့ပွဲယဉ်ကျေးမှုဟာ ကျွန်တော်တို့နိုင်ငံမှာ အခုထိ ရှင်သန်နေတာဟာ ဂုဏ်ယူစရာကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ဆက်လက်ထိန်းသိမ်းသွားဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ ကန်တော့ပစ္စည်းတွေကိုလည်း အိမ်တိုင်ရာရောက်ပို့ဖို့ အခြေအနေမရှိတာမို့ အွန်လိုင်းကတစ်ဆင့် ကန်တော့ငွေတွေကိုလည်း လွှဲပေးခဲ့တာ။ ကျွန်တော်တို့ မြန်မာတွေဟာ ခေတ်နဲ့အညီ ရင်ပေါင်တန်းနိုင်တဲ့ လက္ခဏာတစ်ရပ်ဖြစ်ပါတယ်။ Zoom နဲ့ ကျင်းပတာမို့ အခမ်းအနားကျင်းပရတာ၊ ကန်တော့ခံဆရာ ဆရာမတွေကို အကြိုအပို့လုပ်ရတာတွေလည်း တာဝန်ပေါ့သွားမှာ ဖြစ်ပါတယ်။ ကန်တော့ပွဲလုပ်မယ့်နေရာ၊ သွားလာရတဲ့ဒုက္ခနဲ့လည်း ကင်းဝေးသွားတာ တွေ့ရပါတယ်။ ဒီအစဉ်အလာကို ကိုဗစ်-၁၉ ကာလအလွန်မှာလည်း ဆက်လက်ထိန်းသိမ်းသွားရမှာသာ ဖြစ်ပါတယ်။ ကန်တော့သူတွေ၊ ကန်တော့ခံတဲ့သူတွေအတွက် အလွန်အဆင်ပြေလှတဲ့ အစီအစဉ်တစ်ရပ်ဖြစ်ပါတယ်။

အခုလို ပုံမှန်အသစ်(new normal)နဲ့ ကန်တော့ခံရတာကို ပီတိဖြစ်မိပါတယ်၊ ကျေနပ်မိပါတယ်။ Zoom အခမ်းအနားတွေမှာ ကန်တော့တဲ့သူတွေက ကန်တော့ချိုးနဲ့တိုင်ကြတယ်။ အခုလို ကန်တော့ပြီးချိန်မှာ ကန်တော့ခံ ဆရာ ဆရာမတွေက ဆုပေးကြတယ်။ အခမ်းအနားက ရိုးရိုးနဲ့အဓိပ္ပာယ်ရှိရှိ ကျင်းပသွားကြတာဖြစ်တယ်။ ပကာသနမပါ၊ အကျွေးအမွေးမရှိဘဲ ကန်တော့ခြင်းရဲ့အနှစ်သာရအစစ်ကို ဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်ဆုပေးတဲ့အခါ ကျွန်တော့်ထက်အသက်ကြီးတဲ့၊ ဝါကြီးတဲ့ဆရာ ဆရာမကြီးတွေကို ကန်တော့ပါတယ်။

## အစဉ်အလာကောင်းတွေ ဆက်လက်ထိန်းသိမ်း

အခုဆိုရင် အသက်တွေရလာတာမို့ ကျွန်တော့်ထက်ကြီးသူတွေအနက် ဆရာမကြီး ဒေါ်ရီရီမြင့်၊ ဆရာကြီး ဦးမော်သန်းနဲ့ ဆရာမကြီး ဒေါ်လှမြင့် သုံးဦးပဲ ကျန်ရှိတော့ပါတယ်။ ဆရာမကြီး ဒေါ်ရီရီမြင့်ဟာ အမေရိကန်ပြည်ထောင်စုနာမည်ကြီး Stanford တက္ကသိုလ်က MBA ဘွဲ့ရထားသူဖြစ်ပြီး စီမံခန့်ခွဲမှုပညာဌာနမှာ တာဝန်ယူခဲ့သူဖြစ်ပါတယ်။ ဆရာမကြီး ဒေါ်လှမြင့်ကတော့ ကျွန်တော့်ရဲ့ ဆရာမအရင်းဖြစ်တယ်။ နောက်ဆုံးနှစ်တက်နေစဉ် ကျွန်တော့်ရဲ့ နည်းပြဆရာမတစ်ဦး ဖြစ်ပါတယ်။ ဆရာကြီး ဦးမော်သန်းကတော့ ကျွန်တော်နဲ့အတူ အင်္ဂလန်နိုင်ငံမှာ နိုင်ငံခြားပညာတော်သင်သွားရောက်ခဲ့သူဖြစ်ပါတယ်။ ကျွန်တော်တို့ကို ကန်တော့ကြသူတွေအထဲမှာ ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ၊ ညွှန်ကြားရေးမှူးချုပ်တွေ၊ ပါမောက္ခချုပ်တွေ၊ ပါမောက္ခတွေ ပါဝင်ကြပါတယ်။ သူတို့အနေနဲ့ အခုလို အောင်မြင်နေကြတာ တွေ့မြင်ရတော့ စိတ်ထဲမှာ ကျေနပ်မိပါတယ်။ ကိုယ့်တပည့်တွေ ကိုယ့်ထက်အောင်မြင်တာဟာ အခြေခံ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ သားသမီးဟာ မိဘထက် တော်ရမယ်။ တပည့်တွေဟာ ဆရာတွေထက် ထူးချွန်ရမှာသာ ဖြစ်ပါတယ်။ ဒီလိုမှ မျိုးဆက်သစ်တွေဟာ တိုးတက်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုအရ ကံသုံးပါးနဲ့ ပြစ်မှားမိရင် ခွင့်လွှတ်ဖို့ အမြဲတောင်းခံပါတယ်။ ကိုယ့်အနေနဲ့ အမြဲခွင့်လွှတ်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ကိုယ်ကတပည့်တွေအပေါ် ပြစ်မှားမိရင်လည်း ခွင့်လွှတ်ဖို့ စိတ်ထဲက တောင်းဆိုမိပါတယ်။

အလွန်မြတ်နိုးစရာကောင်းတဲ့ ထုံးစံယဉ်ကျေးမှုကို နောင်လာနောက်သားတွေ ဆက်လက်ထိန်းသိမ်းမယ်လို့ ယုံကြည်မိပါတယ်။ Zoom နည်းပညာနဲ့ ပိုပြီး အဆင်ပြေတဲ့၊ ချောမွေ့တဲ့ ကန်တော့ပွဲတွေ ဆက်လက်လုပ်ကြမယ်လို့လည်း ယုံကြည်မိပါတယ်။ ။

# ကိုလိုနီခေတ် စားသောက်ကုန်လုပ်ငန်းများ

## သိပ္ပံစာရေးဆရာကိုကိုအောင်

သကြားထုတ်လုပ်ရေးလုပ်ငန်းကို ၁၉၃၂ ခုနှစ်တွင် ပြဋ္ဌာန်းအတည်ပြုခဲ့သော The Sugar Industry (Protection) Act အရ အစိုးရက အကာအကွယ်ပေးထားခဲ့သည်။ အကာအကွယ်ပေးသည်ဆိုရာ၌ ပြည်တွင်း သကြားစက်များတည်ထောင်ရေးနှင့် ထုတ်လုပ်ရေးကိုအားပေးပြီး ပြည်ပမှဝင်လာသောသကြားအပေါ် အကောက်ခွန် တိုးမြှင့်ကောက်ခံခြင်းဖြစ်သည်။ ထိုအက်ဥပဒေက မြန်မာနိုင်ငံသို့ပါ အာဏာသက်ရောက်သော်လည်း မြန်မာနိုင်ငံတွင် သကြားစက်နှစ်စက်မျှသာ လည်ပတ်နေသည့်အပြင် နောက်ထပ်သကြားစက်များကလည်း တည်ထောင်နိုင်ခြင်းမရှိခဲ့သဖြင့် အကျိုးမခံစားခဲ့ရပေ။ အကာအကွယ်ပေးသော ထိုဥပဒေကြောင့် ပြည်ပမှဝင်လာသော သကြားတစ်ဟန္ဒြတ်အပေါ်တွင် ၇ ကျပ် ၄ ပဲ ပေးဆောင်ရမည့် အကောက်ခွန်နှုန်းကို ၁၉၃၈ ခုနှစ်အထိ တိုးချဲ့သတ်မှတ်ခဲ့သည်။ ထို့ပြင် ၁၉၃၁ ခုနှစ် အိန္ဒိယဗဟိုအစိုးရ၏ အရေးပေါ် ဘတ်ဂျက်စီမံကိန်းအရ အပိုနှုန်း ၂၅ ရာခိုင်နှုန်း ထပ်ဆင့်လိုက်သဖြင့် အကောက်ခွန်သည် သကြားတစ်ဟန္ဒြတ်လျှင် ၉ ကျပ် ၁ ပဲ ဖြစ်သွားခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် The Sugar (Excise Duty) Act ကို ထပ်မံပြဋ္ဌာန်းပြီး ထိုအက်ဥပဒေအရ ၁၉၃၄ ခုနှစ် ဧပြီလ ၁ ရက်မှ အစပြု၍ ပြည်တွင်းစက်ရုံထွက် သကြားတစ်ဟန္ဒြတ်ပေါ်တွင် အကောက်ခွန်အဖြစ် ၁ ကျပ် ၅ ပဲ ကောက်ယူခဲ့သည်။ ၁၉၃၇-၃၈ ခုနှစ်တွင် ထိုအကောက်ခွန်ကို ၂ ကျပ်အထိ တိုးမြှင့်လိုက်သည်။

ပြည်ပမှဝင်သောသကြားအပေါ်တွင် အကောက်ခွန်နှုန်း တိုးမြှင့်လိုက်သဖြင့် ထိုအက်ဥပဒေ၏ အကောက်ခွန် နှုန်းကို အခွင့်ကောင်းယူကာ အိန္ဒိယပြည်တွင် သကြားစက်များကို အများအပြား တည်ထောင်လည်ပတ်ကြရာ သကြားစက်ပေါင်း ၁၅၀ ကျော်မျှ ထွန်းကားလာပြီး တစ်နှစ်လျှင် သကြားတန်ပေါင်း ၈၀၀၀၀၀ ခန့် ထုတ်လုပ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင်မူ သကြားစက်များကို တည်ထောင်နိုင်ခြင်း မရှိခဲ့ပေ။ ဇေယျဝတီ သကြားစက် အောင်မြင်ကြီးပွားတိုးတက်သည်ကို မြင်၍ ၁၉၃၅ ခုနှစ်ခန့်က ပျဉ်းမနားဝန်းကျင်ရှိ တိုင်းရင်းသားများက ပျဉ်းမနားတွင် မြန်မာပိုင် သကြားစက်တစ်လုံးကိုတည်ထောင်ရန် ကြိုးပမ်းခဲ့ကြသော်လည်း အစိုးရက ခွင့်မပြုခဲ့ပေ။ ပြည်ပမှတင်သွင်းသော သကြားအပေါ်တွင် အခွန်အကောက်တိုး၍ ကောက်ခံခဲ့ရမည် ဖြစ်သော်လည်း မြန်မာနိုင်ငံသို့ သကြား အများဆုံး တင်ပို့သည်မှာ အိန္ဒိယနိုင်ငံဖြစ်ပြီး ထိုစဉ်က မြန်မာနိုင်ငံမှာ အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ်သာ ရှိခဲ့သဖြင့် အိန္ဒိယမှ တင်သွင်းသော ကုန်ပစ္စည်းများအပေါ်တွင် အခွန်မကောက်ခဲ့ရပေ။ ဒုတိယကမ္ဘာစစ် မဖြစ်မီအချိန်က မြန်မာနိုင်ငံအတွက် သကြားများကို အိန္ဒိယမှ ၉၀ ရာခိုင်နှုန်း၊ ဟောင်ကောင်မှ ၆ ဒသမ ၇ ရာခိုင်နှုန်းနှင့် ဂျာဗားမှ ၂ ဒသမ ၆ ရာခိုင်နှုန်း တင်သွင်းခဲ့သည်။ ထို့ကြောင့် ပြည်ပမှ သကြား တင်သွင်းမှုကို မပိတ်ပင်နိုင်သည့်အပြင် Sugar (Excise Duty) Act ကြောင့် ပြည်တွင်းစက်ရုံထွက် သကြားများအပေါ်၌သာ အကောက်ခွန်နှုန်းတိုးသွားခဲ့ခြင်းက အဖတ်တင်ကျန်နေခဲ့သည်။

ကိုလိုနီခေတ်မြန်မာနိုင်ငံတွင် အောင်မြင်ဖြစ်ထွန်းခဲ့သော သကြားစက် နှစ်စက်သာရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ဇေယျဝတီသကြားစက်နှင့် ဆားမော်သကြားစက်တို့ဖြစ်ကြပြီး နှင်းပုလဲသကြားစက်မှာ ဖြစ်ထွန်း အောင်မြင်မှု မရှိလှပေ။ သကြားစက်ရုံများအတွက် ရည်ရွယ်စိုက်ပျိုးသော ကြံအထွက်နှုန်းမှာ စက်ရုံများမှ ကြိတ်ဝါးနိုင်သည်ထက် ပမာဏများစွာ ပိုခဲ့သည်။ ပိုလျှံနေသော ကြံများကို သကြားညိုချက်သော စက်ကလေးများနှင့် ကြံသကာလုပ် စက်ကလေးများက အသုံးပြုခဲ့ကြသည်။ ၁၉၄၀ ပြည့်နှစ်က သကြားစက်ကြီး နှစ်စက်အပါအဝင် သကြားညိုချက်စက်၊ ကြံသကာလုပ်စက်

> **"ကိုလိုနီခေတ်မြန်မာနိုင်ငံတွင် အောင်မြင်ဖြစ်ထွန်းခဲ့သော သကြားစက် နှစ်စက်သာရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ဇေယျဝတီသကြားစက်နှင့် ဆားမော်သကြားစက်တို့ဖြစ်ကြပြီး နှင်းပုလဲသကြားစက်မှာ ဖြစ်ထွန်း အောင်မြင်မှု မရှိလှပေ။ သကြားစက်ရုံများအတွက် ရည်ရွယ်စိုက်ပျိုးသော ကြံအထွက်နှုန်းမှာ စက်ရုံများမှ ကြိတ်ဝါးနိုင်သည်ထက် ပမာဏများစွာ ပိုခဲ့"**

စသည့် ကြံထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း ငါးခုသာရှိခဲ့သည်။

သကြား၊ ကော်ဖီ၊ ကိတ်မုန့်၊ ပေါင်မုန့်၊ ဘီစကွတ်၊ ရေခဲ၊ ဘိလပ်ရည်စသော စားသောက်ကုန်များသည် မြန်မာ့ရိုးရာ အစားအစာများ မဟုတ်ကြပေ။ ဗြိတိသျှတို့၏ စိုးမိုးမှုအောက်တွင် နိုင်ငံခြားသားလူဦးရေ တိုးပွားလာသည့်အပြင် နိုင်ငံခြား ယဉ်ကျေးမှုက လွှမ်းမိုးလာသောကြောင့်သာလျှင် မြို့ကြီးပြကြီးနေ လူကုံထံများက နိုင်ငံခြားအစားအစာများကို ခုံခုံမင်မင် စားသုံးလာကြခြင်း ဖြစ်သည်။ ဆက်စပ်အကျိုးဆက်အဖြစ် ထိုစားသုံးကုန်များကို ထုတ်လုပ်သော စက်ကိရိယာများနှင့် စက်မှုလုပ်ငန်းများလည်း ထွန်းကားလာခဲ့သည်။ ထိုစဉ်က စက်ရုံအက်ဥပဒေအရ အလုပ်သမား ၁၀ ဦးရှိပြီး စက်ကိရိယာအသုံးပြုသော လုပ်ငန်းကို စက်ရုံဟု သတ်မှတ်ထားခဲ့ရာ သကြားစက်မှအပ ကျန်စားသောက်ကုန် ထုတ်လုပ်သောစက်ရုံများမှာ စက်ရုံငယ်ကလေးများသာဖြစ်ကြပြီး စက်ရုံဦးရေကလည်း မများလှပေ။

ဘီစကွတ်၊ ပေါင်မုန့်၊ ကိတ်မုန့်စသော နိုင်ငံခြား စားသောက်ကုန် ထုတ်လုပ်ရေး စက်များနှင့် ဆက်နွှယ်ကာ ကိုလိုနီခေတ် ၁၉၂၁ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ ကာလအတွင်းက ဂျုံစက်များလည်းပေါ်ထွန်းခဲ့သည်။ ထိုနှစ်များအတွင်း ဂျုံစက်နှစ်စက်မှ ငါးစက်အထိ လည်ပတ်ကြပြီး ဩစတြေးလျတိုက်မှ တင်သွင်းသောဂျုံများကို ကြိတ်ခဲ့ကြသည်။ ရန်ကုန်တွင် ရိုလာ (Roller) စက်ဖြင့် ကြိတ်သော အဒမ်ဂျီဂျုံစက်နှင့် ရန်ကုန်ရိုလာဂျုံစက်တို့မှာ ထင်ရှားသော စက်ကြီးများ ဖြစ်ကြသည်။ မန္တလေးမြို့ ဘီလမ်းတွင်လည်း ခိုကြာလူမျိုးများတည်ထောင်သော ရိုလာစက်သုံး ဂျုံစက်တစ်ခုရှိခဲ့သည်။ ရန်ကုန်မြို့ ၂၆ လမ်းနှင့် စစ်ကဲမောင်ထော်လေးလမ်းရှိ ဂျုံစက်များမှာ အာတာကြိတ်စက်များ ဖြစ်ကြသည်။

စားသောက်ကုန်ထုတ်လုပ်သော အခြားစက်ရုံတစ်ခုမှာ ၁၉၃၀ ပြည့်နှစ်က မေမြို့၌ မြန်မာလူမျိုး ဦးဘတူ တည်ထောင်သော ကော်ဖီစက်ဖြစ်သည်။ စက်မှုလက်မှု မှတ်ပုံတင်အမှတ် တီအမ်အေ (၁)/၂၀၉/၁/၃ ဖြင့် မှတ်ပုံတင်ပြီး ဘီတီဘရားသား အထက်မြန်မာပြည် ကော်ဖီကုမ္ပဏီအမည်ဖြင့် လုပ်ကိုင်ခဲ့သည်။ အမှတ် ၁၅၇/ခ မန္တလေး-လားရှိုးလမ်းမ၊ မေမြို့တွင် တည်ရှိပြီး မြေအကျယ်အဝန်းမှာ ၀ ဒသမ ၈၀၇ ဧကရှိသည်။ မတည်ငွေကျပ် ၅၆၀၀၀၀ ခန့်ဖြင့် ရင်းနှီးမြှုပ်နှံတည်ထောင်ခဲ့သော စက်ရုံ ဖြစ်သည်။ ထိုစက်ရုံ၏ အဓိကကုန်ကြမ်းမှာ ကော်ဖီစေ့ဖြစ်ပြီး ဒုတိယ အဓိကကုန်ကြမ်းက ချီကိုရီအမှုန့်ဖြစ်သည်။ ကော်ဖီစေ့အစိမ်းကို ပြည်တွင်း၌ ဝယ်ယူရရှိပြီး ချီကိုရီအမှုန့်ကို နိုင်ငံခြားမှ မှာယူတင်သွင်း ခဲ့သည်။ ထုတ်လုပ်သည့် ကုန်ချောအမျိုးအစားမှာ ကော်ဖီစစ်စစ်နှင့် ပြင်သစ်ကော်ဖီတို့ ဖြစ်ကြသည်။ ထိုစက်ရုံတွင် ဂျာမနီနိုင်ငံလုပ် လျှပ်စစ်ကော်ဖီစေ့လှော်စက်နှစ်လုံးရှိပြီး တစ်ရက်အလုပ်ချိန် ၈ နာရီအတွင်း ကော်ဖီစေ့ပေါင် ၁၄၄၀ ကို လှော်နိုင်ခဲ့သည်။

ကိုလိုနီခေတ်အတွင်းက အစိုးရ၏ စိုက်ပျိုးရေးဥယျာဉ်များတွင် အာရေဘီးယား ကော်ဖီ၊ လစ်ဘီးယား ကော်ဖီမျိုးတို့ကို စမ်းသပ်စိုက်ပျိုးခဲ့သည်။ တောင်ငူအနီး ကရင်တောင်တန်းဒေသတွင် အာရေဘီးယားကော်ဖီ ဖြစ်ထွန်းပြီး ထိုဒေသရှိ သံတောင်မှထွက်သော ကော်ဖီစေ့ကို ကြိတ်သည့် စက်ငယ်တစ်ခုလည်း ရှိခဲ့သည်။ ထိုစက်မှ တောင်ငူကော်ဖီအမည်ဖြင့် ထုတ်လုပ်ကာ သံဘူးအတွင်း သွတ်သွင်း၍ ရောင်းချခဲ့သည်။

စားသောက်ကုန်လုပ်ငန်းများအနက် ရေခဲနှင့်ဘိလပ်ရည်ထုတ်လုပ်သော လုပ်ငန်းများလည်း တွင်ကျယ်ခဲ့သည်။ ၁၉၂၁ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံတွင် ရေခဲနှင့်ဘိလပ်ရည်စက်ရုံ ခုနစ်ရုံမှ ၁၂ ရုံအထိ ရှိခဲ့သည်။ ရေခဲနှင့်ဘိလပ်ရည်စက်ရုံ ၁၂ ရုံအထိ ရှိခဲ့သော နှစ်များမှာ ၁၉၂၇ နှင့် ၁၉၂၈ ခုနှစ်များ ဖြစ်ကြသည်။ ၁၉၃၅ နှင့် ၁၉၃၆ ခုနှစ်များတွင် ရှစ်ရုံသာ ကျန်ရှိတော့ပြီး ၁၉၃၇ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အတွင်းတွင် ခုနစ်ရုံသာ ကျန်ရှိတော့သည်။

ရေခဲနှင့်ဘိလပ်ရည် ထုတ်လုပ်ခဲ့သော စက်ရုံလုပ်ငန်းများတွင် မစ္စတာဒူးဘန်းနှင့် မစ္စတာ အေဒီတို့ စတင်တည်ထောင်ခဲ့သော ဒိုင်းမွန်းဘိလပ်ရည်နှင့် ရေခဲစက်ရုံသည် အထင်ရှားဆုံးဖြစ်သည်။ ထိုလုပ်ငန်းကို ၁၈၉၂ တွင် D Bern & Co. အမည်ဖြင့် ဆူးလေဘုရားလမ်း၌ အစပျိုး လုပ်ကိုင်ခဲ့သည်။ လုပ်ငန်းအောင်မြင်သောကြောင့် ၁၈၉၆ ခုနှစ်တွင် အောက်ကီလီလမ်း၌ တစ်ရက်လျှင် ရေခဲတန် ၃၀၀ ကျ စက်ရုံကိုလည်းကောင်း၊ အထက် ကီလီလမ်း၌ တစ်ရက်လျှင် ဒါဇင် ၆၀၀၀ ကျသော အင်ပီရီရယ်ဘိလပ်ရည်စက်ရုံကိုလည်းကောင်း ခေတ်မီစက်များဖြင့် တည်ထောင်ကာ လည်ပတ်ထုတ်လုပ်ခဲ့သည်။

ရန်ကုန်မြို့တွင် ၁၉၃၀ ပြည့်နှစ်ဝန်းကျင်က ဘိလပ်ရည်စက်ရုံ တည်ထောင် ထုတ်လုပ်ခဲ့သော အခြားကုမ္ပဏီများမှာ မြန်မာပြည် ရေခဲနှင့်ဘိလပ်ရည်ကုမ္ပဏီ (၃၆၇၊ အောက်ကြည့်မြင်တိုင်လမ်း)၊ အင်ပီရီရယ် ကျားတံဆိပ် ဘိလပ်ရည်ကုမ္ပဏီ (၅၂၈၊ ကုန်သည်လမ်း)၊ အင်ဒိုဘားမား ဘိလပ်ရည်ကုမ္ပဏီ (၁၄၄၊ ၃၇ လမ်း)၊ ကြည့်မြင်တိုင် ရေခဲနှင့်ဘိလပ်ရည်စက်ရုံ (ဟံသာဝတီလမ်း)၊ ရန်ကုန်ဘိလပ်ရည်စက်ရုံ (၁၀၈၊ ကျုံးကြီးလမ်း)၊ ဆယ်မြူရယ် သရဖူတံဆိပ် ဘိလပ်ရည်ကုမ္ပဏီ (၈၀၊ ဝီလီယမ်လမ်း)၊ ဆော်လမွန်လီမိတက် (၂၉၅၊ ဂေါ်ဒွင်လမ်း)၊ ယူနိုက်တက် ကြက်တံဆိပ် ဘိလပ်ရည်ကုမ္ပဏီ (၁၉၈၊ ကျုံးကြီးလမ်း)၊ မြန်မာ့ဘိလပ်ရည်ကုမ္ပဏီ (၄၂ လမ်း) တို့ ဖြစ်ကြသည်။

ဘိလပ်ရည်စက်ရုံကို ရန်ကုန်မြို့၌ သာမက မန္တလေးမြို့နှင့် ပုသိမ်တို့တွင်လည်း တည်ထောင်ခဲ့ကြသည်။ မန္တလေးမြို့ဒါးတန်းအရပ်၌ ၁၈၂၄ ခုနှစ်တွင် ဂျူးလူမျိုးညီအစ်ကို ဒေးဗစ်နှင့် အီစရာဆိုသူနှစ်ဦးက စတင်တည်ထောင်ခဲ့သည်။ ဒါးတန်းဘိလပ်ရည်နှင့် ရေခဲစက်မှ တစ်ရက်လျှင်ရေခဲပေါင် ၄၈၀၀၀ နှင့် ဘိလပ်ရည်ဒါဇင် ၁၀၀၀ ထုတ်လုပ်နိုင်ခဲ့သည်။ ပုသိမ်မြို့ရှိရေခဲစက်ကမူ ၁၉၃၂ ခုနှစ်တွင် မစ္စဒူဘတ်ချ် တည်ထောင်ခဲ့သော စက်ဖြစ်ကာ ပုသိမ်မြို့အရှေ့ဘက် မျက်တိုကျေးရွာအနီး၌ တည်ရှိခဲ့သည်။ မြင်းကောင်ရေ ၉၆ ကောင်အားရှိသော ခရော့စလေအင်ဂျင်တစ်လုံး၊ ရေခဲကန်နှစ်ကန်၊ အမိုးနီးယား ကွန်ပရက်ဆာနှစ်လုံးဖြင့် စတင်လည်ပတ်ခဲ့သည်။ ။

## ပြည်သူများအနေဖြင့် အနံ့မရဘူးလို့ ခံစားလာရလျှင် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ကိုဗစ်- ၁၉ ပိုး ရှိ မရှိ စစ်ဆေးရန် အမြန်ဆုံးအကြောင်းကြားပေးစေလို

**မော်လမြိုင် နိုဝင်ဘာ ၁၅**

အနံ့မရသဖြင့် စစ်ဆေးရာမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့သူများလာသည့်အတွက် ပြည်သူများအနေဖြင့် အနံ့မရဘူးဟု ခံစားလာရပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနများကို အမြန်ဆုံး အကြောင်းကြားပေးစေလိုကြောင်း မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြောသည်။

ယခုရက်ပိုင်းများတွင် မွန်ပြည်နယ်အတွင်း အနံ့မရသဖြင့် ကိုဗစ်- ၁၉ ပိုး ရှိ မရှိ စစ်ဆေးရာမှ ရောဂါပိုးတွေ့ရှိသူ များလာသည့်အတွက် ယင်းကဲ့သို့ ခံစားလာရလျှင် အမြန်ဆုံးနှင့် အနီးစပ်ဆုံး ကျန်းမာရေးဌာနများကို အကြောင်းကြားပေးစေလိုကြောင်း ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (စီမံဘဏ္ဍာ)မှ ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာ ဝတ်မှုံက ပြောသည်။

"ရန်ကုန်တိုင်းဒေသကြီး ပြီးလို့ရှိရင် တဖြည်းဖြည်း တခြားနေရာတွေကို ရောက်လာမယ်ဆိုတာ ရောဂါပိုးက တစ်နေရာတည်းမှာ နေတာမဟုတ်ဘူး၊ ကျွန်မတို့က ဒါကို မှန်းထားပြီးသားပါ၊ တဖြည်းဖြည်းနဲ့ ဆက်စပ်လူနာတွေမှာလည်း အနံ့ပျောက်တဲ့ လူနာတွေ များလာမယ်၊ စစ်ရင် ပိုးတွေ့နိုင်မယ်ဆိုတာကတော့ မျှော်လင့်ထားပြီးသားပေါ့၊ ပုံမှန်ကတော့ အနံ့ပျောက်မယ်ဆိုရင် ကိုယ့်ရဲ့ သက်ဆိုင်ရာ အနီးစပ်ဆုံး ကျန်းမာရေးဌာနခွဲကို အကြောင်း ကြားမယ်၊ မြို့ပေါ်သမားတွေကတော့ ဆေးရုံကိုလက်လှမ်းမီရင်ဆေးရုံကိုအကြောင်းကြားပေါ့၊ တစ်နည်းနည်းနဲ့ စစ်ပေးမယ် ပိုးတွေ့ရင် မော်လမြိုင် ဆေးရုံတက်ရမယ်" ဟု ၎င်းက ပြောသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြန်လာသူများအနေဖြင့် စစ်တောင်းဂိတ်နှင့် ရေးမြို့နယ်အဝင်ဂိတ်များတွင် ကိုဗစ်-၁၉ ပိုး ရှိမရှိ တစ်ကြိမ်စစ်ဆေးပေးမည်ဖြစ်ပြီး ပိုးမတွေ့ပါက သက်ဆိုင်ရာ မြို့နယ်များတွင် အသွားအလာကန့်သတ်စောင့်ကြည့်နေရာ ဝင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ပြီးခဲ့သည့် ရွေးကောက်ပွဲကာလတွင် ကန့်သတ်မြို့နယ်နှင့် ပြည်ပကနေ ပြန်လာသူများကို ခုနစ်ရက် အသွားအလာကန့်သတ်စောင့်ကြည့်နေရာ ဝင်စေခဲ့ပြီး ရွေးကောက်ပွဲအပြီးမှာတော့ ပုံမှန် ၁၄ ရက် အသွားအလာကန့်သတ်စောင့်ကြည့်နေရာ ဝင်ရမည်ဖြစ်ကြောင်း ဒေါက်တာ ဝတ်မှုံက ဆက်လက်ပြောသည်။

မွန်ပြည်နယ်တွင် နိုဝင်ဘာ ၁၄ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာ ၈၂၀ ကျော် ရှိပြီး ၎င်းတို့ထဲမှ သက်သာလာ၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ၆၇၀ ကျော်ရှိကြောင်း ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကိုဟိန်း(ပေါင်)



# ရန်ကုန်တက္ကသိုလ်၏ သုတ၊ ရသစာပေ အစဉ်အလာ

## မောင်ခင်မင်(ဓနုဖြူ)

**ရန်ကုန်တက္ကသိုလ်သည် သုတ၊ ရသ စာကောင်းပေမွန်များ အစဉ်အဆက်ပေါ်ထွန်းရာ ‘ရေခံမြေခံကောင်း’ ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်မှာ သင်ကြားပို့ချသော ပညာရှင်ဆရာ ဆရာမများသည် ပညာရပ်ဂျာနယ် စာစောင်များတွင် ပညာရပ်အမျိုးမျိုးကို စာတမ်းများ၊ ဆောင်းပါးများဖြင့် ဖြန့်ဝေသကဲ့သို့ ရန်ကုန်တက္ကသိုလ်မှာ ပညာဆည်းပူးသော ကျောင်းသား ကျောင်းသူများထဲမှ စာပေဝါသနာရှင်များသည် တက္ကသိုလ်မဂ္ဂဇင်း စာစောင်များတွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများ ရေးသားကြသည်။ ဤအစဉ်အလာသည် အမိတက္ကသိုလ်ကြီး၏ နှစ်တစ်ရာသက်တမ်းကာလအထိ ရှင်သန်ဖွံ့ဖြိုးနေဆဲဖြစ်သည်။**

ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်သော ၁၉၂၀ ပြည့်နှစ်တွင် ပညာရပ်အသင်းကြီးဖြစ်သော **မြန်မာနိုင်ငံ သုတေသနအသင်း** (Burma Research Society) သည် သက်တမ်း ၁၀ နှစ်ရှိနေပြီဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ ပညာရှင်များအပါအဝင် မြန်မာပညာရှင်များ၊ အနောက်တိုင်းပညာရှင်များ အများအပြားပါဝင်၍ မြန်မာနိုင်ငံတွင် ပညာရပ် အမျိုးမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြသည်။ ဆရာကြီးဦးဖေမောင်တင်၊ ဆရာကြီး ဦးဖေအောင် စသည့်မြန်မာပညာရှင်များ ထင်ရှားသည်။ ပညာရပ်နယ်ပယ်အသီးသီးတွင် သုတေသနပြု၍ စာတမ်းများဖတ်ကြသည်။ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ် (Journal Of The Burma Research Society) ကို တစ်နှစ်လျှင် နှစ် ကြိမ်၊ အချို့နှစ်များတွင် သုံးကြိမ် ထုတ်ဝေ၍ ပညာဖြန့်ဖြူးကြသည်။ ပညာရှင်များ၏ သုတေသန စာတမ်းများ၊ ဆောင်းပါးများကို ဂျာနယ်တွင် ထည့်သွင်းသည့်အတွက် ဖတ်ရှုသူတို့ အသိအမြင်တိုးပွားရသည်။ အစပိုင်းတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသော ဆောင်းပါးစာတမ်းများသာ ပါဝင်သော်လည်း မကြာမီမှာပင် အဂ္ဂမဟာပဏ္ဍိတဆရာကြီးဦးလင်း၊ ဆရာဖြေ စသည့်မြန်မာပညာရှင်ကြီးများ၏ ဆောင်းပါးများလည်း ပါဝင်လာသည်။ နောက်ပိုင်းတွင် ဦးဝန်၊ ဦးတင်ကြီး၊ ဦးတင်လှ၊ ဒေါက်တာသန်းထွန်း၊ ဒေါ်ကြန်စသည့် ဆရာကြီး ဆရာမကြီးများ မြန်မာလိုရေးသည့် ဆောင်းပါး စာတမ်းများကို တွေ့ရသည်။ ၁၉၈၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ သုတေသနအသင်း ရပ်စဲသည့် အချိန်အထိ နှစ် ၇၀ တိုင်တိုင် သုတစာပေများကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖြန့်ဝေပေးခဲ့သော ပညာဘဏ်တိုက်ကြီးဖြစ်သည်။

ထိုအစဉ်အလာသည် ၁၉၆၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ပရိဝုဏ်၌ နှစ်စဉ် နွေရာသီ ကျောင်းပိတ်ရက်များတွင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သော **မြန်မာနိုင်ငံ သုတေသနကွန်ဂရက်** (Burma Research Congress) ခေါ် ဆွေးနွေးပွဲများနှင့် ချိတ်ဆက်မိသွားသည်။ ထိုဆွေးနွေးပွဲတွင် ပညာရပ်အသီးသီး၏ သုတေသန စာတမ်းဖတ်ပွဲများကို နေရာခွဲ၍ ကျင်းပရာ တက္ကသိုလ်ဆရာ ဆရာမများ၊ ပြင်ပပညာရှင်များက စာတမ်းများ

*စာမျက်နှာ ၂၅ သို့*




ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစုက ဦးဆောင်ကျင်းပခဲ့သော မောင်ခင်မင် (ဓနုဖြူ)၏ စာအုပ်တစ်ရာပြည့် ဂုဏ်ပြုပွဲသို့ နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးထင်ကျော်နှင့် ဇနီးတို့ တက်ရောက်ခဲ့ကြစဉ်။

**“၁၉၆၅ ခုနှစ်ကစ၍ ရန်ကုန်တက္ကသိုလ်တွင် ဘာသာတွဲစနစ်မှ အဓိကဘာသာစနစ်သို့ ပြောင်းလဲသော ပညာရေးစနစ်သစ်ကို စတင်အကောင်အထည်ဖော်ရာ ‘တက္ကသိုလ်ပညာ မြန်မာလိုသင်မည်’ ဟူသော ဆောင်ပုဒ်နှင့်အတူ ပညာရပ်အသီးသီးကို မြန်မာဘာသာဖြင့် သင်ကြားနိုင်ရေးအတွက် မြန်မာဘာသာဖြင့် စာအုပ်စာတမ်းများ ရေးသားပြုစုကြ”**




၂၀၁၇ ခုနှစ်က ပြုလုပ်ခဲ့သော မြန်မာစာမိသားစု အစည်းအဝေးသို့ တက်ရောက်လာကြသော မြန်မာစာမိသားစုဝင်များ။



### စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

- အမည်- ဒေါက်တာခင်အေး
- ဓနုဖြူမြို့နယ်၊ ကျုံတနီးရွာ ဇာတိဖြစ်ပြီး ၁၉၄၀ပြည့်နှစ် ဇန်နဝါရီ ၂၄ ရက်နေ့တွင် ဖွားမြင်သည်။
- ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (အထွေထွေဂုဏ်ထူး)ဘွဲ့၊ မဟာဝိဇ္ဇာ(မြန်မာစာ)ဘွဲ့၊ ဂုဏ်ထူးဆောင်စာပေပါရဂူ(ဒီလစ်) ဘွဲ့များ ရရှိသည်။
- တက္ကသိုလ်ဆရာအဖြစ် ၄၃ နှစ်အမှုထမ်းပြီး ၂၀၀၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခဌာနမှူးအဖြစ်မှ အငြိမ်းစားယူသည်။
- အငြိမ်းစားယူပြီးနောက် မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်၊ အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီဝင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။
- စာပေအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။
- ရသစာတမ်းများ၊ ဆောင်းပါးများ၊ စာအုပ်များ၊ သုတေသနစာတမ်းများ ရေးသားခဲ့သည်။ ဘာသာစကား၊ စာပေ၊ ပညာရေး၊ လူငယ်အကြောင်းများနှင့် ဘဝအတွေ့အကြုံများကို ရေးသားလေ့ရှိသည်။ ယခုလည်း ရေးသားနေဆဲဖြစ်သည်။
- စာပေဗိမာန်စာမူဆု၊ အမျိုးသားစာပေဆု၊ အမျိုးသားစာပေတစ်သက်တာဆု၊ ထွန်းဖောင်ဒေးရှင်း စာပေဆု၊ ဆရာဝန်တင်ရွှေ စာပေတစ်သက်တာဆု၊ ထွန်းဖောင်ဒေးရှင်း တစ်သက်တာဆု၊ သုတစွယ်စုံ တစ်သက်တာ ဆုများ ရရှိသည်။



ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက ကျင်းပပြုလုပ်သော အာစရိယပူဇော်ပွဲ၌ ဆရာကြီး ဦးမြင့်ကြည်က ဆရာကြီး မောင်ခင်မင် (ဓနုဖြူ) အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။



ဒုတိယအကြိမ်ကျင်းပသော မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲ၌ ဒေါက်တာအောင်မြင့်ဦး (ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန) အမှာစကား ပြောကြားစဉ်။

*စာမျက်နှာ ၂၄ မှ*

ဖတ်ကြားကြသည်။ ဘာသာစာပေယဉ်ကျေးမှု၊ လူမှုသိပ္ပံ၊ ရူပသိပ္ပံ၊ ဘူမိသိပ္ပံ၊ ဆေးသိပ္ပံ၊ အင်ဂျင်နီယာသိပ္ပံ၊ ဓာတုသိပ္ပံ၊ ပညာရေး စသည့်ဘာသာရပ် နယ်ပယ်အသီးသီးက ဖတ်ကြားသော စာတမ်းများကို သက်ဆိုင်ရာ ဂျာနယ်များ၊ ပြင်ပစာစောင်များတွင် ပုံနှိပ်ထည့်သွင်းပြီးသည့်အတွက် အများဖတ်ရှုလေ့လာနိုင်ကြသည်။ ၁၉၈၀ ကျော်ကာလအထိ ထိုလှုပ်ရှားမှုသည် အသက်ဝင်ခဲ့သည်။

ထိုကာလတွင် 'ကန်သာစိမ်းလဲ့' ခေါ် ပညာရပ် အဖွဲ့အစည်းက ကျင်းပသော စာတမ်းဖတ်ပွဲများ ပေါ်ပေါက်ပြီး စာတမ်းများကို ပုံနှိပ်ထုတ်ဝေသည်။ သမိုင်းစာပေ၊ ယဉ်ကျေးမှု စာတမ်းများဖြစ်သည်။ **'ကန်သာစိမ်းလဲ့ စာတမ်းများ'** ဟု ထင်ရှားသည်။

၁၉၆၅ ခုနှစ်ကစ၍ ရန်ကုန်တက္ကသိုလ်တွင် ဘာသာတွဲစနစ်မှ အဓိကဘာသာစနစ်သို့ ပြောင်းလဲသော ပညာရေးစနစ်သစ်ကို စတင်အကောင်အထည်ဖော်ရာ **'တက္ကသိုလ်ပညာ မြန်မာလိုသင်မည်'** ဟူသော ဆောင်ပုဒ်နှင့်အတူ ပညာရပ်အသီးသီးကို မြန်မာဘာသာဖြင့် သင်ကြားနိုင်ရေးအတွက် မြန်မာဘာသာဖြင့် စာအုပ်စာတမ်းများ ရေးသားပြုစုကြ သည်။ တက္ကသိုလ်ပညာကို မြန်မာလိုသင်ကြားနိုင် ရေးအတွက် အထောက်အကူပြုရန် **တက္ကသိုလ် ပညာပဒေသာစာစောင်** ကို ၁၉၆၆ ခုနှစ်ကစ၍ တစ်နှစ်လျှင် လေးကြိမ် (နောက်ပိုင်းတွင် ခြောက်ကြိမ်) ထုတ်ဝေသည်။ ပါမောက္ခချုပ်မှ နည်းပြသရုပ်ပြအထိ တက္ကသိုလ်ဆရာ ဆရာမများက ပညာရပ် ဆောင်းပါးများ၊ စာတမ်းများ ပါဝင်ရေးသားကြသည်။ ပညာထူးချွန်သောဘွဲ့လွန်ဘွဲ့ကြို ကျောင်းသားများလည်း ပါဝင်ရေးသားကြသည်။ အဆင့်မြင့် ဆောင်းပါးစာတမ်း အများအပြားပေါ်ထွက်လာသည်။ ၁၉၈၀ ကျော်ကာလအထိ တက္ကသိုလ်ပညာ ပဒေသာစာစောင် အသက်ဝင်လှုပ်ရှားခဲ့သည်။

၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင် **မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့** ပေါ်ပေါက်လာပြီး နှစ်စဉ် စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ ပညာရပ်ဂျာနယ် ထုတ်ဝေခြင်းတို့ဖြင့် ထိုအစဉ်အလာကို လက်ဆင့်ကမ်း အကောင်အထည်ဖော်လျက်ရှိသည်။

သုတစာပေအစဉ်အလာသည် ဤနည်းဤပုံ ဖွံ့ဖြိုးလာသည်နှင့်အတူ ရသစာပေအစဉ်အလာ သည်လည်း ရန်ကုန်တက္ကသိုလ်ပေါ်ပေါက်စကပင် စတင်အသက်ဝင်ခဲ့သည်။ တက္ကသိုလ်ဆရာ ဆရာမများ ကျောင်းသားကျောင်းသူများထဲမှ 'စာပေသမား' များသည် **'ရန်ကုန်တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း'** ခေါ် 'တက္ကသိုလ်မဂ္ဂဇင်း'၊ တက္ကသိုလ် ကျောင်းသားသမဂ္ဂ(တကသ)က ထုတ်ဝေသော **အိုးဝေမဂ္ဂဇင်း၊** ရန်ကုန်တက္ကသိုလ်နှင့် နီးနွယ် နေသော **ဂန္ထလောကမဂ္ဂဇင်း** တို့တွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာစသည့် ရသစာပေများကို ရေးသားကာ 'ကလောင်သွေး' ကြသည်။ ၁၉၂၀ ကျော်ကာလတွင် ထိုမဂ္ဂဇင်းများမှာ စတင်ရေးသားခဲ့သောစာများကို ဆရာကြီး ဦးဖေမောင်တင်က ကောင်းနိုးရာရာစုစည်း၍ **'ခေတ်စမ်းပုံပြင်များ'** နှင့် **'ခေတ်စမ်းကဗျာများ'** ကို ၁၉၃၄ ခုနှစ်တွင် ထုတ်ဝေလိုက်ခြင်းဖြင့် ခေတ်စမ်းစာပေလှုပ်ရှားမှုသည် ရန်ကုန်တက္ကသိုလ် ပရိဝုဏ်တွင် စတင်အသက်ဝင်ခဲ့သည်။ အများက ကြိုဆိုလက်ခံသည့်အတွက် **'ခေတ်စမ်းစာပေ'** ထင်ရှားလာသည်။ သိပ္ပံမောင်ဝ၊ တက္ကသိုလ်မောင်သန့်စင်၊ ဇော်ဂျီ၊ မင်းသုဝဏ် စသောခေတ်စမ်းစာရေးဆရာများနှင့်အတူ မောင်ထင်၊ ညိုမြ၊ သိန်းဖေ(မြင့်) စသော တက္ကသိုလ်စာရေးဆရာများ ထင်ရှားလာသည်။ ထိုကာလတွင် ထင်ရှားသော **'ဒဂုန်မဂ္ဂဇင်း'** က **တက္ကသိုလ်ကဏ္ဍ** ဟူ၍ ဖွင့်ကာ တက္ကသိုလ် ကလောင်ရှင်များ၏ စာများကို ဖိတ်ခေါ်ခဲ့သည်။




ရန်ကုန်တက္ကသိုလ်မှ ဝါသနာရှင် ကျောင်းသားကျောင်းသူများ ရေးသားထုတ်ဝေခဲ့ကြသော စာစောင်များ။

**"တက္ကသိုလ်ပညာကို မြန်မာလိုသင်ကြားနိုင်ရေးအတွက် အထောက်အကူပြုရန် တက္ကသိုလ်ပညာပဒေသာစာစောင်ကို ၁၉၆၆ ခုနှစ်ကစ၍ တစ်နှစ်လျှင် လေးကြိမ် (နောက်ပိုင်းတွင် ခြောက် ကြိမ်) ထုတ်ဝေသည်။ ပါမောက္ခချုပ်မှ နည်းပြသရုပ်ပြအထိ တက္ကသိုလ်ဆရာ ဆရာမများက ပညာရပ်ဆောင်းပါးများ၊ စာတမ်းများ ပါဝင်ရေးသားကြ"**

ထိုကာလက ရန်ကုန်တက္ကသိုလ်လက်ရေးစာစောင် ထုတ်ဝေသော အစဉ်အလာလည်းရှိသည်။ ဆရာဇော်ဂျီသည် **ဟံသာကြေးမုံလက်ရေးစာစောင်** တွင် အယ်ဒီတာလုပ်စဉ် ပထမခေတ်စမ်းကဗျာ ဖြစ်သော ပိတောက်ပန်းကဗျာကို ၁၉၂၈ ခုနှစ်တွင် ရေးဖွဲ့သည်ဟု မှတ်သားရသည်။ သထုံဆောင်က **'သထုံသန်လျက်'**၊ ပုဂံဆောင်က **'ပုဂံလက်သီး'** လက်ရေးစာစောင်များ ထုတ်ဝေကြောင်း အမှတ်အသားရှိသည်။

ခေတ်စမ်းစာပေလှုပ်ရှားမှုကို အကြောင်းပြု၍ တက္ကသိုလ်ကလောင်ရှင် အများအပြား ပေါ်ပေါက်ပြီး တက္ကသိုလ်ပရိဝုဏ်ကို ကျော်၍ ပြင်ပစာပေလောကအထိ ဝင်ဆန့်ခဲ့ကြသည်။ ကလောင်နာမည်တွင် 'တက္ကသိုလ်' ဟူသော ဝိသေသနဖြင့် အထူးပြုထားသည့် ကလောင်ရှင်များစွာ ပေါ်ထွက်လာ သည်။

စစ်ပြီးကာလတွင် တက္ကသိုလ်ထွက်စာရေးဆရာများသည် စာပေလှုပ်ရှားမှုများကို ဦးဆောင်ခဲ့သည်။ ခေတ်မီအတွေးအမြင် အရေးအဖွဲ့များဖြင့် စာပေလောကတွင် အောင်မြင်စွာ နေရာယူခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်တွင်လည်း နှစ်လည် မဂ္ဂဇင်းထုတ်သည့် အစဉ်အလာသည် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ရှင်သန်သည်နှင့်အတူ လူငယ်ကလောင်ရှင်များစွာ ဆက်လက်ပေါ်ထွန်းခဲ့သည်။ တက္ကသိုလ်ကဗျာဆရာများ တစ်ဦးချင်းဖြစ် စေ၊ စုပေါင်း၍ဖြစ်စေ ထုတ်ဝေသော ကဗျာစာအုပ်များ ပေါ်ထွက်လာသည်ကို တွေ့ရသည်။ **ရန်ကုန်တက္ကသိုလ်ကလောင်အသင်း** စသည့်ကလောင်ရှင်များစုဝေးရာ အဖွဲ့အစည်းများကလည်း စာပေဖွံ့ဖြိုး ရေးကို အားပေးသည်။ တက္ကသိုလ်တွင် အခါအားလျော်စွာ ပေါ်ပေါက်သော အရေးကိစ္စများကို အကြောင်းပြု၍လည်း ကဗျာစာအုပ်များ ပေါ်ထွက်သည်။

စစ်ကြိုခေတ်က ဂန္ထလောကမဂ္ဂဇင်းတွင် အနောက်နိုင်ငံမှာ ထွန်းကားသော 'အက်ဆေး' စာပေကို အခြေပြု၍ 'အစမ်းစာ' ဟူသော စာပေပုံသဏ္ဌာန်ပေါ်ပေါက်ခဲ့ရာ တက္ကသိုလ်ဆရာများ၊ ကျောင်းသားများက အစမ်းစာ အများအပြား ရေးသားခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက် အစမ်းစာအရေးအသားကို အစောပိုင်းတွင် မဂ္ဂဇင်းများမှာ ထင်ထင်ရှားရှား မတွေ့ရဘဲ မှေးမှိန်သလိုဖြစ်နေရာမှ ၁၉၆၄ ခုနှစ်တွင် တက္ကသိုလ်ဆရာများ၏ စာများကို စုစည်းထုတ်ဝေသော **ကံ့ကော်မြိုင် စာတမ်း** ပေါ်ထွက်လာသောအခါ အစမ်းစာ အရေးအသားသည် အသွင်သစ်ဖြင့် ပြန်လည်ထွန်းကားလာသည်။ ကံ့ကော်မြိုင် စာတမ်းတွင် ဝါရင့်စာရေးဆရာကြီးများ၏ လက်ရာများနှင့်အတူ လူငယ်စာရေးဆရာများ၏ လက်ရာများလည်း ပါဝင်သည်။ မဂ္ဂဇင်းများတွင်လည်း 'စာတမ်း' ကဏ္ဍပြန်လည်နိုးကြားလာပြီး 'စာတမ်း' ရေးသည့် လူငယ်အများအပြား ပေါ်ထွက်လာသည်။ ထိုစာမျိုးကို 'စာတမ်း' ဟု ခေါ်ရာမှ 'စာတမ်းငယ်၊ ရသစာတမ်းငယ်'၊ 'အက်ဆေး' စသည်ဖြင့် အမျိုးမျိုးခေါ်ကြပြီး ယခုအခါတွင် **'ရသစာတမ်း'** ဟူသော အမည်တွင်ကျယ်နေပြီဖြစ်သည်။ ရသစာတမ်းသည် စာပေပုံသဏ္ဌာန်တစ်ခုအဖြစ် အခိုင်အမာရပ်တည်နေပြီဖြစ်သည်။

အမိရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် မြောက်ချိန်တွင် ရန်ကုန်တက္ကသိုလ်မှ ပေါက်ဖွားလာသော တက္ကသိုလ် အများအပြား ပေါ်ထွန်းနေသည်နှင့်အတူ အမိရန်ကုန်တက္ကသိုလ်နှင့် တက္ကသိုလ်အသီးသီးတွင် စာပေအသင်းအဖွဲ့များ၏ အားထုတ်မှုဖြင့် မဂ္ဂဇင်း စာစောင် ဂျာနယ်များ၊ စာအုပ်စာတမ်းများ စဉ်ဆက်မပြတ် ပေါ်ထွက်လျက်ရှိရာ အသစ်အသစ် ပေါ်ထွက်လာသော သုတ ရသစာပေများနှင့်အတူ ရန်ကုန်တက္ကသိုလ်၏ စာပေအစဉ်အလာသည်လည်း ဆက်လက်ဖွံ့ဖြိုးနေမည်ဖြစ်ပါသည်။ ။

ဆောင်းပါးပါဓာတ်ပုံများကို ဒေါက်တာအောင်ဆန်း (ရန်ကုန်တက္ကသိုလ်) က ပူးပေါင်းကူညီ ပေးပါသည်။

# မြန်မာ့ရေပိုင်နက်အတွင်း ခွင့်ပြုချက်မဲ့ဝင်လာသည့် အပျော်စီးငါးမျှားလှေတစ်စင်းမှ ထိုင်းနိုင်ငံသားများအား အသွားအလာကန့်သတ် စောင့်ကြည့်လျက်ရှိ

**ကော့သောင်း နိုဝင်ဘာ ၁၅**
မြန်မာ့ရေပိုင်နက် အက်ဒမန်ပင်လယ်အတွင်းသို့ ခွင့်ပြုချက်မဲ့ ကျူးကျော်ဝင်ရောက်၍ ငါးမျှားနေသည့် ထိုင်းနိုင်ငံမှ အပျော်စီး ငါးမျှားလှေတစ်စင်းပေါ်တွင် လိုက်ပါလာသော ထိုင်းနိုင်ငံသားများအား မြန်မာ့တပ်မတော်(ရေ) ပင်လယ်ပြင်လုံခြုံရေးက ထိန်းသိမ်းကာ နိုဝင်ဘာ ၁၃ ရက်တွင် ကော့သောင်းမြို့သို့ ခေါ်ဆောင်လာပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသွားအလာကန့်သတ် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အပျော်စီး ငါးမျှားလှေမှာ ထိုင်းနိုင်ငံ ရနောင်းမြို့ရှိ Polaris Ranong ကုမ္ပဏီပိုင် Polaris One အမည်ရှိ အလျား၂၃ ဒသမ ၈၅ မီတာရှိသော သစ်သားကိုယ်ထည်လှေဖြစ်ပြီး လှေလုပ်သားများအဖြစ် ထိုင်းနိုင်ငံသား ခြောက်ဦး၊ မြန်မာနိုင်ငံသား နှစ်ဦးနှင့် အပျော်တမ်း ငါးမျှားရန် လိုက်ပါလာသူ တရုတ်နိုင်ငံသား တစ်ဦး၊ ထိုင်းနိုင်ငံသား ၁၅ ဦး၊ စုစုပေါင်း ၂၄ ဦး ပါဝင်ကြောင်း၊ နိုဝင်ဘာ ၈ ရက်တွင် မြန်မာ့ပင်လယ်ပြင်အနီး ခွင့်ပြုချက်မဲ့ ကျူးကျော်ဝင်ရောက် ငါးမျှားနေသည်ကို တွေ့ရ၍ ပင်လယ်ပြင်လုံခြုံရေး တပ်မတော်(ရေ) စစ်ရေယာဉ်က တွေ့ရှိထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိန်းသိမ်းရမိသည့် လှေနှင့် လှေပေါ်ပါသူများအား နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းတွင် ကော့သောင်းမြို့နယ် တာဝန်ရှိအဖွဲ့အစည်းများထံသို့ တပ်မတော်(ရေ)က လာရောက်လွှဲပြောင်းအပ်နှံခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး သတ်မှတ်ချက်များနှင့်အညီ ကော့သောင်းမြို့ရှိ ကွာရန်တင်းစင်တာ၌ အသွားအလာကန့်သတ် စောင့်ကြည့်ထားရှိကာ သက်ဆိုင်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



# ပုဂံ-ညောင်ဦး ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးကော်မတီ၏ အစည်းအဝေးပြုလုပ်

**ညောင်ဦး နိုဝင်ဘာ ၁၅**
ပုဂံ-ညောင်ဦး ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ပုဂံမြို့ဟောင်းရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန B.I.T.C (ဘုတ်ကျောင်း)အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ပုဂံ-ညောင်ဦးခရီးစဉ်ဒေသ စီမံခန့်ခွဲရေး ကော်မတီ(Destination Management Organization-DMO)ကို ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းနှင့် အရည်အသွေး မြင့်မားတိုးတက်စေပြီး ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် လုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ သက်ဆိုင်ရာ ခရီးစဉ်ဒေသ အသီးသီးတွင် ခရီးစဉ်သစ်များဖော်ထုတ်ရန် စသည့် လုပ်ငန်းတာဝန် ၂၁ ချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဆွေးနွေးပွဲတွင် ပုဂံ-ညောင်ဦး ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးကော်မတီ(DMO) ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်က DMO ဖွဲ့စည်းခြင်းနှင့် အဖွဲ့၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းတာဝန်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် ပုဂံ-ညောင်ဦးဒေသ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်း၊ ပုဂံ ပလတ်စတစ်ကမ်ပိန်းအဖွဲ့နှင့် အရပ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကော်မတီက လက်ရှိဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များ၊ ဒေသအတွက် အထိရောက်ဆုံး လုပ်ဆောင်ပေးနိုင်မည့် အချက်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ဖေလိန်း(ပုဂံ)**

# မော်လမြိုင်မြို့နယ်မှ ကျေးရွာ ၃၀ ၌ သောက်သုံးရေ အရည်အသွေးစမ်းသပ်စစ်ဆေးမှု ရာနှုန်းပြည့်ပြီးစီး

**မော်လမြိုင် နိုဝင်ဘာ ၁၅**
မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၃၀ မှ ကျေးလက်နေပြည်သူများ နေ့စဉ်သောက်သုံးလျက်ရှိသည့် ရေအရင်းအမြစ်၏ ရေအရည်အသွေးများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောက်တိုဘာလ တတိယအပတ်မှ စတင် စမ်းသပ်စစ်ဆေးခဲ့ရာ ယခုအခါ ရာနှုန်းပြည့် စမ်းသပ်စစ်ဆေးပြီးသွားပြီဖြစ်ကြောင်း မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်မိပကားချမ်းနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများ နေ့စဉ်သောက်သုံးနေသော ရေထွက်ပင်ရင်းများမှ ရေနမူနာကို ရယူပြီး ရေများတွင် အီးကိုလိုင် ဘက်တီးရီးယားပိုးနှင့် လူနှင့် တိရစ္ဆာန်တို့၏ အညစ်အကြေးများ ပါဝင်မှုရှိမရှိကို စစ်ဆေးပေးခြင်းဖြစ်ကြောင်း၊ သောက်သုံးရေတွင် အီးကိုလိုင် ဘက်တီးရီးယားနှင့် အညစ်အကြေးများ ပါဝင်မှုရှိနေပါက ဝမ်းပျက်ဝမ်းလျှောနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်သည့်အတွက် သောက်သုံးရန်သင့်မသင့် သိရှိနိုင်စေရန်နှင့် ရောဂါဖြစ်ပွားမှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ စစ်ဆေးပေးခြင်းဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

# ပုလဲမြို့နယ်၌ အသက် ၈၀ နှင့် ၈၅ နှစ်ကြား ဘိုးဘွားများအား ထောက်ပံ့ငွေများ ပေးအပ်

**ပုလဲ နိုဝင်ဘာ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းမှ အသက် ၈၀ နှစ်နှင့် ၈၅ နှစ်ကြား ဘိုးဘွားများအတွက် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ပေးအပ်သည့် ထောက်ပံ့ငွေများကို ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက နိုဝင်ဘာ ၁၁ ရက်မှစ၍ အိမ်တိုင်ရာရောက် လိုက်လံပေးအပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က "နိုင်ငံတော်အစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆောင်ရွက်ရာမှာ ပုလဲမြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ အသက် ၈၀ နှစ်နှင့် ၈၅ နှစ်ကြား ဘိုးဘွားများအတွက် ထောက်ပံ့တဲ့ငွေများကို နိုဝင်ဘာ ၁၁ ရက်ကစပြီး ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက် သွားရောက်ပြီး ပေးအပ်လျက်ရှိပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ်အတွင်း၌ အသက် ၈၀ နှစ်နှင့် ၈၅ နှစ်ကြား ဘိုးဘွား ၁၂၈၅ ဦးရှိပြီး ဘိုးဘွားတစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၈၅၅၀၀၀၀ ကို ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ဘိုးဘွားများထံ လက်ဝယ်အရောက် လိုက်လံပေးအပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# မြို့နယ်အသီးသီးမှ အခြေခံလူတန်းစား အိမ်ထောင်စုများအား ကိုဗစ်-၁၉ ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိ

**မိုင်းကိုင်**
ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုများရှိ အခြေခံလူတန်းစားများအား နိုင်ငံတော်အစိုးရကပေးအပ်သည့် စတုတ္ထအကြိမ် ကိုဗစ်-၁၉ ကာလ ထောက်ပံ့ငွေများကို နိုဝင်ဘာ ၁၄ ရက်မှစ၍ ပြည်သူများ လက်ဝယ်သို့အရောက် လိုက်လံပေးအပ်လျက်ရှိသည်။ မိုင်းကိုင်မြို့နယ်အတွင်း ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စု ၂၄ အုပ်စုရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၁၄၅၄ စုအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေ တစ်အိမ်ထောင်လျှင် ကျပ် နှစ်သောင်းစီကို မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ် ကာကွယ် ကုသရေး ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်နှင့် ကော်မတီဝင်များက အဖွဲ့များခွဲ၍ ကြီးကြပ်ပြီး ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြည်သူများထံ အိမ်အရောက် လိုက်လံထောက်ပံ့ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

**ကလိန်အောင်**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့မှ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်က စတုတ္ထအကြိမ် ပေးအပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလ ထောက်ပံ့ငွေများကို မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာ တာဝန်ရှိသူများက နိုဝင်ဘာ ၁၄ ရက်မှစ၍ ပေးအပ်လျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၁၄ ရက်တွင် ကလိန်အောင်မြို့ အမှတ်(၃)ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၁၄၀ ထံသို့ တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေ ကျပ်နှစ်သောင်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေ ကျပ် ၂၈ သိန်းကို ကလိန်အောင်မြို့ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာ တာဝန်ရှိသူများက အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြခြင်း ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

**လေရှီးမြို့**
ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလအတွင်း နိုင်ငံတစ်ဝန်းလုံးမှ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်အစိုးရက ထောက်ပံ့ငွေများ စတုတ္ထအကြိမ် ပေးအပ်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်းမှ အိမ်ထောင်စုပေါင်း ၂၇၈၉ စုအား တစ်အိမ်ထောင်လျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများ ပေးအပ်ပြီးစီးပြီဖြစ်ကြောင်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်မြင့်ထံမှ သိရသည်။ လေရှီးမြို့နယ်အတွင်း ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စု ၁၉ စုမှ အခြေခံလူတန်းစား အိမ်ထောင်စု ၂၇၈၉ စုအား တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေ ကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၅၅၇၈၀၀၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ဝယ်အရောက် ပေးအပ်ခဲ့ခြင်းဖြစ်သည်။ **မွေးကြူဇင်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁၅**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် အမှတ်(၅)ရပ်ကွက် ယောမင်းကြီးလမ်းရှိ ယာယီဈေး အတွင်း ဈေးရောင်းဈေးဝယ် ပြည်သူများအား နှာခေါင်းစည်း တပ်ဆင်သွားလာရန် အသိပညာပေးသည့် လှုပ်ရှားမှုကို နိုဝင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးရုံးမှ တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့များ ပူးပေါင်းပြီး ဈေးများအတွင်းရှိ ဈေးရောင်းချသူပြည်သူများနှင့် ဈေးဝယ်ပြည်သူများအနေဖြင့် တတ်နိုင်သမျှ အိမ်၌သာ နေထိုင်ကြရန်နှင့် မဖြစ်မနေ နေအိမ်ပြင်ပသို့ ထွက်ခွာရပါက နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ရန်၊ မျက်နှာအကာများ တပ်ဆင်ရန်၊ ထို့အပြင် ရောဂါကူးစက်မှု ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များအတိုင်း လိုက်နာကြရန် အသိပေးနှိုးဆော်မှုများ ပြုလုပ်ပြီးနောက် နှာခေါင်းစည်းများနှင့် မျက်နှာအကာများကို အခမဲ့ ဝေငှပေးခဲ့ကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**

# တောင်ကုတ်မြို့နယ်၌ အထူးရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

**တောင်ကုတ် နိုဝင်ဘာ ၁၅**
ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၌ ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲကြီးတွင် မဲရုံလုံခြုံရေးတာဝန် ထမ်းဆောင်ခဲ့သော အထူးရဲတပ်ဖွဲ့ဝင် ၁၈၉ ဦးအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၁၅ ရက်က တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ရဲရိပ်သာခန်းမ၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှ ပေးအပ်သော ဂုဏ်ပြုမှတ်တမ်းလွှာများကို မဲရုံလုံခြုံရေးတာဝန် ထမ်းဆောင်ပေးခဲ့ကြသည့် အထူးရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပေးအပ်ခဲ့သည်။

တောင်ကုတ်မြို့နယ်၌ ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် အထူးရဲတပ်ဖွဲ့ဝင် ၁၈၉ ဦးအနေဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့်အတူ မဲရုံလုံခြုံရေးတာဝန်နှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပေးခဲ့ကြ၍ ယခုလို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆင်းသုခ RS to CS မျိုးစေ့ထုတ်စိုက်ကွက်တွင် စံချိန်စံညွှန်းကိုက်ညီမှုရှိမရှိ ကွင်းဆင်းစစ်ဆေး

**ထားဝယ် နိုဝင်ဘာ ၁၅**

ကိုဗစ်–၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ နိုင်ငံတော်က ထောက်ပံ့ထားသော တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဇဟာကျေးရွာရှိ စပါးမျိုးစေ့ထုတ် တောင်သူ ဦးဇော်အောင်၏ ဆင်းသုခ RS to CS မျိုးစေ့ထုတ် စိုက်ကွက်တွင် မျိုးစေ့အဆင်း စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိမရှိကို တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများက နိုဝင်ဘာ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဒေါ်စန်းစန်းမြိုင်နှင့် တာဝန်ရှိသူများက မျိုးစေ့ထုတ်စိုက်ကွက်မှ စပါးများ၏ မျိုးစေ့အဆင်း စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိမရှိ၊ မျိုးကွဲပါဝင်မှု၊ ရောဂါကျအနှံပါဝင်မှု၊ ပေါင်းပါဝင်မှုတို့ကို စစ်ဆေးခဲ့ခြင်းဖြစ်ပြီး အဆိုပါ မျိုးစပါးများကို မျိုးစေ့နမူနာယူကာ တနင်္သာရီတိုင်းဒေသကြီး မျိုးစေ့ဓာတ်ခွဲခန်းတွင်လည်း စစ်ဆေးမည်ဖြစ်ကြောင်း၊ စစ်ဆေးအောင်မြင်ပါက ရန်ကုန်မြို့ရှိ အောက်မြန်မာပြည် ဓာတ်ခွဲခန်းတွင် ထပ်မံစစ်ဆေးမည်ဖြစ်ပြီး အောင်မြင်လျှင် CS စံချိန်စံညွှန်းနှင့်ကိုက်ညီကြောင်း အဝါရောင် အာမခံကတ်ပြား ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဝါရောင်ကတ်ပြားပါသော မျိုးစပါးအိတ်များကို တောင်သူချင်းဖလှယ်စေခြင်း၊ မျိုးစေ့ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သလို စိုက်ပျိုးရေးဦးစီးဌာနက မျိုးစပါး ဝယ်ယူရာတွင် CS စံချိန်မီ မျိုးစပါးများသာ ရရှိရေးနှင့် ၂၀၂၁ မိုးစပါးစိုက်ရာသီတွင် ပြန်လည်ဖြန့်ဖြူးရေးကိုလည်း တာဝန်ယူ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အောင်မြင်ပါက တောင်သူ လယ်သမားတိုင်း မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်မည်ဖြစ်ပြီး အရည်အသွေးကောင်း နိုင်ငံခြားဈေးကွက်ဝင်တန်း ရရှိကာ တောင်သူများ ဝင်ငွေတိုးတက်နိုင်မည် ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)




## ဂန့်ဂေါမြို့နယ် သမဝါယမအသင်းစုပိုင် ထွန်စက်ဖြင့် ဆောင်းသီးနှံစိုက်ခင်းများအတွက် ထွန်ယက်ပေးလျက်ရှိ

**ဂန့်ဂေါ နိုဝင်ဘာ ၁၅**

ဂန့်ဂေါမြို့နယ် သမဝါယမအသင်းစုလီမိတက်အနေဖြင့် အသင်းစုပိုင် ထွန်စက်နှစ်စီးဖြင့် ဂန့်ဂေါမြို့နယ်အတွင်းမှ ဆောင်းသီးနှံစိုက်ပျိုး မည့် စိုက်ခင်းများအတွက် ဈေးနှုန်းချိုသာစွာ အငှားလိုက် ထွန်ယက်ပေးနေကြောင်း သိရသည်။

အငှားလိုက် ထွန်ယက်ပေးရာတွင် စိုက်ပျိုးမြေတစ်ဧကအတွက် ကျပ် ၁၂၀၀၀ နှုန်းဖြင့် ထွန်ယက်ပေးနေပြီး မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ လယ်ယာဝန်ဆောင်မှု လုပ်ငန်းခွဲတစ်ခုအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း အသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးမြင့်ထွေးက ပြောကြားသည်။

နိုဝင်ဘာ ၁၃ ရက်ကလည်း ဂန့်ဂေါမြို့နယ် မြင်းဇာရွာရှိ စံချိန်သစ် လယ်/ထွေ သမဝါယမ အသင်းစုလီမိတက်မှ အသင်းသားတစ်ဦး၏ ဆောင်းသီးနှံစိုက်ပျိုးမည့် မြေခုနစ်ဧကတွင် ထွန်ယက်ပေးခဲ့ကာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြစန်း၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးမြင့်ထွေးနှင့် တာဝန်ရှိ သူများက ကြည့်ရှုအားပေးပြီး ယခုနှစ် ဆောင်းရာသီတွင် ဂန့်ဂေါမြို့နယ် အတွင်းမှ တောင်သူ ၆၉ ဦးတို့၏ မြေဧက ၆၀၀ ကျော်ကို ထွန်ယက်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

(၁၄၄)



### CLAIMS DAY NOTICE
### M.V MODERN LINK VOY:NO(088)

Consignees of cargo carried by M.V MODERN LINK VOY:NO(088) are here by notified that the vessel will arrive on about 18–11–2020 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00)AM to (11:20)AM and (12:00)NOON to (4:00)PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည် –

– ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

### ဒေါ်နှင်းယုအေးနှင့် အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၅ လမ်း၊ အမှတ် (၄၅)၊ ပထမထပ်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် ၁၃၆၊ ခ–၁၁ လမ်းနှင့် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်–သ၊ ၁၁/၇၊ ၆၃ လမ်း၊ သာယာဝတီမင်းကြီးလမ်းနှင့် ပျူစောထီးလမ်းကြားနေ ဒေါ်နှင်းယုအေး ၁၂/ပဘတ(နိုင်)၀၂၈၃၀၄ သိစေရန်မှာ–

၁။ ဒေါ်နှင်းယုအေးအနေဖြင့် HYE Environmental Technology Co.,Ltd ထံမှ လွှဲခဲ့သော ၂၁–၃–၂၀၁၉ ရက်မှစတင်၍ ၂၅–၉–၂၀၁၉ ရက်အတွင်း HYE Environmental Technology Co.,Ltd ၏ အခွန်ထမ်းဆောင်ခြင်းလုပ်ငန်းနှင့်ပတ်သက်သောကိစ္စအရပ်ရပ်အတွက် တာဝန်ယူလုပ်ဆောင်ပေးမည်ဟု ကတိပြု၍ စုစုပေါင်းငွေကျပ် (၃၅၁၂၅၀၀၀/–)တိတိအား လက်ခံရယူခဲ့ပါသည်။ ထိုသို့ငွေလက်ခံရယူရာတွင်လည်း ဒေါ်နှင်းယုအေး၏ ဘဏ်စာရင်းအကောင့်သို့လည်းကောင်း ဒေါ်နှင်းယုအေး၏မိခင် ဒေါ်ဝင်းငယ်၏ဘဏ်စာရင်းအကောင့်သို့လည်းကောင်း ငါးကြိမ်တိတိလွှဲပေးခဲ့ရပါသည်။

၂။ သို့သော် ဒေါ်နှင်းယုအေးအနေဖြင့် HYE Environmental Technology Co.,Ltd ၏ အခွန်ဦးစီးဌာနသို့ ပေးသွင်းရမည့် အခွန်ငွေများအား ပေးသွင်းခြင်းမပြုခဲ့သည့်အတွက် HYE Environmental Technology Co.,Ltd မှ ဒဏ်ကြေးများဖြင့် အခွန်ဦးစီးဌာနသို့ ပေးသွင်းရန်ရှိသည့် အခွန်ငွေများအား ကိုယ်တိုင်ကိုယ်ကျပေးသွင်းခဲ့ရပါသည်။ ထို့အပြင် အခွန်ဆောင်ရမည့် ငွေကြေးများအား အခွန်ဦးစီးဌာနသို့ အချိန်မီ ပေးသွင်းရန် ဒေါ်နှင်းယုအေးမှ ပျက်ကွက်ခဲ့သည့်အတွက် HYE Environmental Technology Co.,Ltd မှ အခွန်ထမ်းဆောင်မှုပြသနိုင်ခြင်းမရှိသည့်အပေါ် တင်ဒါပြိုင်ဆိုင်ခြင်းလုပ်ငန်းစဉ်များနှင့် အစိုးရဌာနဆိုင်ရာများသို့ ဒဏ်ကြေးပေးသွင်းရသည့် လုပ်ငန်းစဉ်များတွင် ငွေကြေးထိခိုက်ဆုံးရှုံးနစ်နာမှုများစွာ ပေါ်ပေါက်ခဲ့ရပါသည်။

၃။ ထိုသို့ HYE Environmental Technology Co.,Ltd ၏ အခွန်ထမ်းဆောင်ရမည့် လုပ်ငန်းစဉ်များအတွက် ကျသင့်ငွေကျပ်(၃၅၁၂၅၀၀၀/–) တိတိအား ဒေါ်နှင်းယုအေးမှ လက်ခံရယူပြီးနောက် အခွန်ဆောင်ခြင်းလုပ်ငန်းစဉ်များအား ဆောင်ရွက်ခြင်းမပြုသည့်အတွက် HYE Environmental Technology Co.,Ltd အနေဖြင့် ဒေါ်နှင်းယုအေးအား ပျက်ကွက်မှုအပေါ် ဖြေရှင်းပေးပါရန် တောင်းဆိုခဲ့သော်လည်း ဒေါ်နှင်းယုအေးမှ အကြောင်းအမျိုးမျိုးပြ ရှောင်းတိမ်းနေသည့်အတွက် HYE Environmental Technology Co.,Ltd သည် များစွာနစ်နာဆုံးရှုံးလျက်ရှိပါသည်။

၄။ သို့ပါ၍ ဒေါ်နှင်းယုအေးမှ HYE Environmental Technology Co.,Ltd ၏ အခွန်ထမ်းဆောင်ခြင်းနှင့် ပတ်သက်သောလုပ်ငန်းကိစ္စအဝဝအား လုပ်ဆောင်ပေးရန် ငွေလက်ခံရယူခဲ့သော်လည်း အခွန်ငွေများအား ပေးသွင်းခြင်းမပြုဘဲ ပျက်ကွက်ခဲ့သည့်အတွက် နစ်နာဆုံးရှုံးခဲ့ရသည့်အပေါ် ပြန်လည်ပေးဆပ်ရန်ရှိသော အခွန်ထမ်းငွေများနှင့် နစ်နာကြေးများအား HYE Environmental Technology Co.,Ltd ထံသို့ လာရောက်ပေးဆပ်ခြင်းပြုလုပ်ပါရန်နှင့် အကယ်၍ ပေးဆပ်ရန် ပျက်ကွက်ခဲ့သည်ရှိသော် ဒေါ်နှင်းယုအေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နှင်းယုအေးနှင့် အများသိစေရန် ကြေညာလိုက်သည်။

**HYE Environmental Technology Co.,Ltd မှ မန်နေဂျာ ဦးလင်းလင်းဟိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲမာန်မြတ်ဆွေ (ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၁၅၆)**
**၂/၂၇၀၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၂)ရပ်ကွက်၊ နမ့်စန်မြို့ (ရှမ်း/တောင်)**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန၊ နေပြည်တော်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားဆေးသုတ်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံများ ရောင်းချမည့်ရက် | – | ၁၈–၁၁–၂၀၂၀ ရက်မှ ၁–၁၂–၂၀၂၀ ရက် အထိ (ရုံးချိန်အတွင်း) |
| ၃။ | နည်းပညာတင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | – | ၁၅–၁၂–၂၀၂၀ ရက် ၁၆:၀၀ နာရီ |
| ၄။ | နည်းပညာတင်ဒါအောင်မြင်သည့် ကုမ္ပဏီအား ကြော်ငြာသည့်ရက် | – | ၂၂–၁၂–၂၀၂၀ ရက် |
| ၅။ | Price Submission နောက်ဆုံး တင်သွင်းရမည့်ရက် | – | ၂၉–၁၂–၂၀၂၀ ရက် (၁၆:၀၀)နာရီ |
| ၆။ | တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် | – | ၃၀–၁၂–၂၀၂၀ ရက် |
| ၇။ | တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | – | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန ရုံးအမှတ်(၁၁)၊ နေပြည်တော် |

၈။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားပြုပြင်ထိန်းသိမ်းရေးဌာနခွဲ၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်၊ ဖုန်း–၀၆၇–၃၄၀၇၇၄၇ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မှတ်ချက်။ တင်ဒါပုံစံဝယ်ယူခြင်းကို COVID–19 ကာလအတွင်း ဖြစ်ပါ၍ Online စနစ်ဖြင့် Mail Address: bridgemaintenane 2019 @ gmail.com သို့ ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံကြေးအား မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်ရှိ တံတားဦးစီးဌာန၏ MD–012939 သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန**
**ဖုန်း–၀၆၇–၃၄၀၇၇၄၇**

### ကန့်ကွက်နိုင်ပါသည်

ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၃၁)၊ ပထမထပ်(B)၊ တိုက်ခန်းကို ပိုင်ရှင်ဒေါ်လှလှဝင်း ၁၂/ကမရ(နိုင်)၀၅၁၃၂၈ ထံမှ ဒေါ်ခင်ဝင်းကြည် ၅/မရန(နိုင်)၀၁၂၉၉၉ က ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်းအစုံအလင်ဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ခင်ဝင်းကြည်**
**၅/မရန(နိုင်)၀၁၂၉၉၉**
**၅၃(စီ)၊ အောင်လှရိပ်သာလမ်းသွယ်၊**
**အင်းစိန်လမ်း၊ (၁)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၅၁၇၁၃၅၂**

**သွေးသည်အသက်**



# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့(ဥက္ကဋ္ဌ)

## " ပန်းတင့်ရတနာစံကျောင်း " ကျောင်းအမကြီး

## သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်တင့်(မိုးကုတ်)

## အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ၂၉ လမ်း၊ အမှတ် (၅၁)နေ (ဗိုလ်မှူးပန်းကြိုင်)၏ဇနီး ရန်ကုန်မြို့ ရွှေမင်းဝံသာသနာ့ရိပ်သာ ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့ ဥက္ကဋ္ဌ ရွှေမင်းဝံသာသနာ့ရိပ်သာ(ရန်ကုန်) ပန်းတင့်ရတနာစံကျောင်းတော်ကြီး သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး) ဆွမ်းစားကျောင်းတော်ကြီး၊ ဣစ္ဆာသယစံကျောင်းတော်(အင်းတကော်)တို့၏ ကျောင်းဒါယိကာမကြီး၊ ဦးမိုးပိုင်စိုး-ဒေါ်ဖွန့်မေအောင်တို့၏အဘွား ကျောင်းဒါယိကာမကြီး **သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်တင့်** သည် ၁၄-၁၁-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁၂:၀၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့နှင့်ပုညသီရွှေမင်းဝံသာသနာ့ရိပ်သာ**
**အမျိုးသမီးဝေယျာဝစ္စအဖွဲ့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မောင်လတ်**
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာနိုင်ငံစိမ်ကိန်းရေးဆွဲရေးဦးစီးဌာန**
**အသက် (၆၇) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်-၃၅၀-(ပ)ထပ်နေ၊ ဒေါ်ညိုညိုဝင်း၏ ခင်ပွန်းဖြစ်သူ ဦးခင်မောင်လတ် သည် (၁၄. ၁၁. ၂၀၂၀)နေ့ (၁၁း၀၀)နာရီ အချိန်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးဒေါက်တာလှမောင်(ငြိမ်း) မိသားစု နှင့်**
**မြန်မာနိုင်ငံစိမ်ကိန်းရေးဆွဲရေးဦးစီးဌာန**
**ဝန်ထမ်းဟောင်းများအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မြင့်သိန်း**
**အသက် (၆၉)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးသန့်ထွန်း-ဒေါ်ကြူကြူလင်းတို့၏မိခင် ဒေါ်ခင်မြင့်သိန်းသည် ၁၄-၁၁-၂၀၂၀ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**စစ်ကိုင်းတိုင်းဒေသကြီး**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်(ကသဲကုန်း)**
**အသက် (၈၇) နှစ်**

Kol Global Co., Ltd. မှ MD ဦးတင်မောင်နိုင် - ဒေါ်ပိုက်ပိုက်တို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ၁၅-၁၁-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Kol Global Co., Ltd.**
**ဝန်ထမ်းမိသားစုများ**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီး ခင်မောင်လင်း(ငြိမ်း) (O.T.S-58)**
**အထွေထွေမန်နေဂျာ**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

မကွေးမြို့နေ (ဦးသိန်းမောင်)၊ (ဒေါ်အုန်းမြင့်)တို့သား ဒေါ်အိအိလွင်၏ ခင်ပွန်း၊ မောင်ပြည့်ဖြိုး၊ မပြည့်မိုမိုတို့၏ဖခင် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း အထွေထွေမန်နေဂျာ၊ ဗိုလ်မှူးကြီးခင်မောင်လင်း(ငြိမ်း) (O.T.S-58) သည် ၁၄-၁၁-၂၀၂၀ ရက် (စနေနေ့)ည ၇ : ၄၀ နာရီတွင် နေပြည်တော်၌ ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းဌေး-ဒေါ်ခင်စန်းမြင့်**
**အတွင်းရေးမှူး(ငြိမ်း)**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး**
**ဒေါ်ခင်မိမိ (ပြင်ဦးလွင်)**
**အသက် (၉၄)နှစ်**

မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးသန့်ဇင်လင်း၊ ဦးသန့်ဇော်-ဒေါက်တာဆွေဆွေရည်(မျက်စိအထူးကုဆရာဝန်ကြီး)တို့၏ မိခင်ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်းဒါယိကာမကြီး ဒေါ်ခင်မိမိ(ပြင်ဦးလွင်) အသက် (၉၄) နှစ်သည် ၉-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း(မျက်စိရောဂါပညာအဖွဲ့)**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးလှ**
**ကုန်သွယ်လယ်ယာမန်နေဂျာ(ငြိမ်း)**
**စစ်တွေမြို့**
**အသက် (၈၄)နှစ်**

ဒေါက်တာတင်တင်ဝင်း(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး) စစ်တွေပြည်သူ့ဆေးရုံကြီး၏ဖခင် ဦးစိုးလှသည် ၉-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**သားဖွားမီးယပ်ပညာအဖွဲ့**

---

### သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ် ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလင်းမြင့်လှိုင်(ကိုလင်း)**
**(Ex : သစ်တော)**
**အသက် (၆၃) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၅) ရပ်ကွက်၊ လောပိတလမ်း၊ အမှတ် (၉၆) နေ ဦးလင်းမြင့်လှိုင်(ကိုလင်း)သည် ၁၄-၁၁-၂၀၂၀ရက် (စနေနေ့)တွင် SSC ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**ရန်ကုန်တိုင်းဒေသကြီး**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးခင်မောင်လင်း(ငြိမ်း)(OTS-58)**
**အထွေထွေမန်နေဂျာ**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**
**အသက် (၆၅) နှစ်**

မကွေးမြို့နေ (ဦးသိန်းမာင် - ဒေါ်အုန်းမြင့်)တို့၏ သား၊ ဒေါ်အိအိလွင်၏ခင်ပွန်း၊ မောင်ပြည့်ဖြိုး၊ မပြည့်မိုမိုတို့၏ဖခင် ဗိုလ်မှူးကြီးခင်မောင်လင်း(ငြိမ်း) (OTS-58)သည် ၁၄-၁၁-၂၀၂၀ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်း အမှတ်စဉ်(၅၈) သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိ မိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးလင်းမြင့်လှိုင် (ကိုလင်း) (Ex : သစ်တော)**
**အသက် (၆၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ် (၉၆)နေ ဦးလင်းမြင့်လှိုင်(ကိုလင်း)သည် ၁၄-၁၁-၂၀၂၀ရက် (စနေနေ့)တွင် SSC ဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၅)၊ ဆည်မြောင်းနှင့်ရေသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**နေပြည်တော်**

---

**သင့် စီး ပွား ရေး လုပ် ငန်း များ အောင် မြင် ဖို့ မြန် မာ့ အ လင်း သ တင်း စာ တွင် ကြော် ငြာ စို့**

## ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးမြတ်မင်း(ခ)ဦးခင်မောင်လေး(ပခုက္ကူ)
## ပြည်တွင်းအခွန်ဦးစီးဌာနမှူး(ငြိမ်း)
## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ပင်လုံလမ်းနေ (ဦးစိုးခွင့်-ဒေါ်မြဦး)တို့၏သား၊ (ဦးဘတင်- ဒေါ်မိမိကြီး)တို့၏ သားသမက်၊ (ဒေါ်ခင်မမ)၏ခင်ပွန်း၊ ကလေးမြို့နေ ဒေါ်ခင်စော၊ (ဦးခင်မောင်ကြီး)တို့၏ညီ/မောင်၊ (ဦးအောင်ကျော်ဇံ (ခ)ဦးခင်မောင်လှ)၊ (ဗိုလ်မှူးကြီး ခင်အောင်ဗလ)၊ ဒေါ်ခင်မေဝင်းတို့၏အစ်ကို၊ ဒေါ်ခင်စန္ဒာဦး၊ ဦးနေမျိုး-ဒေါ်ခင်သန်းဦး၊ ဦးနေစိုး(ခ)ဦးဇော်ဝင်းလှိုင်၊ ဒေါ်ခင်သူဇာတို့၏ ချစ်လှစွာသောဖခင်၊ ကိုရန်နိုင်-မယမင်းသီရိ၊ မဣန္ဒြေအောင်တို့၏အဘိုးသည် ၁၂-၁၁-၂၀၂၀ရက် ည ၉:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၂၀ရက် နံနက် ၁၀:၄၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်းဒါယိကာမကြီး
# ဒေါ်ခင်စန်း(မြောင်းမြ)
## အသက်(၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ (၅)ရပ်ကွက်၊ မြိုင်မာလာ(၃)လမ်း၊ အမှတ်(၈၆)နေ (ဦးမောင်တင်-ဒေါ်တင်) တို့၏သမီး၊ (ဦးဘဝင်း-ဒေါ်အုန်းမြင့်) တို့၏သမီးချွေးမ၊ (ဦးထွန်းကြည်)(ရဲမှူး၊ ရဲတပ်ဖွဲ့)၏ဇနီး၊ ဒုဗိုလ်မှူးကြီး တင်ဝင်း(ငြိမ်း)(ညွှန်ကြားရေးမှူး-ငြိမ်း)(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး)-ဒေါ်ခင်ဝင်းငွေ(အထပြ-ငြိမ်း)၊ ဦးရဲလွင်-ဒေါ်ခင်နွဲ့ကြည်(အထပြ-ငြိမ်း၊ မော်လမြိုင်ကျွန်း)၊ ဦးမြင့်အောင်-ဒေါ်ခင်သန်းဝင်း(အလပြ-ငြိမ်း၊ မော်လမြိုင်ကျွန်း), ဦးသန်းဆွေ(မြို့နယ်ဦးစီးမှူး၊ အိမ်မဲမြို့နယ် လယ်စီ/အင်း)-ဒေါ်ခင်မာစန်း(ဒုညွှန်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ (ဦးစိုးသန်း-ဒေါ်ခင်လှယဉ်ကျေး)၊ (ဦးသိန်းဝင်း)၊ (ဦးမျိုးဝင်း)၊ ဦးတိုး တိုးဝင်း(မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရွှေကူမြို့နယ်ထွေ/အုပ်)-ဒေါ်ယဉ်ယဉ်မာ(လ/ထညွှန်မှူး၊ ဗန်းမော်ခရိုင်ထွေ/အုပ်)၊ ဦးသီဟကျော်-ဒေါ် ခင်ဝင်းလင်းထွန်း(အလပြ၊ တဇင်ကုန်းကြီး၊ မူလွန်)တို့၏ မိခင်၊ မြေး ၁၄ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၁၄-၁၁-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁:၃၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မြို့မသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးမောင်မောင်(Stanley Aye)
## အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးတင်အေး-ဒေါ်လှခင်)(ရွှေကျင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးကိုကို-ဒေါ်မိမိကြီး)(သထုံ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရတနာအင်းလျားကွန်ဒို၊ အခန်းအမှတ်(၁၀၂)နေ ဒေါ်ဦးခင်(Minnie)၏ ခင်ပွန်း၊ ဒေါ်သက်သက်ခိုင်၊ ဦးကျော်မျိုးဇော်-ဒေါ်ခင်ဆွေသက်တို့၏ဖခင်၊ မဆုပြည့်နန္ဒီ၏ အဘိုးသည် ၁၅-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၂:၁၄နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်ခင်စိန်
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သိဒ္ဓတ်(၁၁)လမ်း(ခ)လမ်းနေ (ဦးအောင်တေ-ဒေါ်သန်းမေ) တို့၏သမီး၊ (ဦးပျော့)(ကုန်းလမ်းပို့ဆောင်ရေး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးတင်စိုး)-ဒေါ်မြင့်မြင့်ကြူ၊ ဦးဇော်ဝင်း-ဒေါ်နွယ်နွယ်ဝင်း၊ ဒေါ်ကြည်ကြည်မြ၊ ဦးသိန်းလွင်(ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်း)-ဒေါ်ခိုင်ခိုင်ထွန်း၊ (ဒေါ်စန်းစန်းဝင်း)(မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်-ငြိမ်း)တို့၏ချစ်လှစွာသောမိခင်၊ မြေး၄ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၄-၁၁-၂၀၂၀ရက် (စနေနေ့) ညနေ ၅:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်ခင်(ကသဲကုန်း)
## အသက်(၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကသဲကုန်းကျေးရွာနေ (ဦးထွန်းတင်-ဒေါ်ငွေစိန်)တို့၏သမီး၊ ဦးနိုင်ဦးခင်(ကိုမောင်နိုင် မြက်ရိတ်စက်ပြုပြင်ရောင်းဝယ်ရေး)-ဒေါ်သန်းသန်းအေး၊ ဦးတင်မောင်နိုင်(MD-KOL Global Co.,Ltd)-ဒေါ်ပိုက်ပိုက်၊ (ဦးမျိုးအောင်ကျော်)၊ မဥမ္မာအောင်တို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ငွေကြွယ်(က)ရပ်ကွက်၊ သုဒဿနလမ်း၊ အမှတ်-၉၊ (မြေညီထပ်)နေ (ဦးပါ)၏ဇနီးသည် ၁၅-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၆:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၂၀ရက်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၂၀ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်စိုးစိုးအောင်
## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ထန်းတပင်အနောက်ပိုင်းလမ်း၊ အမှတ်(၂၇)နေ (ဦးအောင်ကြီး-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးမြသွင်)(မြန်မာ့သစ်လုပ်ငန်း)၏ဇနီး၊ ဦးဘသွင်-(ဒေါ်ခင်စန်းရီ)၊ ဦးခင်မောင်ကို-ဒေါ်လှမြတ်လေး၊ ဦးစိန်လှိုင်-ဒေါ်သန်းလှတို့၏ ညီမ၊ ဦးအေးထွန်း-ဒေါ်တိုးတိုးအောင်၊ ဦးခင်မောင်ချို-ဒေါ်ဆွေဆွေမြင့်၊ ဦးကိုကိုကြီး-(ဒေါ်မီမီအောင်)၊ ဦးခင်မောင်ဘို-ဒေါ်သက်သက်မူ၊ (ဦးငွေဝင်း)-ဒေါ်သန်းသန်းငွေတို့၏အစ်မ၊ ဦးဝင်းမောင်-ဒေါ်မာလာသွင်၊ ဦးဇော်မွန်-(ဒေါ်စန္ဒာသွင်)၊ ဒေါ်သူဇာသွင်(မြန်မာ့ဆင်သုတေသနစီမံကိန်း)၊ ဦးရဲမျိုးသွင်၊ ဦးစိန်သောင်း-ဒေါ်ဥမ္မာသွင်(TMW Enterprise Ltd)တို့၏မိခင်၊ မောင်မင်းခန့်ဝင်း၊ မဆုမြတ်ဇော်မွန်၊ မောင်အောင်ခန့်၊ မယမုံဖူးတို့၏ အဘွားသည် ၁၄-၁၁-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၂၀ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
# ဦးလင်းမြင့်လှိုင်(ကိုလင်း)
## (Ex သစ်တော)(Panasonic-Director အဖွဲ့ဝင်)
## အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ်(၇၉၆)နေ ဦးကျော်မြင့်လှိုင်(ညွှန်ချုပ်-ငြိမ်း၊ ဆည်/ရေ)၏အစ်ကို ဦးလင်းမြင့်လှိုင်(ကိုလင်း)သည် ၁၄-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးသိန်းခိုင်
## အမှုဆောင် ဒုတိယဥက္ကဋ္ဌ(၂)(Shwe Bank)
## အသက်(၈၆)နှစ်

ပခုက္ကူခရိုင်၊ ထီးလင်းမြို့နေ (ဦးစိုးခိုင်-ဒေါ်ဖွားလှိုင်)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးသွယ်-ဒေါ်သန်းတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာ(၃)လမ်း၊ မြို့သစ်(က+ခ)၊ အမှတ်(၉၃)နေ ဒေါ်ခင်ခင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးညီညီအောင်-ဒေါ်ခင်နီလာခိုင်(UAB Bank)၊ ဗိုလ်မှူးစိုးဝင်းခိုင်-ဒေါ်အေးအေးဝင်း၊ ဦးမောင်မောင်ရဲဝင်းခိုင်(Shwe Bank)-ဒေါ်နွယ်နီချိုတို့၏ဖခင်၊ မခိုင်ခိုင်ဟိန်း၊ မကေခိုင်ဦး၊ မစန္ဒီဝင်းခိုင်၊ မောင်မောင်ကျော်ဝဏ္ဏခိုင်၊ မောင်မောင်အောင်တေဇခိုင်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၄-၁၁-၂၀၂၀ရက်(စနေနေ့) နံနက် ၁၀:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ ရွှေပြား ဒါယကာကြီး
# သုဓမ္မမဏိဇောတဓရ ဦးဝင်း(တွံတေး)
## အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်နေ (ဦးနတ်မုတ်-ဒေါ်တင်)တို့၏ သား၊ (ဦးတာတေ-ဒေါ်ရွှေမြိုင်)တို့၏သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ်(၆၈/၇၀)နေ ဒေါ်သိန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ချိုမာဝင်း၊ ဦးဝါဆို-ဒေါ်မိုးသီတာဝင်း၊ ဦးစောလှဝင်းရွှေ-ဒေါ်အေးမြင့်ခိုင်၊ ဦးနိုင်ဝင်း-ဒေါ်ဝါဝါဝင်း၊ ဦးသိန်းသန်းဝင်း-ဒေါ်နီလာဝင်း၊ ဦးမြင့်နိုင်-ဒေါ်လွဲ့လွဲ့ဝင်း၊ ဦးသိန်းထိုက်ဝင်း-ဒေါ်စိုးယုစံ၊ ဦးအောင်ကိုဝင်း-ဒေါ်အိအိဖြိုး၊ ဦးဇော်ဇော်အောင်-ဒေါ်ပပဝင်း၊ ကိုဇေယျာဝင်း (ခ)နေမင်းခ၊ မမေသူဝင်း၊ မမြသရဖူဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၂၂ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၃-၁၁-၂၀၂၀ရက် (သောကြာနေ့) ည ၁၁:၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း
# ဦးအေးထွန်း(ခ)အာလောမ်ရှား
## (B.Sc,Math),Rich Farm Co.,Ltd
## YWAR THAR GYI COLD STORE
## အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ ၁၀၁လမ်း၊ အမှတ်(၆၇၊ ဒုတိယထပ်)နေ ဒေါ်အေးအေးထွန်း၏ ခင်ပွန်း၊ (ဦးလှထွန်းအောင်-ဒေါ်စောခင်)တို့၏သား၊ (ဟာဂျီ ဦးသာထွန်းအောင်-ဟာဂျီမ ဒေါ်လှလှအေး)တို့၏သားသမက်၊ မနေခြည်အေးထွန်း(B.Sc,Physics)၊ မဇာခြည်အေးထွန်း(Third year English)တို့၏ ချစ်လှစွာသောဖခင်သည် ၁၂-၁၁-၂၀၂၀ရက် နံနက် ၁၁ နာရီတွင် နေအိမ်၌ နှလုံးရောဂါဖြင့် အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးကဗရ်စတန်၌ ဒါဖရ်နာပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

သစ်တော နှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက် ကိုစိုး

**အနိစ္စ**

# ဦးခင်မောင်လင်း
## အထွေထွေမန်နေဂျာ
## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
## အသက်(၆၅)နှစ်

နေပြည်တော်၊ အဆင့်မြင့်ဈေး၊ အမှတ်(၁၂၈)နေ ဦးခင်မောင်လင်း(ဗိုလ်မှူးကြီး-ငြိမ်း)သည် ၁၄-၁၁-၂၀၂၀ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဗိုလ်မှူးကြီးခင်မောင်လင်း(ငြိမ်း)
## (O.T.S-58)
## အထွေထွေမန်နေဂျာ
## မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း
## အသက်(၆၅)နှစ်

မကွေးမြို့နေ (ဦးသိန်းမောင်-ဒေါ်အုန်းမြင့်)တို့၏ သား၊ ဒေါ်အိအိလွင်၏ခင်ပွန်း၊ မောင်ပြည့်ဖြိုး၊ မပြည့်မို့မို့တို့၏ ဖခင် ဗိုလ်မှူးကြီးခင်မောင်လင်း(ငြိမ်း)သည် ၁၄-၁၁-၂၀၂၀ရက် ည ၇:၄၀နာရီတွင် နေပြည်တော်၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၂၀ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်၊ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**


## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန် ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ် ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ် တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်း များတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ရလဒ်များ ထုတ်ပြန်ပြီးစီးကြောင်း အသိပေးကြေညာခြင်း

(၁၅-၁၁-၂၀၂၀)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ကျင်းပပြုလုပ်ခဲ့သည့် လွှတ်တော်အလိုက် မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၁၅ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၁ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၁၂ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်၊ စုစုပေါင်း မဲဆန္ဒနယ် ၁၁၁၇ နယ် ဖြစ်ပါသည်။

၂။ လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ကြေညာပေးခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ၉-၁၁-၂၀၂၀ ရက်နေ့မှ ၁၅-၁၁-၂၀၂၀ ရက်နေ့အထိ ထပ်ဆင့်ထုတ်ပြန်ကြေညာပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အလိုက် နိုင်ငံရေးပါတီ ကိုယ်စားပြု/တစ်သီးပုဂ္ဂလ ကိုယ်စားပြု ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ပါတီ / တစ်သီးပုဂ္ဂလ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | တိုင်းရင်းသားလူမျိုး | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂၅၈ | ၁၃၈ | ၅၀၁ | ၂၃ | ၉၂၀ |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၆ | ၇ | ၃၈ | - | ၇၁ |
| ၃ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃ | ၂ | ၂၇ | - | ၄၂ |
| ၄ | ရခိုင်အမျိုးသားပါတီ | ၄ | ၄ | ၇ | - | ၁၅ |
| ၅ | တအာင်း(ပလောင်)အမျိုးသားပါတီ | ၃ | ၂ | ၇ | - | ၁၂ |
| ၆ | မွန်ညီညွတ်ရေးပါတီ | ၂ | ၃ | ၆ | ၁ | ၁၂ |

စာမျက်နှာ ၅ ကော်လံ ၁ ❖

## ဒဏ်ရာရ ကစားသမားများ၏ နေရာကို အစားထိုးရန် ဆီမီဒိုကို ကမ်းလှမ်းရန် လီဗာပူးအသင်း ပြင်ဆင်

ပရီမီယာလိဂ်ချန်ပီယံလီဗာပူးအသင်းသည် အိုလံပီယာကော့စ် ခံစစ်ကစားသမားတစ်ဦးဖြစ်သူ ရူဘင် ဆီမီဒိုကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပေါင် ၁၈ သန်းဖြင့် ကမ်းလှမ်းသွားရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ နည်းပြ ဂျာဂျင်ကလော့ပ်၏ လီဗာပူးအသင်းသည် ခံစစ်ပိုင်းတွင် ဗန်ဒိုက်နှင့် ဂိုမက်ဇ်တို့ ဒဏ်ရာအသီးသီးရရှိနေပြီး ကာလရှည် အနားယူရဖွယ်ရှိနေသည့်အတွက် ခံစစ်ပိုင်းကို အင်အားဖြည့်တင်းရန် လုပ်ဆောင်လိုခြင်း ဖြစ်သည်။

အသက် ၂၃ နှစ်အရွယ်ရှိ ဂိုမက်ဇ်သည် အင်္ဂလန်အသင်းနှင့် အိုင်ယာလန်အသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲမကစားမီ လေ့ကျင့်ခန်းပြုလုပ်စဉ် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဗန်ဒိုက်သည်လည်း အောက်တိုဘာ ၁၇ ရက်က အဲဗာတန်အသင်းနှင့် လီဗာပူးအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သောပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီး ခွဲစိတ်ကုသမှု ခံယူထားရသူဖြစ်သည်။ ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် အဆိုပါကစားသမားများ၏ နေရာကို အချိန်မီ အစားထိုးနိုင်ရန်အတွက် အိုလံပီယာကော့စ် ခံစစ်ကစားသမား ရူဘင်ဆီမီဒိုကို ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းလည်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၅ ✪






## ဝေါလေမြိုင်မြို့ရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စု ၁၁၀၀ ကျော်အတွက် ထောက်ပံ့ငွေပေးအပ်

ဝေါလေမြိုင် နိုဝင်ဘာ ၁၅

ကရင်ပြည်နယ် မြဝတီခရိုင် ဝေါလေမြိုင်မြို့ လေ့ခေါ်ကျေးရွာအုပ်စုတွင် ကိုဗစ်-၁၉ ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရက စတုတ္ထအကြိမ် ထောက်ပံ့သည့် ထောက်ပံ့ငွေများကို ယနေ့နံနက်ပိုင်းက သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

ထိုသို့ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ဝေါလေမြိုင်မြို့ အုပ်ချုပ်ရေးမှူး ဦးကောင်းရီနှင့် သက်ဆိုင်ရာ ကျေးရွာအုပ်စုစာရေးတို့က လေ့ခေါ်ကျေးရွာအုပ်စု လေ့ခေါ်ကျေးရွာရှိ အိမ်ထောင်စု ၉၂ စုနှင့် အူးဟူးထကျေးရွာရှိ အိမ်ထောင်စု ၁၁၂ စု၊ စုစုပေါင်း အိမ်ထောင်စု ၂၀၄ စုအား အိမ်ထောင်စုတစ်စုလျှင်

စာမျက်နှာ ၇ ကော်လံ ၅ ❁

## ဩစတြီးယားနိုင်ငံတွင် ဒုတိယအကြိမ်မြောက် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုကို နိုဝင်ဘာ ၁၇ ရက်တွင် စတင်မည်

နိုင်ငံတကာရေးရာ | စာ ➤ ၁၃